# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၀)၊ အမှတ် (၀၇၁)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

## နိုင်ငံတော်အစိုးရအနေဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် လူ့အသိုက်အဝန်းတစ်ရပ် ဖြစ်ထွန်းလာစေရေးအတွက် သက်ဆိုင်ရာ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံမှ
(၇၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ်
အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

ယနေ့သည် (၇၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခါသမယဖြစ်ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ထုတ်ပြန်ကြေညာခဲ့သည့် ဒီဇင်ဘာလ ၁၀ ရက်နေ့ကို ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ဟု ဂုဏ်ပြုသတ်မှတ်ပြီး အခမ်းအနားများကို ကမ္ဘာနှင့်တစ်ဝန်း နှစ်စဉ်ကျင်းပလျက် ရှိပါသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မိမိတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည်လည်း လူ့အခွင့်အရေးကို အလေးထားသည့် အားလျော်စွာ

*စာမျက်နှာ ၄ ကော်လံ ၁* ❊





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၉)ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်) (Ayeyawady–Chao Phraya–Mekong Economic Cooperation Strategy–ACMECS) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့်

## (၉)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်)ထိပ်သီးအစည်းအဝေးနှင့် (၁၀)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်မိန့်ခွန်းပြောကြား

### မြန်မာနိုင်ငံက လာအိုနိုင်ငံထံမှ စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု ဥက္ကဋ္ဌတာဝန် လွှဲပြောင်းရယူ

နေပြည်တော် ဒီဇင်ဘာ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့ နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၉)ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်) (Ayeyawady–Chao Phraya–Mekong Economic Cooperation Strategy–ACMECS) ထိပ်သီးအစည်းအဝေးနှင့် (၁၀) ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) (Cambodia–Laos–Myanmar–Viet Nam Cooperation–CLMV) ထိပ်သီးအစည်းအဝေးများသို့ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်မှ ပါဝင်တက်ရောက်ခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❒




မြန်မာ့အလင်း

# ပြည်သူကို ကာကွယ်ပေးနေသည့် စည်းမျဉ်းဥပဒေများ

နာမည်ကျော် အဆိုတော်ကြီးတစ်ဦးက မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်ထက်က ဖျော်ဖြေပွဲတစ်ခုတွင် ကိုဗစ်နှင့် ပတ်သက်သည့် အခြေခံကာကွယ်ရေးတို့ကို ရှင်းပြရင်း အမှိုက်များကို မီးမရှို့ဖို့ကို ထည့်သွင်းပြောဆိုသွားခဲ့သည်။ အများပြည်သူနေထိုင်ရာ ရပ်ကွက်များတွင် အမှိုက်မီးရှို့ကြခြင်းဖြင့် လေကောင်းလေသန့်မရ၊ မီးခိုးငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ကိုရှူရ စသည့် အန္တရာယ်တို့ကား ဆိုးရွားလှပါသည်။ ယခုလို ကိုဗစ်ရောဂါနှင့် ရင်ဆိုင်နေရသည့်အချိန်က ပိုမိုဆိုးရွား ဒုက္ခဖြစ်စေသည်ကို နားလည်ကြဖို့လိုပါသည်။ ကိုဗစ်-၁၉ ရောဂါ၏ အဓိကအကျဆုံးသော ပြဿနာမှာ ဗိုင်းရပ်စ်ရောဂါပိုးက အသက်ရှူလမ်းကြောင်းတစ်လျှောက်ကို အန္တရာယ်ပေးခြင်း ဖြစ်ပါသည်။

ကိုဗစ်ရောဂါပိုးကူးစက်ပြီးသည့်နောက် ပိုး၏ တိုက်ခိုက်ခြင်းခံရသည့်အခါ အပြင်းထန်ဆုံးဝေဒနာမှာ ခန္ဓာကိုယ်တွင်း အောက်ဆီဂျင် နည်းပါးလာခြင်းဖြစ်သည်။ ကိုယ်တွင်း၌ အောက်ဆီဂျင်မြင့်မားရေးအတွက် အောက်ဆီဂျင် ဖြည့်ဆည်းပေးခြင်းဖြင့် လည်းကောင်း၊ အကူအသက်ရှူစက်ဖြင့်သော်လည်းကောင်း လူနာအသက်ရှူမှု ပုံမှန်ပြန်လည်ဖြစ်လာရေးကို ကုသရသည်။

ထို့ကြောင့် ကိုဗစ်ရောဂါကာလတွင် လူတို့၏ လေကောင်းလေသန့် ရှူရှိုက်နိုင်ရေး၊ ခန္ဓာကိုယ်တွင်း၌ အောက်ဆီဂျင် အချိုးအစား မြင့်မားနေရေးက အရေးကြီး၏။ ပြည်သူတို့ လေကောင်းလေသန့်ရှူကြဖို့ လိုအပ်နေသည့် ယခုလိုအချိန်တွင် အမှိုက်မီးရှို့ငွေ့ကို ရှူနေရသည်က ဆိုးရွားလှပါသည်။

အမှိုက်များမီးမရှို့ရဟူသည့် ဥပဒေက ရှိပြီးဖြစ်၏။ ခြံဝင်းနှင့် နေသူအများစုက ဤဥပဒေကို မသိ၍လော၊ သို့တည်းမဟုတ် သိပင်သိသော်ငြားလည်း အလေးအနက် သဘောမထား၍လော မဆိုနိုင်။ အမှိုက်ပစ်ရန် မကြိုးစားဘဲ ခြံဝင်းထဲက သစ်ရွက်ခြောက် သစ်ရွက်ဆွေးများ၊ အစစသော အမှိုက်များကိုပုံ၍ မီးရှို့လေ့ရှိကြ၏။ အမှိုက်ပစ်ရန် နေရာမရှိ၊ စည်ပင်အမှိုက်ကားက သစ်ရွက်အမှိုက် လက်မခံ စသည့်အကြောင်းအမျိုးမျိုးဖြင့် ခြံဝင်းထဲရှိ အမှိုက်များ သစ်ရွက်သစ်ကိုင်းခြောက်များကို မီးရှို့ကြသည်ဆိုခြင်းမှာ သာမန်လုပ်ရိုးလုပ်စဉ်ပင် ဖြစ်၍နေပြီ။

ရပ်ကွက်တာဝန်ခံများက အိမ်ခြံများတွင်းက အမှိုက်များကို စနစ်တကျ စွန့်ပစ်နိုင်ရေးကို ပြင်ဆင်ကူညီပေးသင့်ပြီ။ သက်ဆိုင်ရာ မြို့နယ်က ပြည်သူ့ကိုယ်စားလှယ်များကတစ်ဆင့် ညှိနှိုင်းဆောင်ရွက်သင့်ပြီ။ ယင်းသို့ ဥပဒေကို ကျော်လွန်ချိုးဖောက်နေသည့်အဖြစ်မျိုးကို အလေးအနက် စဉ်းစားသင့်ကြပြီ။ ယခုကဲ့သို့သော ဥပဒေကို မသိကျိုးကျွန်ပြုကာ သို့မဟုတ် ဥပဒေကို ချိုးဖောက်ကာ အဆင်ပြေရာ မိမိအလိုအတိုင်း ပြုလုပ်နေကြသည်တို့ များလာနေသည်က မသင့်လျော်တော့ပြီ။ ယင်းသို့ ဥပဒေစည်းမျဉ်းများကို လွယ်လွယ်ချိုးဖောက်မှုများ များပြားလာသည့်အခါ မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် ဥပဒေစည်းမျဉ်းကို ကျော်လွန်လုပ်ဆောင်ဆိုသည်တို့မှာ မထူးဆန်းလှသော မြင်ကွင်းများပင် ဖြစ်နေချေပြီ။

ဆိုင်ကယ်ဦးထုပ် မဆောင်းသည့်သူများ၊ ဆိုင်ကယ်တစ်စီးကို သုံးယောက်၊ လေးယောက် စုစီးကြခြင်းများ၊ ကားလမ်းကို ကြံ့သည့်နေရာက ဖြတ်ကူးနေခြင်းများ၊ ကွမ်းတံတွေးတပျစ်ပျစ် ကားလမ်းပေါ်၊ လူသွားလမ်းပေါ် ထွေးချင်သလို ထွေးနေကြခြင်းများတို့မှသည် ယခုအခါ လမ်းများပေါ်တွင် နှာခေါင်းစည်း မတပ်ဆင်ဘဲ ဥဒဟို သွားနေကြခြင်းများ၊ လူစုလူဝေးများ ပြုလုပ်နေကြခြင်းများတို့အထိ ဖြစ်လာနေကြသည်။

စည်းမျဉ်းဥပဒေများ ထုတ်ပြန်သည်ဆိုခြင်းမှာ လူမှုအသိုက်အမြုံတွင်းက လူတို့ကို အကာအကွယ်ပေးရေးဟူသည့် မြင့်မားသည့် ရည်ရွယ်ချက်ရှိပါသည်။ ထိုစည်းမျဉ်းတို့ကို ချိုးဖောက်သည်ဆိုခြင်းမှာ လူမှုအဖွဲ့အစည်းတစ်ခုလုံးကို စိတ်ချလုံခြုံမှုဝန်းကျင်မှ ဘေးအန္တရာယ်ရှိရာသို့ တွန်းပို့ရာရောက်ပါသည်။

ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေစည်းမျဉ်းများကို ပြည်သူလူထုက လိုက်နာကြရန်လိုအပ်သကဲ့သို့ ရပ်ကွက်အလိုက် မြို့နယ်အလိုက် တာဝန်ရှိကြသူအသီးသီးတို့ကလည်း ကြပ်ကြပ်မတ်မတ် အလေးဂရုပြုကြသင့်ပါကြောင်း။ ။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု

အထိမ်းအမှတ်အခမ်းအနား

“အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်တုံ့ပြန်ဖို့ သီးသန့်ရန်ပုံငွေထားရှိလို့ အချက်အလက်ကောက်ယူစို့”

“Orange the World: Fund, Respond, Prevent, Collect!”

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို အပတ်စဉ်သောကြာနေ့ ညတိုင်း ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံ (ရေဒီယို) တွင် ထင်ရှားကျော်ကြားခဲ့သော တေးသီချင်းများအနက်မှ (၇၅)ပုဒ်ကို အပတ်စဉ်သောကြာနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်မည်ဖြစ်ရာ ဒီဇင်ဘာ ၁၁ ရက် ညတွင် ပွဲစဉ် ၁ အဖြစ် အောဝမ်းစိုးမြင့် တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် တင်တင်မြ၊ ထား၊ ကေဂျာနူး၊ ဥမ္မာ၊ ရီရီသန့်၊ ခင်စိုးဝင်း၊ တင်ဦးလေး၊ သန်းမြတ်စိုး၊ ကေတုဝင်းထွတ်နှင့် မောင်ထွန်းမင်းတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တင်ဆက်ခဲ့မှုကို ဒီဇင်ဘာ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ဒီဇင်ဘာ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ကုန်းဘောင် ၁၀ လမ်း အမှတ် ၈၃၉ နေ ဦးသန့်ဇင်+ ဒေါ်နီလာ မိသားစုက ဆေးတက္ကသိုလ်(၁) ရန်ကုန် ကိုဗစ်-၁၉ လုပ်ငန်းစဉ်များအတွက် အလှူငွေကျပ်သိန်း ၂၀၀ ကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးနှင့် ဒုတိယ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမြင့်မြင့်ငြိမ်းထံသို့ အလှူငွေများပေးအပ်စဉ်။ သတင်းစဉ်

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## သီပေါ နမ့်ဟူးနွဲ့ဒေသကို ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်စဉ် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်နေ

**သီပေါ ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မန်ဟဲကျေးရွာအုပ်စု နမ့်ဟူးနွဲ့ကျေးရွာသည် မန္တလေး-သီပေါ-လားရှိုး- မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိပြီး သဘာဝအရင်းအမြစ်များနှင့်အတူ ကျောက်စိမ်းမြဆင်းတုတော်၊ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ စံပယ်ရာဒေသဖြစ်သည်နှင့်အညီ နေ့စဉ် ဘုရားဖူးများနှင့် စည်ကားလျက်ရှိသည်။



ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန် လူစုလူဝေးမဖြစ်စေရေးအတွက် ဘုရားဖူးများ ယာယီပိတ်ထားသည့် ကာလအတွင်း နမ့်ဟူးနွဲ့အထက်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာသာမိအရှင်သူမြတ်သည် ဘုရားဖူးများ အခက်အခဲမရှိစေရန် ရည်ရွယ်၍ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ စံပယ်ရာသို့ ပေပေါင်း ၁၀၁၂ ပေရှိ လူကူးတံတားကိုလည်းကောင်း (ယာပုံ)၊ ကျောက်စိမ်းမြဆင်းတုတော်ဖူးမြော်ရန် ၂၂ ပေရှိ မှန်တံတားကိုလည်းကောင်း ဦးစီးဦးရွက်ပြုကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

# ပြည်သူသာလျှင် အဓိက




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၁၀)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) (Cambodia–Laos–Myanmar–Viet Nam Cooperation–CLMV) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

- **ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်ဆောင်ရွက်ခဲ့သည့် အက်မက်စ်ပူးပေါင်းဆောင်ရွက်မှု၏ (၁၇)နှစ်တာခရီးအတွင်း အောင်မြင်မှုများရရှိခဲ့ပြီး၊ စိန်ခေါ်မှုများကိုလည်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့အပေါ်အခြေခံသည့် စည်းလုံးညီညွတ်မှုစိတ်ဓာတ်ဖြင့် ကျော်လွှားနိုင်ခဲ့**
- **ပြည်ဝင်ဂိတ်များတွင် ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦများကို New Normal နှင့်အညီ အဆင့်မြှင့်တင်ရေး၊ ပြည်ဝင်လုပ်ငန်းစဉ်များသည် ကျန်းမာရေးလမ်းညွှန်ချက်များနှင့် ကိုက်ညီစေရေးနှင့် ကပ်ရောဂါဖြစ်ပွားနေချိန်တွင် ဒေသတွင်းကုန်စည်ထောက်ပံ့မှု ကွင်းဆက်မပြတ်စေရန်နှင့် စတုတ္ထစက်မှုတော်လှန်ရေး (4th Industrial Revolution)ကို အထောက်အကူပြုနိုင်ရန် ဒစ်ဂျစ်တယ်စီးပွားရေးအခန်းကဏ္ဍကို မြှင့်တင်ရေးတို့အတွက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်းတို့ကိုလည်း အလေးထားပြောကြားခဲ့**

❒ *ရှေ့ဖုံးမှ*

### (၉)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေး

(၉)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်း ဆီဆုလစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ် ချန်အိုချာနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုတို့လည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များသည် “ACMECS Master Plan (2019–2023)” အား အကောင်အထည်ဖော်မှုအခြေအနေနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ချစ်ကြည်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

### မိန့်ခွန်းပြောကြား

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားရာတွင် ဒေသတွင်းလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်ဆောင်ရွက်ခဲ့သည့် အက်မက်စ်ပူးပေါင်းဆောင်ရွက်မှု၏ (၁၇)နှစ်တာခရီးအတွင်း အောင်မြင်မှုများရရှိခဲ့ပြီး၊ စိန်ခေါ်မှုများကိုလည်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့အပေါ် အခြေခံသည့် စည်းလုံးညီညွတ်မှုစိတ်ဓာတ်ဖြင့် ကျော်လွှားနိုင်ခဲ့ကြောင်း၊ မဲခေါင်ဒေသခွဲသည် ပထဝီအနေအထားအရ ဖွံ့ဖြိုးတိုးတက်ရန် အားသာချက်များ ရှိသော်လည်း၊ သမားရိုးကျမဟုတ်သည့် စိန်ခေါ်မှုများအပါအဝင် အခြားသော စိန်ခေါ်မှုအသစ်များကြောင့် ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုအရှိန်အဟုန်ကို အဟန့်အတားဖြစ်ပေါ်စေခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံအား ကူညီထောက်ပံ့မှုများ ပေးအပ်ခဲ့ကြသည့် ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်တို့အား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး၊ အက်မက်စ်အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ဆေးနှင့် ကုသဆေးဆိုင်ရာ ပူးတွဲသုတေသနပြုလုပ်ရေး၊ ပူးတွဲထုတ်လုပ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားသင့်ကြောင်းနှင့် ရာသီဥတုပြောင်းလဲမှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှောင်ခိုကူးမှု၊ လက်နက်မှောင်ခိုကူးမှုနှင့် အကြမ်းဖက်မှုတို့အပါအဝင် စိန်ခေါ်မှုများအား ဖြေရှင်းရေးတို့ကို ဦးစားပေးအဖြစ် သတ်မှတ်ဆောင်ရွက်သွားသင့်ကြောင်းကိုလည်း အကြံပြုပြောကြားခဲ့သည်။

### ဒစ်ဂျစ်တယ်စီးပွားရေးအခန်းကဏ္ဍ မြှင့်တင်ရေး

ထို့အပြင် နိုင်ငံတော်သမ္မတက ကပ်ရောဂါအလွန် ဒေသတွင်းစီးပွားရေးအမြန်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် ခရီးသွားလုပ်ငန်းကဏ္ဍသည် အဓိကကျသည့်အားလျော်စွာ “အက်မက်စ် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ် (၂၀၁၉-၂၀၂၃)” ကို အကောင်အထည်ဖော်ဆောင်ရေးသည် များစွာအရေးပါကြောင်းနှင့် ပြည်ဝင်ဂိတ်များတွင် ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦများကို New Normal နှင့်အညီ အဆင့်မြှင့်တင်ရေး၊ ပြည်ဝင်လုပ်ငန်းစဉ်များသည် ကျန်းမာရေးလမ်းညွှန်ချက်များနှင့် ကိုက်ညီစေရေးနှင့် ကပ်ရောဂါဖြစ်ပွားနေချိန်တွင် ဒေသတွင်းကုန်စည်ထောက်ပံ့မှု ကွင်းဆက်မပြတ်စေရန်နှင့် စတုတ္ထစက်မှုတော်လှန်ရေး (4th Industrial Revolution)ကို အထောက်အကူပြုနိုင်ရန် ဒစ်ဂျစ်တယ်စီးပွားရေးအခန်းကဏ္ဍကို မြှင့်တင်ရေးတို့အတွက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်းတို့ကိုလည်း အလေးထားပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု စသည့်အက်မက်စ်၏ လက်ရှိဖွံ့ဖြိုးမှုမိတ်ဖက်များအပြင်၊ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံနှင့် အဖွဲ့အစည်းများက အက်မက်စ်၏ဖွံ့ဖြိုးမှုမိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒပြုမှုများရှိသည်ကို သိရှိရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များအတွက် ညှိနှိုင်းရေးမှူးအဖြစ် ထိုင်းနိုင်ငံက ဆောင်ရွက်ပေးနေသည့်အပေါ် ဂုဏ်ယူပါကြောင်းနှင့် ACMECS Master Plan ကို ကိုယ့်အားကိုယ်ကိုး၍ အကောင်အထည်ဖော်ရန် တည်ထောင်မည့် အက်မက်စ်ရန်ပုံငွေယန္တရားအတွက် ဦးဆောင်မှုပေးခဲ့ခြင်းနှင့် “အက်မက်စ်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ”သို့ အမေရိကန်ဒေါ်လာသန်း(၂၀၀) ထည့်ဝင်ရန် ကတိကဝတ်ပြုခဲ့ခြင်းတို့အတွက် ထိုင်းနိုင်ငံအား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးမှ (၉) ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး ဖနောင်ပင်ကြေညာစာတမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။

### (၁၀) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၁၀)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးကို ဆက်လက်တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးတွင် လာအိုဝန်ကြီးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့လည်း တက်ရောက်ခဲ့ကြသည်။

### မဟာဗျူဟာတစ်ရပ်ဖြစ်

အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များက CLMV ပူးပေါင်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အနာဂတ်တွင်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြပြီး “CLMV ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်” ကို အတည်ပြုခဲ့ကြသည်။ အဆိုပါမူဘောင်သည် စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံများအတွက် ၂၀၃၀ ပြည့်နှစ်တွင် အလယ်အလတ်အထက်အဆင့်ဝင်ငွေရှိသည့် နိုင်ငံများအဖြစ်သို့ ရောက်ရှိလာစေရေး ရည်ရွယ်ထားသည့် မဟာဗျူဟာတစ်ရပ်ဖြစ်သည်။

နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင် CLMV ပူးပေါင်းဆောင်ရွက်မှုသည် စတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ အဖွဲ့ဝင်နိုင်ငံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံပေါင်းစည်းရေးလုပ်ငန်းစဉ်များတွင် များစွာအထောက်အကူပြုခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကာလအပြီး လူမှုစီးပွားပြန်လည်တည်ဆောက်နိုင်ရန်အတွက် ပိုမို ကောင်းမွန်သည့် စီမံမှုများနှင့် ပိုမိုစည်းလုံးသည့် ပူးပေါင်းဆောင်ရွက်မှုများကို ကျန်းမာရေးဆိုင်ရာလိုအပ်ချက်နှင့် ပြန်လည်ထူထောင်ရေးလိုအပ်ချက်တို့အကြား မျှတစွာဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးနှင့်လူမှုအသိုက်အဝန်း ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို သီးခြား အခန်းတစ်ခုအဖြစ် ထည့်သွင်းရေးဆွဲထားသည့် “CLMV လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၂)”ကို ကြိုဆိုကြောင်းတို့ကို ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်သမ္မတက ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် ဆက်သွယ်ချိတ်ဆက်မှုများကို New Normal လိုအပ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေးသည် အလွန်အရေးကြီးကြောင်း အလေးထားပြောကြားခဲ့ပြီး၊ ကိုဗစ်-၁၉ ၏ စီးပွားရေးစိန်ခေါ်မှုများအား ရင်ဆိုင်ရာတွင် ဒစ်ဂျစ်တယ်စီးပွားရေးသည် ထိရောက်မှုရှိသည့်အတွက် အားပေးသင့်ကြောင်း၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ရေရှည်ချောမွေ့စွာစီးဆင်းနိုင်စေရန် မဲခေါင်ဒေသအတွင်း စီးပွားရေးစင်္ကြံများရှိ ပြတ်တောက်နေသော အရေးပါသည့်ဆက်သွယ်ရေးလမ်းကြောင်းများအား ပြန်လည်ချိတ်ဆက်ရေး ဆောင်ရွက်သင့်ကြောင်းနှင့် ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ဒေသတွင်းစီးပွားရေး ပြန်လည်ထူထောင်မှုလုပ်ငန်းစဉ်တစ်ရပ်အဖြစ် မြှင့်တင်သင့်ကြောင်းတို့ကို ထည့်သွင်းပြောကြားခဲ့သည်။

*စာမျက်နှာ ၄ သို့*

❊ ရှေ့ဖုံးမှ

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ ပါဝင်ဆင်နွှဲလျက် ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ လူ့အခွင့်အရေး၏ အခြေခံအုတ်မြစ်ဖြစ်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ချမှတ်ရာတွင် ထောက်ခံခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

မိမိတို့မြန်မာနိုင်ငံတော်အနေဖြင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အဓိက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များဖြစ်သည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights–ICESCR)၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities–CRPD)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination Against Women–CEDAW)၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child–CRC) တို့တွင် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပါသည်။ ယင်းစာချုပ်များနှင့် ဆက်စပ်သည့် နောက်ဆက်တွဲသဘောတူ စာချုပ်အချို့ကိုလည်း ပါဝင်ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ပြဋ္ဌာန်းထားသကဲ့သို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရေးအတွက် ပြည်တွင်း ဥပဒေများတွင်လည်း ပြဋ္ဌာန်း၍ ကျင့်သုံးလျက်ရှိပါသည်။ ယင်းလူ့အခွင့်အရေးကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးကိုလည်း လေးစားတန်ဖိုးထားပြီး ထိခိုက်နစ်နာမှုမရှိစေရန် အထူးဂရုပြုကြရမည် ဖြစ်ပါသည်။

ယနေ့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးသည် ရှေ့တန်းသို့ရောက်ရှိလာပြီး လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် အပြန်အလှန် ချိတ်ဆက်လျက်ရှိပါသည်။

**" ယနေ့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးသည် ရှေ့တန်းသို့ ရောက်ရှိလာပြီး လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် အပြန်အလှန်ချိတ်ဆက်လျက်ရှိပါသည်။ နိုင်ငံတော်က တည်ဆောက်နေသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့်လည်း ဆက်စပ်လျက်ရှိပါသည်။ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်လျက်ရှိပါသည် "**

နိုင်ငံတော်က တည်ဆောက်နေသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့်လည်း ဆက်စပ်လျက်ရှိပါသည်။ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်လျက် ရှိပါသည်။ ယင်းတို့အနက် အခွင့်အရေးတစ်ခုခု ချိုးဖောက်ခြင်းခံရလျှင် ကျန်အခွင့်အရေး နှစ်ခုသည်လည်း ချိုးဖောက်ခံရခြင်း ဖြစ်ပါသည်။ လူ့အခွင့်အရေးကို အလေးမထားမျက်ကွယ်ပြုခြင်းသည် ဒီမိုကရေစီရေးနှင့် တရားဥပဒေစိုးမိုးရေးကို လျစ်လျူရှုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် လူ့အခွင့်အရေးအသိပညာများ ပြည်သူလူထုအတွင်း ပြန့်ပွားစေရေးသည် အလွန်တရာအရေးကြီးပါသည်။ လူ့အခွင့်အရေးကို မြှင့်တင်ကာကွယ်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီရေးတို့ကိုပါ ကျွဲကူးရေပါဆိုသလို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။

မိမိတို့ မြန်မာနိုင်ငံတော်တွင် လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အသီးသီးတို့နှင့် ပူးပေါင်းလျက် လူ့အခွင့်အရေးအခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် လူ့အသိုက်အဝန်းတစ်ရပ်ဖြစ်ထွန်းလာစေရေးအတွက် သက်ဆိုင်ရာ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မျက်မှောက်ကာလတွင် လူသားမျိုးနွယ်တစ်ရပ်လုံး၏ ရှင်သန်ရပ်တည်မှုကို ခြိမ်းခြောက်လျက်ရှိသော Covid-19 ကပ်ရောဂါကို ကမ္ဘာ့နိုင်ငံအားလုံးတွင် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ယင်းကပ်ရောဂါကြောင့် လူသားတို့၏ အသက်ရှင်ရပ်တည်နိုင်ရေး၊ လူသားထုတစ်ရပ်လုံး၏ စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် ကြီးမားသောသက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization–WHO) အပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် ထိတွေ့ချိတ်ဆက်၍ ယင်းကပ်ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူတို့၏ အခြေခံလူ့အခွင့်အရေးများ ထိခိုက်မှုမဖြစ်စေရေးကိုလည်း တတ်နိုင်သမျှ ထည့်သွင်းစဉ်းစား၍ အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

(၇၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ်ဖြစ်သည့် "Recover Better–Stand Up for Human Rights" ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားများ၏ လူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ သတင်းမီဒီယာအဖွဲ့ အစည်းများအနေဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းလျက် သဝဏ်လွှာပေးပို့ပါသည်။

စာမျက်နှာ ၃ မှ

### ပူးတွဲကြေညာချက်အတည်ပြုထုတ်ပြန်

အစည်းအဝေးမှ (၁၀) ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ပူးတွဲကြေညာချက်ကို အတည်ပြု ထုတ်ပြန်ခဲ့သည်။

### မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်

ဆွေးနွေးမှုများအပြီးတွင် စီအယ်လ်အမ်ဗွီ ဥက္ကဋ္ဌတာဝန်ကို လာအိုနိုင်ငံမှ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ဥက္ကဋ္ဌတာဝန်ကို လက်ခံရယူသည့် မိန့်ခွန်းတွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံအနေဖြင့် ကြုံတွေ့လာမည့် စိန်ခေါ်မှုများကို လက်တွဲဖြေရှင်းသွားနိုင်ရန်နှင့် ဒေသခွဲအတွင်းရှိ ပြည်သူများအားလုံး ပိုမိုအကျိုးဖြစ်ထွန်းစေရန်တို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အလေးထားပြောကြားခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် စီအယ်လ်အမ်ဗွီ ဥက္ကဋ္ဌတာဝန်ကို (၂)နှစ်တာကာလအတွက် ထမ်းဆောင်သွားမည်ဖြစ်သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးများသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် အဆင့်မြင့်အရာရှိကြီးများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

❒ **ကိုဗစ်–၁၉ ကာလအပြီး လူမှုစီးပွားပြန်လည်တည်ဆောက်နိုင်ရန်အတွက် ပိုမိုကောင်းမွန်သည့် စီမံမှုများနှင့် ပိုမိုစည်းလုံးသည့် ပူးပေါင်းဆောင်ရွက်မှုများကို ကျန်းမာရေးဆိုင်ရာလိုအပ်ချက်နှင့် ပြန်လည်ထူထောင်ရေး လိုအပ်ချက်တို့အကြား မျှတစွာဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ကိုဗစ်–၁၉ ကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးနှင့် လူမှုအသိုက်အဝန်း ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို သီးခြားအခန်းတစ်ခုအဖြစ် ထည့်သွင်းရေးဆွဲထားသည့် "CLMV လုပ်ငန်းစီမံချက် (၂၀၂၁–၂၀၂၂)" ကို ကြိုဆိုကြောင်းတို့ကို ပြောကြားခဲ့**

# (၃၃) ကြိမ်မြောက် အာဆီယံ အရင်းအနှီးဈေးကွက်ဥက္ကဋ္ဌများ အစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၉

(၃၃) ကြိမ်မြောက် အာဆီယံအရင်းအနှီးဈေးကွက် (33rd Chairs' Meeting of the ASEAN Capital Markets Forum) ဥက္ကဋ္ဌများအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် အလှည့်ကျဥက္ကဋ္ဌဖြစ်သော ဗီယက်နမ်နိုင်ငံ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ Mr. Tran Van Dzung က သဘာပတိအဖြစ်ဆောင်ရွက်၍ အာဆီယံဒေသတွင်းနိုင်ငံများရှိ အရင်းအနှီးဈေးကွက် ကြီးကြပ်ရေးကော်မရှင်များမှ အကြီးအကဲများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှကိုယ်စားလှယ်များ တက်ရောက်သည်။

အစည်းအဝေးတွင် အာဆီယံဒေသတွင်း ရေရှည်တည်တံ့ခိုင်မာသော ဘဏ္ဍာရန်ပုံငွေရရှိရေးအတွက် အာဆီယံ အရင်းအနှီးဈေးကွက်လမ်းပြမြေပုံ၏ ကာလတို/ကာလလတ် ဦးစားပေးအစီအစဉ်များ၊ အာဆီယံအရင်းအနှီးဈေးကွက်ဆိုင်ရာ စံသတ်မှတ်ချက်များ၊ ကာလရှည်ငွေချေးစာချုပ် (Sustainability–Linked Bond) များ ထုတ်ဝေနိုင်ရေး၊ အာဆီယံကော်ပိုရေးရှင်းများ၏ စဉ်ဆက်မပြတ်ဖွင့်ဟထုတ်ဖော်မှုဆိုင်ရာ စံသတ်မှတ်ချက်လုပ်ငန်းစဉ်များ၊ (၆) ကြိမ်မြောက် အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အကဲဖြတ်မှုဆိုင်ရာ အစီရင်ခံစာ ထုတ်ပြန်ကြေညာခြင်းနှင့် ဆုချီးမြှင့်ခြင်းအတွက် ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ အာဆီယံအရင်းအနှီး ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာအကူအညီပေးမှုများ၊ အာဆီယံအရင်းအနှီး ဈေးကွက်ဖိုရမ်ဝက်ဘ်ဆိုက်အားထိန်းသိမ်းထားရှိမည့်အစီအစဉ်များ၊ အာဆီယံအရင်းအနှီးဈေးကွက်ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ (WC–CMD) နှင့် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် (ACMF) တို့ ပူးပေါင်းဆောင်ရွက်မှု၏ နောက်ဆုံးအခြေအနေများအပေါ် စုပေါင်းဆွေးနွေးကြရာ မြန်မာနိုင်ငံမှ သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ပါဝင်ဆွေးနွေးသည်။

အစည်းအဝေးမှ ACMF ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ACMF Action Plan (2021–2025) တွင်ဖော်ပြထားသည့် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းနယ်ပယ်များဖြစ်ကြသည့် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာစွာ ဖော်ထုတ်ဆောင်ရွက်ရေး၊ အာဆီယံဒေသတွင်း နယ်စပ်ဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆက်လက်ဆောင်ရွက်ရေး၊ အရင်းအနှီးဈေးကွက်တွင် ပါဝင်ဆောင်ရွက်နေသူများ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးမြှင့်ရေး၊ ဒေသတွင်းအရင်းအနှီး ဈေးကွက်များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ရေး၊ ဒေသတွင်း အရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းနယ်ပယ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကို သဘောတူခဲ့ကြသည်။

အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်သည် အာဆီယံဒေသတွင်း အရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အာဆီယံနိုင်ငံများမှ အရင်းအနှီးဈေးကွက် Regulators များ၏ အဆင့်မြင့်ဆွေးနွေးပွဲတစ်ခုဖြစ်သည်။

(၃၄) ကြိမ်မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဥက္ကဋ္ဌများ အစည်းအဝေးကို အလှည့်ကျဥက္ကဋ္ဌဖြစ်သော ဘရူနိုင်းနိုင်ငံက တာဝန်ယူကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

**(ဗိုလ်ချုပ်အောင်ဆန်း၏ (၁၁-၂-၁၉၄၇) ရက်နေ့တွင် ပင်လုံမြို့ စော်ဘွားများ ထမင်းစားပွဲတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်)**



ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား ဓာတ်ပုံ - သန့်ဇော်ဦး

# ပညာရေးဝန်ကြီးဌာန၏ ၂၁ ရာစု မြန်မာနိုင်ငံ အဆင့်မြင့်ပညာရေးကဏ္ဍ၏ အခွင့်အလမ်းသစ်များနှင့် စိန်ခေါ်မှုသစ်များ ခေါင်းစဉ်ဖြင့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

ပညာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ၂၁ ရာစု မြန်မာနိုင်ငံ အဆင့်မြင့်ပညာရေးကဏ္ဍ၏ အခွင့်အလမ်းသစ်များနှင့် စိန်ခေါ်မှုသစ်များ ( New Challenges and Opportunities for Higher Education in Myanmar in the 21st Century) ခေါင်းစဉ်ဖြင့် ညှိနှိုင်းအစည်းအဝေးပွဲကို ယမန်နေ့ ညနေ ၅ နာရီခွဲတွင် Online စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲရေးလုပ်ငန်းတွင် အပြည်ပြည်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်လျက်ရှိသော Prof. Dr. Jamil Salmi ၏ ကိုယ်ရေးအချက်အလက်များကို ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Prof. Dr. Jamil Salmi က ၂၁ ရာစု မြန်မာနိုင်ငံ အဆင့်မြင့်ပညာရေးကဏ္ဍ၏ အခွင့်အလမ်းသစ်များနှင့် စိန်ခေါ်မှုသစ်များခေါင်းစဉ်ဖြင့် ဆန်းသစ်တီထွင်မှုအတွက် ပညာဗဟုသုတ၏ အရေးပါပုံ၊ ပညာရေးတွင် ဆန်းသစ်တီထွင်မှု၏ အရေးပါပုံနှင့် မြန်မာနိုင်ငံအတွက် အကြံပြုချက်များကို ညှိနှိုင်းဆွေးနွေးတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




# အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ (၁၆) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေး Virtual Format ဖြင့် ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၉

**အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ (၁၆) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် Virtual Format ဖြင့် ကျင်းပသည်။** (အောက်ပုံ)




အစည်းအဝေးသို့ ASEAN-PAC အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုး ဦးဆောင်သည့် အဖွဲ့ဝင်များ ပါဝင်တက်ရောက်ကြသည်။

ASEAN-PAC အစည်းအဝေးကို အဖွဲ့ဝင်နိုင်ငံများမှ အင်္ဂလိပ်အက္ခရာအစဉ်လိုက် အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်ကြရာ ယခု (၁၆) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးကို အလှည့်ကျ သဘာပတိဖြစ်သည့် ဗီယက်နမ်နိုင်ငံ အစိုးရ စုံစမ်းစစ်ဆေးရေးဌာန (Government Inspectorate of Viet Nam-GIV) က ဆောင်ရွက်ခြင်းဖြစ်သည်။

အရှေ့တောင်အာရှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (South East Asia Parties Against Corruption-SEA-PAC) ကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ SEA-PAC အဖွဲ့ကို ASEAN အသင်းကြီးအောက်ရှိ Entity တစ်ခုအဖြစ် ပါဝင်နိုင်ရေးအတွက် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ၂၀၁၇ ခုနှစ်တွင် အတည်ပြုလက်ခံခဲ့ပြီး SEA-PAC အမည်မှ ASEAN-PAC သို့ တရားဝင်ပြောင်းလဲခဲ့သည်။

ယခုနှစ် အစည်းအဝေးကို "Better Governance, Less Corruption" ခေါင်းစဉ်အောက်တွင် ကျင်းပခြင်းဖြစ်ပြီး ယခင်နှစ်က ကျင်းပခဲ့သော (၁၅) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်း၊ လုပ်ငန်းညွှန်းတမ်း ပြင်ဆင်အတည်ပြုခြင်း၊ ၂၀၂၀-၂၀၂၂ လုပ်ငန်းစီမံချက် ပြင်ဆင်အတည်ပြုခြင်း၊ အဖွဲ့၏ အမှတ်တံဆိပ် ပြင်ဆင်အတည်ပြုခြင်း၊ အဖွဲ့ဝင်နိုင်ငံအသီးသီး၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို နိုင်ငံအလိုက် ရှင်းလင်းဆွေးနွေးခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ယခင်နှစ်က အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် ထိုင်းနိုင်ငံ အမျိုးသား အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ၂၀၂၁ ခုနှစ်တွင် အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်မည့် ဘရူနိုင်းနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဗျူရိုသို့ တာဝန်လွှဲပြောင်းပေးအပ်ခြင်းတို့ကို ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းဆွေးနွေး ဆောင်ရွက်ကြသည်။

**သတင်းစဉ်**

# နှစ်တစ်ရာပြည့်ရန်ကုန်တက္ကသိုလ်နှင့် နှစ်တစ်ရာပြည့်အမျိုးသားအောင်ပွဲနေ့မှသည်

လင်းအောင်

ယနေ့အချိန်အခါတွင် ထူးခြားသည့် ရန်ကုန်တက္ကသိုလ် ရာပြည့်၊ အမျိုးသားအောင်ပွဲနေ့ရာပြည့် စသည်ဖြင့် သမိုင်းဝင်နှစ်တစ်ရာပြည့် ကာလကို ဂုဏ်ယူစွာ ဖြတ်သန်းခွင့်ရရှိသည့် စာရေးသူတို့ မြန်မာနိုင်ငံသားများအနေဖြင့် ယခုကဲ့သို့ ကျင်းပခွင့်၊ ကြုံတွေ့ ဖြတ်သန်းခွင့်ရရှိနိုင်ရေးအတွက် လွန်ခဲ့သည့် နှစ် ၁၀၀ ကာလက ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ကြိုးပမ်းခဲ့ကြသည့် အမျိုးသားခေါင်းဆောင်ကြီးများ၊ အမျိုးသားသူရဲကောင်းများ၏ ဂုဏ်ကျေးဇူးကို အထူးသတိရလျက် မျိုးဆက်သစ်များသို့ သမိုင်းကြောင်းကို လက်ဆင့်ကမ်း အသိပေးကြရမည်ဖြစ်ပါသည်။

**သမိုင်းပေးအခြေအနေကောင်းကို ကြုံကြိုက်ရရှိခဲ့မှု**

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းစဉ်ကို လေ့လာပါက ၁၈၈၅ ခုနှစ် ဒီဇင်ဘာလတွင် သီပေါမင်းပါတော်မူပြီးနောက် မျိုးချစ်တိုင်းရင်းသားများ၏ လက်နက်ကိုင် တော်လှန်မှုများကို ၂၀ ရာစုနှောင်းပိုင်းကာလတွင် ဗြိတိသျှအစိုးရအနေဖြင့် အပြင်းအထန်နှိမ်နင်းခဲ့ရသည်။ ယင်းနောက်ပိုင်း ၂၀ ရာစုခေတ်ဦးပိုင်းကာလတွင် အမျိုးသားရေးစုစည်းမှုဖြင့် နယ်ချဲ့အစိုးရအပေါ် ပြန်လည်၍ ဆန့်ကျင်တော်လှန်မှုများအတွက် ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်သည် မီးရှူးတန်ဆောင်အဖြစ်လည်းကောင်း၊ တပ်လှန့်သံအဖြစ်လည်းကောင်း ပေါ်ပေါက်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သည်။

ယင်းသို့ အမျိုးသားရေးအတွက် အရေးကြီးသော ရန်ကုန်တက္ကသိုလ်၏ ထိုစဉ်ကာလက ပေါ်ထွန်းလာမှုသည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအတွက်သာမက အမျိုးသားပညာရေးအတွက် အချိန်အခါသင့် တိုက်ဆိုင်ရရှိခဲ့သော အနာဂတ်မြန်မာနိုင်ငံ၏ ကုသိုလ်ကံကောင်းတစ်ရပ်ဟုပင် ဆိုချင်ပါသည်။ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေပြဋ္ဌာန်းခဲ့ချိန်သည် ထိုစဉ်က မြန်မာတိုင်းရင်းသားများ၏အကျိုးအတွက် မဟုတ်ခဲ့သော်လည်း ပထမကမ္ဘာစစ် (၁၉၁၄ -၁၉၁၈) ပြီးဆုံးခဲ့ပြီးနောက် ဗြိတိသျှအင်ပါယာ အိန္ဒိယကိုလိုနီအတွင်း ရှိနေဆဲ မြန်မာနိုင်ငံအတွက် ကိုယ်ပိုင်တက္ကသိုလ်တစ်ခု သီးခြားရရှိစေရန် အခြေအနေကောင်းတစ်ခု ဖန်တီးလာမှုတစ်ခုဖြစ်ခဲ့ပါသည်။

အကယ်၍သာ ထိုကာလထက် ၁၀ စုနှစ် တစ်ခုနောက်ကျခဲ့ပါက ၁၉၂၉ -၁၉၃၀ ပြည့်နှစ်တွင် ကမ္ဘာစီးပွားပျက်ကပ် ကြုံတွေ့နေရချိန် ဖြစ်သကဲ့သို့ နောက်ထပ် ၁၀ စုနှစ်တစ်ခုအကြာတွင်လည်း ဒုတိယကမ္ဘာစစ် (၁၉၃၉ – ၁၉၄၅) ဖြစ်ပွားမှုကို ကြုံတွေ့ခဲ့ရမည်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီ ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်နေခဲ့မှုကြောင့် အနာဂတ်မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် လွတ်လပ်ပြီးနိုင်ငံကို ဦးစီးဦးဆောင်ပြုမည့် နိုင်ငံ့ခေါင်းဆောင် လောင်းလျာ ကျောင်းသားခေါင်းဆောင်လူငယ်များကို တက္ကသိုလ်နယ်မြေတွင် ပေါင်းစည်းမွေးထုတ် ပေါ်ထွန်းလာစေခဲ့ပါသည်။

တက္ကသိုလ် အသစ်တစ်ခု ထူထောင်ရန် လွယ်ကူသည့် အခြေအနေမဟုတ်ခဲ့သော နိုင်ငံ့လွတ်လပ်ရေးရရှိပြီးချိန် ၁၉၄၉-၅၀ ပြည့်နှစ် အခြေအနေများ၊ လွတ်လပ်ရေးရပြီး ၁၀ နှစ် ကာလ ၁၉၅၀ – ၁၉၆၀ ပြည့်နှစ်အတွင်း ပြည်တွင်းပြည်ပ အကျပ်အတည်းမျိုးစုံ ကြုံကြိုက်နေခဲ့ရချိန်များကို လေ့လာပါကလည်း ယနေ့ကာလ မြန်မာနိုင်ငံအတွက် နှစ်တစ်ရာပြည့် ရန်ကုန်တက္ကသိုလ်ကို ထူထောင်ရရှိနိုင်ခဲ့မှုသည် နိုင်ငံ့အတွက် ထူးခြားသော ကုသိုလ်ကံကောင်းခြင်း တစ်ရပ်အဖြစ် တင်ပြလိုခြင်း ဖြစ်ပါသည်။

**တက္ကသိုလ်ကျောင်းကြီးများ၏ (Good Breeding) ၏ တန်ဖိုး**

ပုံမှန်အားဖြင့် ကျောင်းသားလူငယ်တစ်ဦး၏ လူငယ်ဘဝ ဖြတ်သန်းမှုနှင့် ရင့်ကျက်ဖွံ့ဖြိုးမှုအတွက် တက္ကသိုလ်ကျောင်းသားဘဝဖြတ်သန်းမှုသည် အရေးကြီးကြောင်း ဆရာကြီး ရွှေဥဒေါင်း၏ ရေးသားခဲ့မှုကိုလည်း တင်ပြလိုပါသည်။ မြန်မာစာပေလေ့လာလိုက်စားသူများ အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း ဆရာကြီးသည် ကိုလိုနီခေတ် တက္ကသိုလ်ဝင်စာမေးပွဲ (၉) တန်း အောင်မြင်၍ ထိုခေတ်က ရန်ကုန်ကောလိပ်သို့ တက်ရောက်ရန် အခြေအနေမပေးခဲ့သော်လည်း လူငယ်ဘဝတွင် Charles Dickens, Author Conan Doyle, Francis Bacon, Thomas Carlyle, Macaulay, John Ruskin စသည့် ပညာရှင်စာရေးဆရာကြီးများ ရေးသားခဲ့သည့် စံပြုအင်္ဂလိပ်စာပေ (Classic English) နှင့် ကမ္ဘာကျော် ဝတ္ထုများ ၁၀၀ ကျော်ကို ဖတ်ရှုထားနိုင်ခဲ့ပြီး ကမ္ဘာ့စာပေများကို မြန်မာစာပေလောကသို့ အစောဆုံး မိတ်ဆက်ပေးနိုင်ခဲ့သည့် မြန်မာစာရေးဆရာကြီးတစ်ဦးပင် ဖြစ်ပါသည်။




ရွှေတိဂုံစေတီတော် စနေထောင့်ရှိ ပထမကျောင်းသားသပိတ်အထိမ်းအမှတ်ကျောက်တိုင်။ ဓာတ်ပုံ-တင်စိုး

ဆရာကြီးရွှေဥဒေါင်း၏ ကျော်ကြားသောဘဝအတ္ထုပ္ပတ္တိဖြစ်သည့် "တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ" စာအုပ်တွင် တက္ကသိုလ်တက်ရောက်မှုနှင့် စပ်လျဉ်း၍ ကျောင်းသားလူငယ်များသို့ အောက်ပါအတိုင်း တိုက်တွန်းရေးသားထားသည်ကို ဖတ်ရှုရမည်ဖြစ်ပါသည် –

> "ကောလိပ်ကျောင်းနေဖူးခြင်းအားဖြင့် ကျွန်ုပ်အဖို့ မည်သို့သော အကျိုးကျေးဇူးများ ထူးထူးခြားခြား ဖြစ်ပေါ်နိုင်ဖွယ်ရာ ရှိသနည်း။ ရှိသည်၊ အများကြီးရှိသည်ဟု ကျွန်ုပ်သဘောပေါက်လာသည်။ ကျွန်ုပ်၏ လက်ရှိ ချို့ငဲ့ချက်မှာ ကောလိပ်ကျောင်း၏ လေ (**Atmosphere**) ကို လေးနှစ်လောက် မရှူခဲ့ရခြင်းဖြစ်သည်။ ---- ကောလိပ်၌ မနေခဲ့ရ၍ညံ့သည်ဟု ကိုယ့်ဟာကိုယ် သတိရနေသောကြောင့် မဟုတ်။ ကောလိပ်လေ (ပတ်ဝန်းကျင်) နှင့် မထိတွေ့ခဲ့ရသည့်အတွက်ကြောင့် ပြေပြေပြစ်ပြစ်ဟန်ပန်မျိုး (**Easy Manner**) မရှိဘဲ ခပ်ထောင့်ထောင့် ဖြစ်နေရခြင်းကို ဆိုလိုသည်။ ကောလိပ်ကျောင်း၌ လေးနှစ်နေဖူးသော လူတိုင်းသည် ပြေပြေပြစ်ပြစ် ဖြစ်လာတော့သည်ဟု ဆိုလိုခြင်းကား မဟုတ်။ သို့သော် မနေမီကထက် တိုးတက်ခြင်း ရှိလာသည်ကို ကျွန်ုပ်ကြိမ်ဖန်များစွာ လေ့လာတွေ့ရှိရသည်။ - - - - - - - [**Charles Dickens** ၏ မျှော်တလင့်လင့် (**Great Expectation**) ဝတ္ထုကို သာဓကပြလျက်] ငယ်ရွယ်နုနယ်စဉ်က သွန်သင်ပေးခြင်း ဖြစ်လျက်နှင့်လည်း တက္ကသိုလ်ကျောင်းထွက်တစ်ယောက်ကို မမီနိုင်ကြောင်း တွေ့ရသည်။ တက္ကသိုလ်ကျောင်းကြီးများသည် လူငယ်များ၏ အမူအရာနှင့် စိတ်နေသဘောထားကို ပြုပြင်ခွင့် အများဆုံးရသော ဌာနကြီးများ ဖြစ်ကြသည့် အလျောက် (**Good Breeding**) ၏ တန်ဖိုးကို နားလည်အောင် လုပ်ကြပြီးလျှင် ကျောင်းသူကျောင်းသားတို့အား ကိုယ်စီကိုယ်င အများဆုံးခံယူရရှိကြဖို့ တိုက်တွန်းလိုက်ရသည်"

**ကိုယ်တွေ့ဖြတ်သန်းမှုများ**

စာရေးသူသည် ၁၉၈၂ ခုနှစ်တွင် အခြေခံပညာအဆင့်မြင့်တန်း(ထိုခေတ်ကာလအခေါ်) အောင်မြင်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ ဝင်ရောက်ခွင့်ရရှိခဲ့ပြီး စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ) တွင် စတင်တက်ရောက်ခဲ့ရပါသည်။ ၁၉၈၂ ခုနှစ်တွင် ထိုခေတ်က ဒေသကောလိပ်စနစ်ကို ဖျက်သိမ်း၍ တက္ကသိုလ်များသို့ တိုက်ရိုက်ဝင်ခွင့်စနစ် စတင်ခဲ့ချိန်နှင့် ကြုံကြိုက်ခဲ့ရခြင်းဖြစ်သည်။

၁၉၂၄ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်တွင် စတင်ထူထောင်ခဲ့သော ဘောဂဗေဒဌာနသည် နှစ် ၄၀ အကြာ ၁၉၆၄ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်အဖြစ် ထူထောင်ခဲ့ခြင်း၊ တက္ကသိုလ်တည်ရှိရာနေရာသည်လည်း ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်း၌ပင် ဆက်စပ်တည်ရှိနေသောကြောင့် စီးပွားရေးတက္ကသိုလ်ကိုလည်း ရန်ကုန်တက္ကသိုလ်၏ ကိုယ်ပွားတက္ကသိုလ်တစ်ခုအဖြစ် ခံစားမိပါသည်။ စင်စစ် မြန်မာနိုင်ငံတွင် ဖွင့်လှစ်လျက်ရှိသော သက်မွေးဝမ်းကျောင်းတက္ကသိုလ်များ၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်အများစုသည်လည်း ရန်ကုန်တက္ကသိုလ်ရှိ ယခင်မဟာဌာနများမှ စတင်သန္ဓေတည် ပေါက်ဖွားလာခဲ့ခြင်းဖြစ်သည့်အတွက် အမိရန်ကုန်တက္ကသိုလ်၏ သားသမီးတက္ကသိုလ်များသာ ဖြစ်သည်ဟု တင်ပြလိုပါသည်။

"တက္ကသိုလ်ကျောင်းကြီးများသည် လူငယ်များ၏ အမူအရာနှင့် စိတ်နေသဘောထားကို ပြုပြင်ခွင့် အများဆုံးရသော ဌာနကြီးများ ဖြစ်ကြသည်"ဟူသော ဆရာကြီး ရွှေဥဒေါင်း၏ ရေးသားခဲ့မှုနှင့်အညီ လူငယ်တစ်ဦးအနေဖြင့် တက္ကသိုလ် တက်ရောက်ချိန်ကာလတွင် သက်ဆိုင်ရာဘာသာရပ်အလိုက်သင်ကြားပို့ချမှု ဗဟုသုတများအပြင် နိုင်ငံတစ်ဝန်းလုံးရှိ တောင်ပေါ်မြေပြန့် ကမ်းရိုးတန်းဒေသ အသီးသီးမှ ရောက်ရှိလာသော တိုင်းရင်းသား ကျောင်းသူ ကျောင်းသားများစွာနှင့် ဆုံတွေ့လျက် ရင်းနှီးခင်မင်ခွင့်ရခြင်း၊ ထိုသို့ ရင်းနှီးခင်မင်ရာမှ သိမြင်ဖလှယ်ခွင့်ရရှိလာသော အတွေးအမြင်အတွေ့အကြုံများဖြင့် ရင့်ကျက်လာစေခြင်းများသည် အနာဂတ်တွင် ဘဝလောကခံအမျိုးမျိုးကို ရင်ဆိုင်နိုင်ရေး၊ နိုင်ငံသားတစ်ဦးအနေဖြင့် ကျရောက်ရာ နိုင်ငံ့တာဝန်များ ထမ်းဆောင်နိုင်ရေးတို့အတွက် ကြီးမားသော အထောက်အပံ့ အခွင့်အလမ်းကောင်းများအဖြစ် ရရှိစေနိုင်ခဲ့ပါသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ တက်ရောက်ခဲ့ချိန်တွင် ကျောင်းဝင်ကြေး ပေးသွင်းခြင်း၊ စာကြည့်တိုက်မှ စာအုပ်ငှားရမ်းခြင်း စသည့်ကျောင်းသားရေးရာ ကိစ္စရပ်များကို ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ စီးပွားရေးတက္ကသိုလ် (ပင်မ) တွင် သွားရောက်ဆောင်ရွက်ကြရပါသည်။ ထိုစဉ်ကာလက နိုင်ငံတွင် တစ်ခုတည်းသာ ရှိသေးသော စီးပွားရေးတက္ကသိုလ်သို့ နိုင်ငံတစ်ဝန်းလုံးမှ ဝင်ရောက်ခွင့်ရရှိခဲ့သည့် ကျောင်းသားကျောင်းသူ ၁၂၀၀ ကျော်တွင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ အဆောင်နေခွင့်ရရှိသော ပထမနှစ်နှင့် ဒုတိယနှစ် ကျောင်းသား ကျောင်းသူများသည် သမိုင်းဝင်းအတွင်းရှိ ကျောင်းဆောင်များ (အုန်းတော၊ ကံ့ကော်၊ မေခ၊ သရဖီ၊ ဖွဲကပင်၊ ဂန္ဓမာ၊ ဟန်လင်း၊ နှင်းဆီအဆောင်များ) တွင် လည်းကောင်း၊ ကမာရွတ်နယ်မြေအတွင်းရှိ (ပြည်၊ ပုဂံ၊ တကောင်း) အဆောင်များတွင် လည်းကောင်း၊ တတိယနှစ်၊ စတုတ္ထနှစ်သို့ တက်ရောက်သည့်အခါ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ (ရွှေဘို၊ မာလာ) အဆောင်များတွင်လည်းကောင်း အသီးသီး နေထိုင်ခွင့်ရရှိကြပါသည်။ ရန်ကုန်တိုင်း(ထိုစဉ်ကအခေါ်) အတွင်း မြို့နယ်များမှ စီးပွားရေးတက္ကသိုလ်ဝင်ခွင့်ရသည့် စာရေးသူတို့ ကျောင်းသားကျောင်းသူများသည် နေ့ကျောင်းသားများအဖြစ် တက်ရောက်ကြရပါသည်။

ထိုစဉ်က စီးပွားရေးတက္ကသိုလ်တွင် ဝါဏိဇ္ဇဘွဲ့၊ စီးပွားရေးပညာ (စာရင်းအင်း)၊ စီးပွားရေးပညာ (စာရင်းအင်း) ဘွဲ့သုံးမျိုးကို ပေးအပ်ခဲ့ပြီး ဒုတိယနှစ်အပြီးတွင် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ခွဲခြားတက်ရောက်ကြရပါသည်။ တက္ကသိုလ်အတန်းနှစ်အလိုက်၊ အဆောင်အလိုက်၊ ဘာသာရပ်အလိုက် အားကစား၊ အနုပညာနှင့် ကြက်ခြေနီလှုပ်ရှားမှုများ၊ တက္ကသိုလ်အရန်တပ်ရင်း၏ စစ်ပညာလေ့ကျင့်သင်ကြားပေးမှုများ၊ ဆိုရှယ်လစ်ခေတ်ဖြစ်သည့်အားလျော်စွာ လမ်းစဉ်လူငယ်လှုပ်ရှားမှုများရှိခဲ့ရာ မိမိတို့ပါဝင်သည့် လှုပ်ရှားမှုအလိုက် ပြည်ထောင်စုတစ်ဝန်းလုံးမှ လူငယ်မိတ်ဆွေ သူငယ်ချင်းများနှင့် ဆုံစည်းခင်မင်ခွင့်များ ရရှိစေခဲ့ပါသည်။

စာမျက်နှာ ၇ သို့




ရန်ကုန်စီးပွားရေးတက္ကသိုလ်။ ဓာတ်ပုံ-တင်စိုး

**စာမျက်နှာ ၆ မှ**

ထိုစဉ်က ဆေး/ စက်မှု/ သွားဘက်ဆိုင်ရာ/ တိမွေးကု/ စီးပွားရေးတက္ကသိုလ် စသည့်သက်မွေးဝမ်းကျောင်းတက္ကသိုလ်များရှိ ကျောင်းသားများကို တက္ကသိုလ် ပထမနှစ်မှစ၍ တက္ကသိုလ်အရန်တပ်ရင်းတွင် ဝင်ရောက်ခွင့်ပြု၍ စစ်ပညာ နှစ် နှစ်သင်တန်း တက်ရောက်ခွင့်ပြုခဲ့သည့်အတွက် စာရေးသူသည် စီးပွားရေးတက္ကသိုလ် ပထမနှစ်၌ အမှတ် (၁) တက္ကသိုလ်လေ့ကျင့်ရေးတပ် (University Training Corp – UTC 1) သို့ ဝင်ရောက်ခဲ့ရာ အခြေခံစစ်ပညာသင်တန်းများကို ကျောင်းပိတ်ရက်များ၌ လှိုင်နယ်မြေအတွင်းရှိ ထီးကိုးလက်တွင် တက်ရောက်ခဲ့ရပါသည်။ ပထမနှစ် နှစ်ဝက်ကျောင်းပိတ်ချိန်တွင် မိုးရာသီ စခန်းသွင်းလေ့ကျင့်မှုကို လှည်းကူးမြို့နယ် ဂျိုးဖြူတွင် စခန်းချလေ့ကျင့်ခဲ့ရာ သက်မွေးဝမ်းကျောင်းတက္ကသိုလ်အသီးသီးရှိ ကျောင်းသားများ၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များမှ ကျောင်းသား မိတ်ဆွေများနှင့် ဆုံတွေ့ရင်းနှီးခွင့်ကိုပါ ရရှိစေခဲ့ပါသည်။

ထိုခေတ်ကာလ လမ်းစဉ်ပါတီအစိုးရသည် နွေရာသီကျောင်းပိတ်ရက်များတွင် နိုင်ငံတစ်ဝန်းရှိ လူရည်ချွန်၊ စံပြကြက်ခြေနီ၊ လမ်းစဉ်လူငယ်၊ လေကြောင်းလူငယ်၊ ရေကြောင်းလူငယ်၊ လုပ်အားပေးလူငယ်များကို စုစည်း၍ စီမံကိန်းဝင်လူငယ်တွေ့ဆုံပွဲအဖြစ် ရန်ကုန်မြို့တွင် နှစ်စဉ်ကျင်းပခဲ့ပါသည်။ စာရေးသူသည် စီးပွားရေးတက္ကသိုလ် ဒုတိယနှစ် တက်ရောက်ဆဲ ၁၉၈၄ ခုနှစ် ဧပြီလတွင် တက္ကသိုလ်လမ်းစဉ်လူငယ်ခေါင်းဆောင်သင်တန်း အမှတ်စဉ် (၂၄) သို့ တက်ရောက်ခွင့်ရရှိခဲ့ရာ ရန်ကုန်တက္ကသိုလ်နယ်မြေတွင် ဖွင့်လှစ်သောအဆိုပါသင်တန်းတွင် ဒဂုံဆောင်တွင် နေထိုင်ခဲ့ရပြီး နံနက်ပိုင်းတွင် သစ်ပုပ်ပင်အောက်နှင့် ဝိဇ္ဇာခန်းမရှေ့မြက်ခင်းပြင်များတွင် အခြေခံစစ်ပညာကိုလည်းကောင်း၊ နေ့လယ်ပိုင်းများတွင် ဝိဇ္ဇာ/သိပ္ပံ စာသင်ခန်းများ၌ ထိုစဉ်က လမ်းစဉ်ပါတီသဘောတရားနှင့် နိုင်ငံရေးသိပ္ပံဘာသာရပ်များကိုလည်းကောင်း တက်ရောက်ခဲ့ကြရပါသည်။

သင်တန်းများတွင် နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများနှင့်သာမက မြို့နယ်လမ်းစဉ် လူငယ်ခေါင်းဆောင်သင်တန်း အမှတ်စဉ် (၂၃) သို့ တက်ရောက်လာသည့် နိုင်ငံတစ်ဝန်းရှိ မြို့နယ်အသီးသီးမှ ကျောင်းသား ကျောင်းသူများနှင့်လည်း ဆုံစည်းခွင့် ခင်မင်ရင်းနှီးခွင့်များ ရရှိခဲ့ပါသည်။ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းနှင့် အင်းလျားလေးစခန်းတွင် ပြုလုပ်သော စီမံကိန်းဝင်လူငယ်တွေ့ဆုံပွဲနှင့် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များ ဓမ္မာရုံရှေ့ လူငယ်ဗဟိုမဏ္ဍပ်တွင် ကျင်းပသည့် သင်္ကြန်ပွဲတော်တွင် လည်းကောင်း ပါဝင်ဆင်နွှဲကြရသဖြင့် ထိုစဉ်က တွေ့ဆုံရင်းနှီးခဲ့သော လူငယ်မိတ်ဆွေများသည် နောင်တွင် တပ်ဘက်၊ နယ်ဘက်ဌာနဆိုင်ရာများတွင်လည်းကောင်း၊ ယခုခေတ် လူမှုကွန်ရက်များ ပေါ်တွင်လည်းကောင်း ပြန်လည်ဆုံစည်းကြရပြီး တစ်သက်တာမိတ်ဆွေများအဖြစ် ရင်းနှီးခွင့် ရရှိစေခဲ့ပါသည်။




**၁၉၂၃ မှ ၁၉၂၇ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းအလှူငွေများကောက်ခံ၍ ရန်ကုန်တက္ကသိုလ်အဆောက်အအုံများ ဆောက်လုပ်ပေးခဲ့သူ ဘုရင်ခံ Sir Spencer Harcourt Butler** (အထောက်အထား – လူထုဦးလှရေးသည့် ကျွန်တော် ဖြူရိုကရက်စာအုပ်မှ)

စာရေးသူသည် တပ်မတော်သို့ ဝင်ရောက်ခဲ့သည့်အတွက် ဒုတိယနှစ် ကျောင်းတက်ဆဲကာလတွင် အမိစီးပွားရေးတက္ကသိုလ်ကို နှုတ်ဆက်ခွဲခွာခဲ့ရပြီး ၁၉၉၃ ခုနှစ်တွင် ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ တက်ရောက်ခဲ့ရာ ၁၉၉၅ ခုနှစ်တွင် ပထဝီဝင်အဓိကဖြင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သဖြင့် တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမသို့ ပြန်လည်ခြေချခွင့်ရရှိခဲ့ပါသည်။

၁၉၉၉ ခုနှစ်တွင် ရန်ကုန်မြို့၌ တာဝန်ထမ်းဆောင်ခွင့်ရရှိချိန်တွင် ရန်ကုန်စီးပွားရေး တက္ကသိုလ် (လှိုင်နယ်မြေ) ရှိ စီမံခန့်ခွဲမှုပညာဌာနတွင် ဖွင့်လှစ်သော စီမံအုပ်ချုပ်မှုပညာ ဒီပလိုမာ (Diploma in Management and Administration – D.M.A) သင်တန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့သဖြင့် ဌာနဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ်အထိ အချိန်ပိုင်း နှစ်နှစ်သင်တန်းတက်ရောက်ခဲ့ရာ စီးပွားရေးတက္ကသိုလ်ကျောင်းတက်ဖက် သူငယ်ချင်းဟောင်းများသာမက တပ်ဘက်၊ နယ်ဘက်ဝန်ထမ်းများ၊ ကုမ္ပဏီ/ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGOs) ဝန်ထမ်းများ၊ လုပ်ငန်းရှင်များကိုပါ ခင်မင်ရင်းနှီးခွင့်ရရှိခဲ့ပါသည်။

တစ်ဆက်တည်းမှာပင် ၂၀၀၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ရန်ကုန်တက္ကသိုလ်တွင် လူ့စွမ်းအားရင်းမြစ်ဖွံ့ဖြိုးမှုအစီအစဉ်များအရ စတင်ဖွင့်လှစ်သော ကွန်ပျူတာ ဘွဲ့လွန်ဒီပလိုမာ (Post–Graduate Diploma in Computer Science – P.D.C.S) နှစ်နှစ်သင်တန်းကို ရန်ကုန်တက္ကသိုလ် ကွန်ပျူတာဌာနတွင်လည်းကောင်း၊ အင်္ဂလိပ်စာဌာနတွင် ဖွင့်လှစ်သော Global English Diploma သင်တန်း (Diploma in English) များကိုလည်းကောင်း ပြီးဆုံးအောင်မြင်သည်အထိ တက်ရောက်ခွင့် ရရှိခဲ့ပါသည်။

နေပြည်တော်သို့ ပြောင်းရွှေ့ပြီးနောက် ၂၀၁၂ ခုနှစ်တွင် ရန်ကုန်အဝေးသင်တက္ကသိုလ်က Online စနစ်ဖြင့် ပထမဆုံး စတင်ဖွင့်လှစ်သည့် ဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Law – P.G.D.L) သင်တန်းသို့လည်း တက်ရောက်ခဲ့ပြီး အလုပ်သင်ရှေ့နေ သင်ယူမှု ပြီးဆုံးသည့် ၂၀၁၈ ခုနှစ်တွင် အထက်တန်းရှေ့နေလက်မှတ် ရရှိခဲ့ပါသည်။ လက်ရှိ၌လည်း ၂၀၁၉ ခုနှစ်တွင် နေပြည်တော်၌ ရန်ကုန်စီးပွားရေးတက္ကသိုလ်က ပထမဆုံး စတင်ဖွင့်လှစ်ခဲ့သော အမှုဆောင်များအဆင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမဟာဘွဲ့ (EMPA) သင်တန်းသို့ တက်ရောက်နေဆဲဖြစ်ရာ တစ်သက်တာပညာရေး သင်ယူဆည်းပူးလျက် ရှိနေကြသည့် အစိုးရ/ပုဂ္ဂလိက အလွှာအသီးသီးရှိ မျိုးဆက်သစ် မျိုးဆက်ဟောင်းများစွာနှင့် ဆုံစည်းခွင့်ကိုလည်း ရရှိနေဆဲဖြစ်ပါသည်။

**သမိုင်းအစဉ်အလာကောင်း ဘူမိနက်သန်နေရာ**

ရန်ကုန်တက္ကသိုလ်၏သမိုင်းကို လေ့လာပါက မြန်မာနိုင်ငံတွင် ဖွင့်လှစ်လျက်ရှိသော သက်မွေးဝမ်းကျောင်းတက္ကသိုလ်များ၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်အများစုသည် ရန်ကုန်တက္ကသိုလ်ရှိ ယခင်မဟာဌာနများမှ စတင်သန္ဓေတည်ပေါက်ဖွားလာခဲ့ခြင်းဖြစ်သကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ တက္ကသိုလ်အသီးသီးရှိ တက္ကသိုလ်၊ ကောလိပ်များကိုလည်း ရန်ကုန်တက္ကသိုလ်ဆင်းပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ပါမောက္ခဌာနမှူးများ စသည့် ဆရာကြီး ဆရာမကြီးများဖြင့် စတင်ထူထောင်ခဲ့ကြသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

တက္ကသိုလ်နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် ယခု ၂၀၂၀ ပြည့်နှစ် တစ်နှစ်ပတ်လုံး သတင်းစာများတွင် အမိရန်ကုန်တက္ကသိုလ်က ခေတ်အဆက်ဆက် မွေးထုတ်ပေးခဲ့သည့် ကမ္ဘာသိ မြန်မာသိနိုင်ငံခေါင်းဆောင်များ၊ ပညာရှင်များ၊ အနုပညာရှင်များ၊ အားကစားမောင်မယ်များ၏ ဂုဏ်ယူဖွယ်ရာ အတ္ထုပ္ပတ္တိများကို ဆောင်းပါးရှင်အသီးသီး၏ ရေးသားတင်ပြမှုများကြောင့် နိုင်ငံ့သားကောင်း သမီးကောင်း ထူးချွန်ပုဂ္ဂိုလ်များ၏ အစဉ်အလာကောင်းများ၊ စံနမူနာကောင်းများကို မျိုးဆက်သစ်များအနေဖြင့် ဂုဏ်ယူစွာ ဆက်လက်ကြိုးပမ်း လက်ဆင့်ကမ်းနိုင်ရေးအတွက် အင်အားသစ်များကို ဖြစ်ပေါ်စေခဲ့ပါသည်။



## “ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း”

- အမည်ရင်း – ဦးလင်းအောင်
- ငယ်နာမည် – ဝင့်သူဝင်း
- ၁၉၈၂ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ စတင် တက်ရောက်ခဲ့ပါသည်။
- ၁၉၈၄ ခုနှစ်တွင် တပ်မတော်သို့ ဝင်ရောက်ခဲ့သည်။
- ၁၉၉၅ ခုနှစ်တွင် ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ပထဝီဝင်အဓိကဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။
- ၂၀၀၂ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ စီမံအုပ်ချုပ်မှုဒီပလိုမာ၊ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာနှင့် အင်္ဂလိပ်စာဒီပလိုမာများ ရရှိခဲ့သည်။
- လက်ရှိတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်က ၂၀၁၉ ခုနှစ်၌ နေပြည်တော်တွင် စတင်ဖွင့်လှစ်သော အမှုဆောင်များအဆင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်းသို့ တက်ရောက်နေဆဲဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်တက္ကသိုလ်ကြီးသည် နိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် လည်းကောင်း၊ လွတ်လပ်ရေးရပြီးကာလ ခေတ်ကာလအခြေအနေအမျိုးမျိုးတွင် လည်းကောင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အားကစား၊ ရုပ်ရှင်၊ ဂီတနယ်ပယ်ကဏ္ဍအသီးသီးအတွက် မျိုးဆက်သစ်များကို ပုံသဏ္ဌာန်မျိုးစုံဖြင့် မွေးထုတ်ပေးခဲ့သည့် ဘူမိနက်သန်အဖြစ် ရပ်တည်လာခဲ့မှုသည် ထင်ရှားလျက်ရှိပါသည်။

**လေပြည်ထဲတွင် ငယ်ရုပ်ဆင်ပါစေ**

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင် အထိမ်းအမှတ်အခမ်းအနားကို Virtual စနစ်ဖြင့် ကျင်းပခဲ့ရာ အခမ်းအနားသို့ နိုင်ငံ့အကြီးအကဲများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဝမ်းမြောက်စကားများ၊ ဆန္ဒပြုဆုတောင်းစကားများကို Video Message များဖြင့် ပေးပို့ခဲ့ကြပါသည်။

ထို့ပြင် တက္ကသိုလ်နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် မီဒီယာအသီးသီးတွင် တစ်နှစ်တာလုံး ဖော်ပြခဲ့ကြသည့်ဆောင်းပါးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းမှုများအရ ရန်ကုန်တက္ကသိုလ်ကို အရှေ့တောင်အာရှဂုဏ်ဆောင် နိုင်ငံတကာအဆင့်မီတက္ကသိုလ်အဆင့်သို့ ပြန်လည်တက်လှမ်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ လွတ်လပ်စွာ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရှိသည့်တက္ကသိုလ်အဖြစ် ဦးတည်လျက် တက္ကသိုလ်အဆင့်မြှင့်တင်မှု လုပ်ငန်းများကို မဟာဗျူဟာဖြင့် ရေးဆွဲကြိုးပမ်းအကောင်အထည်ဖော်နေမှု အခြေအနေများကိုပါ အားတက်ဖွယ် သိရှိခွင့်ရရှိခဲ့ကြပါသည်။

ကြုံတောင့်ကြုံခဲ နှစ်တစ်ရာပြည့်အခါသမယကို ဆုံတွေ့ခွင့်ရရှိသည့်ကာလ၌ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း စတင်ပေါ်ပေါက်ခဲ့ပြီး တစ်ကျော့ပြန် ထပ်မံခြိမ်းခြောက်လျက်ရှိနေသော ကိုဗစ် ၁၉ ရောဂါ အပေါ်တားဆီးကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူများသည် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနေရချိန်လည်း ဖြစ်ပါသည်။ ဤအခြေအနေတွင် လွတ်လပ်ရေးရပြီးကာလ ၁၀-၁-၁၉၄၉ ရက်နေ့ တာရာမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် ဆရာကြီးမင်းသုဝဏ်၏ ပျဉ်းမငုတ်တိုကဗျာကို သတိရလျက် အမိမြန်မာနိုင်ငံတော်နှင့် အမိရန်ကုန်တက္ကသိုလ်ကြီး၏ နိမိတ်ပုံကို ထင်ဟပ်ခံစားမြင်ယောင်လာမိပါသည်။ **စာမျက်နှာ ၁၁ သို့**



ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ဥပဒေဘွဲ့လွန်ဒီပလိုမာဘွဲ့ (Online) သင်တန်း ပထမအကြိမ် ဘွဲ့နှင်းသဘင်။

> “အမျိုးသားရေးအတွက် အရေးကြီးသော ရန်ကုန်တက္ကသိုလ်၏ ထိုစဉ်ကာလက ပေါ်ထွန်းလာမှုသည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအတွက် သာမက အမျိုးသားပညာရေးအတွက် အချိန်အခါသင့် တိုက်ဆိုင် ရရှိခဲ့သော အနာဂတ်မြန်မာနိုင်ငံ၏ ကုသိုလ်ကံကောင်းတစ်ရပ်ဟုပင် ဆိုချင်”

# အစဉ်အလာကြီးမားသော အင်းလျားဆောင်

................ ဝင်းမြအေး ................



ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း ဒေါ်မြမြဝင်း၊ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။
- ၁၉၆၅ ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူးဘွဲ့ကို မန္တလေးတက္ကသိုလ်မှ ရရှိခဲ့သည်။
- ၁၉၇၃ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။
- ၁၉၆၆ မှ ၁၉၆၉ ခုနှစ်အထိ အခြေခံပညာဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။
- ၁၉၇၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်ကာလတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မကွေးဒီဂရီကောလိပ်၊ မုံရွာကောလိပ်၊ ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)၊ ထားဝယ်ဒီဂရီကောလိပ်၊ ဒဂုံတက္ကသိုလ်၊ မန္တလေးအဝေးသင် တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်တို့တွင် နည်းပြမှ စတင်၍ ပါမောက္ခ၊ ဌာနမှူးတာဝန်အထိ အဆင့်ဆင့်အမှုထမ်းခဲ့သည်။
- မကွေးဒီဂရီကောလိပ် မြတ်လေးဆောင်၊ ရွှေမန်းဆောင်၊ ရန်ကုန်တက္ကသိုလ် သီရိဆောင်တို့တွင် အဆောင်နည်းပြတာဝန်၊ ရန်ကုန်တက္ကသိုလ် အင်ကြင်းဆောင်၊ အင်းလျားဆောင် (၁၉၈၆ မှ ၁၉၉၆ ခုနှစ်အထိ) တို့တွင် အဆောင်မှူးတာဝန်ထမ်းဆောင်ခဲ့သည်။
- အငြိမ်းစားယူမှု – နိုင်ငံတော်၏ လိုအပ်ချက်အရ သုံးနှစ်တိုး၍ ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ရာ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် သက်ပြည့်အငြိမ်းစားယူခဲ့သည်။
- သင်ကြားရေးတာဝန် – မဟာဘွဲ့ ကျမ်းကြီးကြပ်သူတာဝန်နှင့် ပြင်ပစာစစ် တာဝန်ထမ်းဆောင်ခဲ့သည်။
- ရေးသားထုတ်ဝေမှု – အဝေးသင်ပို့ချချက်စာအုပ်များ၊ ဘာသာရပ်ဆိုင်ရာနှင့် အထွေထွေ ဆောင်းပါးများ ရေးသားခဲ့သည်။
- ကဗျာဆောင်းပါးများကို ဝင်းမြအေး၊ မြနီ၊ မေသစ္စာ ကလောင်အမည်ဖြင့် ရေးသားခဲ့သည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်တည်ထောင်ခဲ့သော ရန်ကုန်တက္ကသိုလ်ကြီးသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် အနှစ်တစ်ရာတင်းတင်းပြည့်ခဲ့လေပြီ။

အနှစ်တစ်ရာပြည့် မြကျွန်းညီညို ရန်ကုန်တက္ကသိုလ်ကြီးသည် ခံ့ညားသောဘွဲ့နှင်းသဘင်၊ သက်တော်ရှည်သစ်ပုပ်ပင်၊ မြင့်မားသော ဂျပ်ဆင်တို့အပြင် ပဲခူးဆောင်၊ ပင်းယဆောင်၊ စစ်ကိုင်းဆောင်၊ အင်းဝဆောင်၊ ဒဂုံဆောင်၊ ရွှေဘိုဆောင်၊ သထုံဆောင်၊ အင်းလျားဆောင်၊ သီရိဆောင်၊ ရတနာဆောင်၊ မာလာဆောင် အဆောင်အသီးသီးတို့နှင့်အတူ အတင့်အတယ် ဂုဏ်ဝင့်ထည်လျက်ရှိပေသည်။

**ရန်ကုန်တက္ကသိုလ်နှင့် အင်းလျားဆောင်**

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဖွင့်လှစ်စဉ်က တက္ကသိုလ်ကျောင်းသူများအတွက် အမျိုးသမီးဆောင်ဟု သီးခြားအဆောင်မရှိသေးပေ။ ၁၉၃၀ မတိုင်မီက တက္ကသိုလ် ကျောင်းသူများသည် Budd Road (ဘဒ်လမ်း) ရှိ ပျဉ်ထောင်အိမ်ကြီးတစ်ဆောင်တွင် ဘော်ဒါအဖြစ် နေကြရသည်။ ထိုစဉ်က အဆောင်ကျောင်းသူ ၃၀ မျှပင်မရှိပေ။ ကျောင်းသွားရန် ဘတ်စ်ကားစီစဉ်ပေးသဖြင့် လွယ်ကူစွာ ကျောင်းတက်ကြရသည်။

အဆင့်မြင့်ပညာ သင်ကြားလိုသော အမျိုးသမီးများအတွက် ရန်ကုန်ယူနီဗာစီတီ၏ ပထမဆုံး အမျိုးသမီးဆောင်ကို ၁၉၃၀ ပြည့်နှစ်မှသာ ဆောက်လုပ်ပြီးစီးသည်။ ထိုအဆောင်ကို အမည်ပေးရန် အမျိုးမျိုးစဉ်းစားကြသည်။ ဝိတိုရိယကန်ဟု ခေါ်ခဲ့သော အင်းလျားကန်ကို မျက်နှာမူ၍ တည်ရှိနေသောကြောင့် 'အင်းလျားဆောင်' ဟု အမည်ခေါ်တွင်လာသည်ဟု သိရသည်။ ၁၉၃၁ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်နိုင်ခဲ့သဖြင့် ရန်ကုန်တက္ကသိုလ်ကြီးတွင် အင်းလျားဆောင်ကြီးသည် ပထမဆုံးသော အမျိုးသမီးဆောင်အဖြစ် ပေါ်ပေါက်လာခဲ့ပေသည်။ ဤသို့ အစဉ်အလာကြီးမားသော အင်းလျားဆောင်ကြီးသည်လည်း ၂၀၃၁ ခုနှစ်တွင် အနှစ်တစ်ရာပြည့်တော့မည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် ထူးချွန်ထက်မြက်သူများကို မွေးထုတ်ပေးရာ အဆောင်ကြီးဖြစ်ပေသည်။

အင်းလျားလမ်းဘက်သို့ မျက်နှာမူနေသော အင်းလျားဆောင်ကြီးသည် ပတ္တမြားအရောင် လွှမ်းနေသည့် အချိုးကျကျ လှပတင့်တယ်စွာ တည်ရှိနေသည့် နှစ်ထပ်ဆောင်အဆောင်ကြီးတစ်ခုဖြစ်သည်။ သရက်၊ ပိန္နဲ၊ ဒူးရင်း၊ တညင်း၊ သစ်တို၊ လက်ပံ စသောအပင်ကြီးများ ခြံရံကာ၊ ငှက်ပျော၊ သဘော်၊ မာလကာ၊ သြဇာစသော အပင်များအပြင် ကံ့ကော်၊ ပိတောက်၊ ယုဇနတို့၏ မွှေးရနံ့ကလည်း အစဉ်သင်းပျံ့နေသည်။ နွေရာသီရောက်ပြီဆိုလျှင် ဥသြ ဥသြ သံချိုနှောသံကြောင့် အလွမ်းဓာတ်ခံရှိ သူတို့အဖို့ လွမ်းစရာမြိုင်ဟုပင် ဆိုလောက်ပါသည်။



အင်းလျားဆောင်မိသားစု ပါမောက္ခချုပ်၏ ပြဝိဒ်ခံယူပွဲနှင့် စကားရည်လုပွဲ မှတ်တမ်းဓာတ်ပုံ။

အင်းလျားဆောင်ကြီးသည် အဝေးကြည့်၊ အနီးကြည့် လှနေရုံမျှမက အဆောင်တွင်းကလည်း အလှပသာဒနှင့် ပြည့်စုံသည်။ အဆောင်တွင်းရှိ Main Hall ခန်းမဆောင်၊ ကျယ်ဝန်းသောမြက်ခင်းပြင်၊ အတွင်းထောင့်လေးထောင့်ရှိစိန်ပန်းနှင့် ကုလားပိတောက်တို့ကလည်း ဘောင်ခတ်၍ အနားသပ်ဘိသို့ရှိသည်။ အင်းလျားဆောင် ဆင်ဝင်မှ လှမ်းမျှော်ကြည့်လိုက်လျှင် ဖြောင့်တန်းနေသော လျှောက်လမ်းနှင့် ဘယ်ညာနှစ်ဖက်ဖူးပွင့်ဝေဆာလျက်ရှိသော နှင်းပန်းဖြူဖြူချစ်စရာ ပန်းလေးများနှင့် ရောင်စုံပန်းလေးများကလည်းအတွင်းအလှနှင့် ပန်ရနေသည်။ နေချင်စဖွယ်၊ နားခို ချင်စဖွယ် ကောင်းလေစွ။

**အဆောင်မှူးများ**

နယ်ပယ်စုံမှလာကြသော သွက်လက်ထက်မြက်ကြသည့် အင်းလျားဆောင်သူများသည် အဆောင်မှူး၊ အဆောင်နည်းပြများ၏ မေတ္တာရိပ်ကို ခိုလှုံကာ အဆောင်မှူးများ၏ လမ်းပြမှုကို ခံယူကြသည့် စည်းကမ်းလိုက်နာတတ်သိလိမ္မာသူလေးများ ဖြစ်သည့်အပြင် စည်းစနစ်ကျကျ ဆောင်ရွက်နိုင်သူများလည်း ဖြစ်ကြသည်။ ၁၉၃၁ ခုနှစ်မှ စတင်ခဲ့သော အင်းလျားဆောင်ကြီးတွင် ပထမဆုံး အဆောင်မှူးမှာ Miss White ဖြစ်သည်။ ကိုလိုနီအငွေ့အသက်ရှိနေဆဲအချိန်ဖြစ်သည်။ ထို့နောက်မှ ဒေါ်အေးရှင်၊ ဒေါ်သိန်းညွှန့်၊ ဒေါ်သိန်းဟန်၊ ဒေါက်တာစန်းစန်းဝေ၊ ဒေါ်မြမြဝင်း၊ ဒေါ်နွဲ့ယဉ်၊ ဒေါက်တာမြတ်မွန်ဦး၊ ဒေါက်တာဝင်းဝင်းသာ၊ ဒေါက်တာမဥ္ဇူမြင့်၊ ဒေါက်တာ ဏီဝင်းဇော်၊ ဒေါက်တာမြတ်စုလှိုင်တို့က စစ်ကြိုခေတ်မှသည် ယနေ့တိုင် အစဉ်အဆက် တာဝန်ကျေပွန်စွာ ဦးဆောင်အုပ်ချုပ် စီမံခဲ့ကြသည်။

**အင်းလျားဆောင်သီချင်းထဲက**

**(မြန်မာ့အသံ ဦးငြိမ်းမောင်)**

– "နိုင်ငံကြီးတစ်ခုရဲ့ တိုးတက်မှုကိုရှာ၊ အထက်တန်းပညာ သင်ကာတတ်လိုကာ၊
– အနာဂတ်ရေးလည်း မျှော်ကာ၊ ဒို့အင်းလျားဆောင်ပေါ်မှာ ပျော်ပျော်ပညာရှာ
– အမျိုးသမီးရှေ့ဆောင်များ၊ အင်းလျားသူတွေ အခြေအနေမြှင့်တင်ကာ
– ထွန်းသစ်စ လဝန်းပမာ၊ တက်သစ်စနေဝန်းပမာ အင်းလျားသူတွေစိတ်မှာ
– ဝိဇ္ဇာ/သိပ္ပံပညာကိုရှာ ဒို့အဆောင်မှူးက ကြီးကြပ်သွန်သင်ကာ"

ဟူသည်နှင့်အညီ အဆောင်ကျောင်းသူ ၃၀၀ ကျော်ရှိသော အင်းလျားဆောင်၏ စားရေးသောက်ရေး၊ နေရေးထိုင်ရေး၊ လူမှုရေး၊ သန့်ရှင်းရေးကအစ အဆောင်နည်းပြခြောက်ယောက်နှင့်အတူ စည်းကမ်းတကျနေထိုင်တတ်စေရန် အစစ တာဝန်ယူဆောင်ရွက်ပေးကြရပါသည်။

ကျွန်မသည် ရန်ကုန်တက္ကသိုလ်အင်ကြင်းဆောင်တွင် (၁–၁–၁၉၈၆)၊ အင်းလျားဆောင်တွင် (၈–၈–၁၉၈၆ မှ ၁–၉–၁၉၉၆) (၁၀)နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ အဆောင်နည်းပြများကလည်း သူ့ဝင်းအလိုက် တာဝန်ယူကြကာ မိသားစုကြီး တစ်စုပမာ မေတ္တာအပြည့်ထား၍ အတူလက်တွဲ ဆောင်ရွက်ခဲ့ကြပါသည်။

"ဓာတ်ပုံများက သူ့ခေတ်သမိုင်းကိုပြောပြနေသည်"ဆိုသည်နှင့်အညီ စိန်ရတုကာလ (၁၉–၆–၁၉၉၅ မှ ၂၅–၆–၁၉၉၅ ရက်နေ့ အထိ) (၇)ရက် ပြသခဲ့သော အင်းလျားဆောင် ဓာတ်ပုံပြပွဲနှင့် တက္ကသိုလ်ရာပြည့်အကြို အထိမ်းအမှတ်အဖြစ် ပြသခဲ့ပြီး (၆–၉–၂၀၁၉ မှ ၇–၉–၂၀၁၉) ရက်နေ့က (၂) ရက်ပြသခဲ့သော ဓာတ်ပုံပြပွဲနှစ်ခုသည် အင်းလျားဆောင် မျိုးဆက်ဟောင်း၏ အောက်မေ့ဖွယ်၊ အားကျအတု ယူဖွယ်များ မြင်တွေ့ကြရသည်။ ထို့ပြင် မျိုးဆက်လတ်၊ မျိုးဆက်သစ်များ ပူးပေါင်း ဆောင်ရွက်ပြသခဲ့ကြသည့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် မျှော်မှန်းချက်၊ အင်းလျားဆောင်ကြီး၏ ဖြစ်ပျက်သမျှ အတွေ့အကြုံ၊ ဗဟုသုတအဖုံဖုံတို့မှတစ်ဆင့် ရှေ့ဆောင်လမ်းပြလိုစိတ်၊ အတုယူကြိုးစားလိုစိတ်များ ဖြစ်ပေါ်လာစေခြင်းသည်ပင် ဓာတ်ပုံပြပွဲကြီးက ပေးလိုက်သော အမြတ်များပင် ဖြစ်သည်ဟု ခံယူပါသည်။




အင်းလျားဆောင်တွင် နေထိုင်ကြသည့် ဆရာမ၊ ကျောင်းသူများ မှတ်တမ်းဓာတ်ပုံ။

**ဓာတ်ပုံပြပွဲမှရလဒ်များ**

အင်းလျားဆောင်ကြီး၏ အမျိုးသားနိုင်ငံရေး၊ စာပေနှင့် အနုပညာ၊ ဘာသာရေး၊ အားကစားနှင့် အထွေထွေတို့ကို သိရှိလာကြသည်။ ထိုခေတ်က ကျောင်းသူများသည် တက်ကြွသည်၊ စိတ်ဓာတ်ကြံ့ခိုင်သည်၊ လုပ်ရည်ကိုင်ရည်ရှိသည်၊ အင်းလျားဆောင်၏ ဂုဏ်သတင်းမွှေးပျံ့ရေးကို အလေးထားသည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

အင်းလျားမျိုးဆက်ဟောင်းများက စံနမူနာကောင်းများကို လက်ဆင့်ကမ်းခဲ့ကြသည်။ ဤသို့သောမျိုးဆက်ဟောင်းတို့၏ကောင်းမွေကို မျိုးဆက်လတ်များ၊ မျိုးဆက်သစ်များကလည်း ယူဆောင်နိုင်ကြပြီဖြစ်ကြောင်း ခေတ်ပုံများက သာဓကပြလျက်ရှိပေသည်။

**အမျိုးသားနိုင်ငံရေး**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရန် ကြိုးပမ်းရာတွင် အင်းလျားဆောင်သူများ ပါဝင်ခဲ့သည်။ ၁၉၃၆ ခုနှစ် ဒုတိယအကြိမ် ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ် ဆင်နွှဲရာတွင် ပါမောက္ခ ဒေါ်ခင်မြက ရှေ့ဆုံးမှပါဝင်ခဲ့သည်ကို အသိအမှတ်ပြုသည့် အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဒေါ်ခင်မြ၏ အော်တိုစာအုပ်တွင် အမှတ်တရဂုဏ်ပြုလွှာ ရေးသားခဲ့သည်။ ထို့အတူ MA ဒေါ်အုန်းမှာလည်း နယ်ချဲ့ ပညာရေးစနစ်ကို ဆန့်ကျင်သူ၊ ဖက်ဆစ်ဆန့်ကျင်ရေး ပြည့်လွတ်မြောက်ရေး ကြိုးပမ်းသူ၊ အာရှလူငယ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တက္ကသိုလ်သမဂ္ဂတွင် အင်းလျားဆောင် ကိုယ်စားလှယ်ဖြစ်သည်။

လူထုဒေါ်အမာနှင့် ဒေါ်ခင်မြတို့မှာ အမျိုးသားနေ့အစည်းအဝေး တက်ရောက်သူများဖြစ်သည်။ အမျိုးသားနေ့ လှည့်လည်ရာတွင် ရှေ့ဆုံးကနေ၍ အမျိုးသား အလံကိုင်ဆောင်လိုက်သူတို့ကား အင်းလျားဆောင်ကျောင်းသူ သုံးဦး၊ MA ဒေါ်အုန်း၊ ဒေါ်ခင်မြနှင့် ဒေါ်ခင်သောင်းကြည်တို့ ဖြစ်သည်။ ထို့ပြင် ဒေါ်မမကြီး (ခြင်းကြား)၊ MA ဒေါ်အုန်း၊ လူထုဒေါ်အမာ၊ ပဲခူးဒေါ်ရီရီတို့ စသည်တို့လည်း မျိုးချစ်စိတ်ဓာတ် ဇာတိမာန် ရှိသူများ ဖြစ်ကြသည်။

**စာပေအနုပညာ**

အင်းလျားဆောင်မှ နိုင်ငံကျော် စာပေအနုပညာရှင်များပေါ်ထွန်းခဲ့သည်။ အင်းလျားသူများသည် **"အမျိုးသမီးဂုဏ်ရောင်မြှင့်တင်ရမည်" "မိမိကိုယ်ပိုင်အရည်အချင်း တစ်ခုခုဖြင့် လူ့လောကတွင် ရပ်တည်နိုင်ရမည်"** ဟူသော စိတ်ဓာတ်ခံယူချက် ရှိကြသည်။ (မျိုးဆက်သစ်များ အားကျလာစေရန် **ထူးချွန်ထင်ရှားသူများ**ကို မှတ်တမ်းတင်ခြင်းဖြစ်ပါသည်။)

**စာရေးဆရာမကြီးများ** – လူထုဒေါ်အမာ၊ ဒေါ်ခင်မျိုးချစ်၊ ဒေါ်ကြန်၊ ဒေါ်မြတင် ခြင်းကြား၊ ရှင်နှောင်း၊ ယုဝတီခင်ဦး၊ ကြည်အေး၊ မိုးမိုး (အင်းလျား) စသည်။

**ပါမောက္ခကြီးများ** – ဒေါ်သန်းဆွေ၊ ဒေါက်တာ ဒေါ်သင်းကြည်၊ MA ဒေါ်အုန်း၊ ဒေါက်တာ ဒေါ်ခင်မြ၊ ဒေါ်ခင်မမ၊ ဒေါက်တာဒေါ်ပို စသည်။

**ရွှေတံဆိပ်ဆုရှင် ပညာချွန်များ** – ဒေါ်မိမိခိုင်၊ ဒေါ်ခင်မမ၊ ဒေါ်ဦးခင်လှ၊ ဒေါ်ခင်စုဌေး၊ ဒေါ်ယဉ်ယဉ်ကြည် စသည်။

**ဆရာဝန်ကြီးများ** – ဒေါက်တာ ဒေါ်နန်းဦး၊ ဒေါက်တာ ဒေါ်ရီရီလှ၊ ဒေါက်တာ ဒေါ်မြမြ၊ ဒေါက်တာ ဒေါ်လှလှ၊ ဒေါက်တာ ခင်စိမ်းဝင်း၊ ဒေါက်တာ ခင်ဝင်းရွှေ၊ ဒေါက်တာတင်တင်လင်း စသည်။

**တပ်မတော်အရာရှိများ** – ဒေါ်ခင်လှသီ (ကြည်း)၊ ဒေါ်ခင်နုနု (ရေ)၊ ဒေါ်ရင်မေ၊ ဒေါ်သန်းမြင့်(လေ)၊ ဒေါ်လှသန်း (စက်မှုလေယာဉ်စီးဆုရ)စသည်။

**ကျောင်းအုပ်ကြီးများ** – ဒေါ်စောရင်၊ ဒေါ်သန်းလှ၊ ဒေါ်သိန်းသိန်းတင်၊ ဒေါ်မြင့်သန်း စသည်။

အထွေထွေ – ဒေါ်သန်းဟန် (ညွှန်ချုပ်)၊ ဒေါက်တာ ဒေါ်မြဆွေ (Army)၊ ဒေါ်စိန်စိန် (မော်ကွန်းထိန်း)။

**မယ်တက္ကသိုလ်များ** – ဒေါ်ကြည်ကြည်လှ၊ ဒေါ်ခင်စန်းရီ (ဒေါ်မေစီခ)၊ ဒေါက်တာ ခင်လေးကြီး၊ ဒေါက်တာ ခင်လေးငယ်၊ ဒေါ်နုနုရီ စသည်။




ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုသဘင်အခမ်းအနား၌ မြအင်းလျားအငြိမ့်ခန်းဖြင့် ဖျော်ဖြေနေစဉ်။

**"အဆင့်မြင့်ပညာ သင်ကြားလိုသော အမျိုးသမီးများအတွက် ရန်ကုန်ယူနီဗာစီတီ၏ ပထမဆုံး အမျိုးသမီးဆောင်ကို ၁၉၃၀ ပြည့်နှစ်မှသာ ဆောက်လုပ်ပြီးစီးသည်။ ထိုအဆောင်ကို အမည်ပေးရန် အမျိုးမျိုး စဉ်းစားကြသည်။ ဝိတိုရိယကန်ဟု ခေါ်ခဲ့သော အင်းလျားကန်ကို မျက်နှာမူ၍ တည်ရှိနေသောကြောင့် 'အင်းလျားဆောင်' ဟု အမည်ခေါ်တွင်လာသည်ဟု သိရသည်။ ၁၉၃၁ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်နိုင်ခဲ့သဖြင့် ရန်ကုန်တက္ကသိုလ်ကြီးတွင် အင်းလျားဆောင်ကြီးသည် ပထမဆုံးသော အမျိုးသမီးဆောင်အဖြစ် ပေါ်ပေါက်လာခဲ့"**

(သိရှိသလောက်တင်ပြခြင်းပါ၊ ထူးချွန်သူများ ကျန်နေပါသေးသည်။)

မျိုးဆက်လတ်တို့ ဦးစီးသည့် ခေတ်ပုံပြပွဲတွင် ထူးချွန်ထင်ရှားသူများကို ပုံကြီးချဲ့၍ လှလှပပ တင်ပြခဲ့ပါသည်။ အင်းလျားမျိုးဆက်သစ်ထူးချွန်သူများလည်း အများအပြား တင်ပြထားသည်။

ဦးကျော့မှူး၏ "အင်းလျားဆောင်
မျိုးဆက်သစ်" သီချင်းအတိုင်းပင်
"မမ၊ မမ၊ မမတို့က ရှေ့ကသွားခဲ့သလို
ညီမလေးတို့ မျိုးဆက်သစ်တွေ တိမ်း
မသွားပါ၊ ဘယ်ကိုညာကို ယိမ်းမသွားပါ
အင်းလျားအစဉ်အလာအတိုင်းပညာရေး၊
လူမှုရေး၊ နိုင်ငံတော်အရေး ရှေ့တန်း
ကနေမှာ"နေမည့်သူများ ဖြစ်သည်။

မျိုးဆက်သစ်များ ဖြစ်နေပြီဖြစ်သော အင်းလျားဆောင်သူများမှာ စီးပွားရေးပညာရှင်၊ ကုမ္ပဏီပိုင်ရှင်၊ ခရီးသွားလုပ်ငန်းပိုင်ရှင်၊ ရွှေ ငွေ ကျောက်မျက်ရတနာ ဆိုင်ပိုင်ရှင်၊ ဒီဇိုင်းပညာရှင်၊ မီဒီယာလုပ်ငန်း ဦးဆောင်သူများဖြစ်နေကြပါပြီ။ ထို့ပြင် တတ်သိပညာရှင်အနေနှင့် နိုင်ငံတကာ အကြံပေးပညာရှင်၊ အထူးအကြံပေးပုဂ္ဂိုလ်၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခများ စသည်ဖြင့် နေရာအနှံ့ ကောင်းသတင်းမွှေးပျံ့လျက်ရှိသည်။ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် KBZ Bank ပိုင်ရှင် ဒေါ်နန်းသန်းထွေးတို့မှာလည်း အင်းလျားဆောင် ကျောင်းသူဟောင်းများပင်ဖြစ်သည်။

အင်းလျားဆောင်၏ ဗီရို ၁၀ လုံးနှင့် စုဆောင်းထားရှိသော အင်္ဂလိပ် မြန်မာစာအုပ်များ၊ မဂ္ဂဇင်းဝတ္ထုကို ဖတ်မှတ်လေ့လာရာ စာပေဘဏ်တိုက် **စာကြည့်တိုက်**သည်လည်း သုတအကြားအမြင် တိုးပွားစေသည့် အထောက်အပံ့ကောင်းပင် ဖြစ်သည်။ အင်းလျားဆောင်၏ **"စာပန်းမဥ္ဇူ"** နံရံကပ်စာစောင်သည်လည်း ကဗျာချစ်သူ စာချစ်သူတို့၏ ဝါသနာကို အကောင်အထည်ဖော်ပေးရာ အရည်အသွေးတိုးပေးရာဖြစ်သည်။

ခွဲခြမ်းစိတ်ဖြာ ဆင်ခြင်သုံးသပ်တတ်သော နှုတ်ရည်သွက်လက်ထက်မြက်မှုကို လေ့ကျင့်ပျိုးထောင်စေသည့် ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်ပွဲကို ၂၂-၁-၁၉၈၇ ရက်နေ့က **"စာပေသည် ရုပ်ရှင်ထက်ပြည်သူကို ပို၍အကျိုးပြုသည်"** ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။ ဆရာမကြီး ဒေါ်သီသီထွဋ်က သဘာပတိဖြစ်ပြီး အဆိုရှင် မအမာစိန်၊ မမူမူလွင်၊ မအေးအေးထွေးဖြစ်ပြီး၊ အချေရှင် မမို့မို့၊ မခင်မေသိန်း၊ မခင်ထားဦး တို့ဖြစ်သည်။ သူနိုင်ကိုယ်နိုင် အပြိုင်စကားစစ်ထိုးရာ၊ အဆိုဘက်မှ အနိုင်ရရှိသည်။

ဒုတိယအကြိမ်အဖြစ် ၁-၃-၁၉၈၈ ရက်နေ့က အင်းလျားဆောင် မြက်ခင်းပြင်တွင် ပထမအကြိမ်ကဲ့သို့ပင် ကျင်းပခဲ့ရာ သဘာပတိ ဆရာကြီးဦးဘိုသင်း၊ အကဲဖြတ်များအဖြစ် မြန်မာစာဌာနက ဆရာမကြီးက ဆောင်ရွက်ပေးပါသည်။ သဘာပတိဆရာကြီး၏စကားပြောနည်း၊အတတ်ပညာဆိုင်ရာ ဗဟုသုတ ဩဝါဒစကားများမှာလည်း မှတ်သားနာယူ၍ မကုန်နိုင်ပါ။ စကားရည်လုပွဲခေါင်းစဉ်မှာ **"စတီရီယိုတေးများသည် ပြည်သူအကျိုးပြုတေးများဖြစ်သည်"** ဖြစ်၍ ထိုခေတ်က ဂီတကို စိတ်ဝင်စားနေသူများအဖို့ နားထောင်ရန် ပို၍အားသန်နေကြသည်။

အဆိုရှင်တို့မှာ မဟောလျှံဝုန်၊ မအေးအေးထွေး၊ မသီတာဝင်းတို့ဖြစ်ပြီး အချေရှင်များမှာ မမိုးမိုးသူ၊ မရွှေစင်ဘုန်းနိုင်၊ မမြင့်မြင့်သန်းတို့ ဖြစ်ကြသည်။ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာ ချစ်ဆွေ၊ ဆရာကြီး ဦးဆန်းထွန်းနှင့် ဧည့်သည်တော်များလည်း တက်ရောက်ကြသည်။ စစ်ကိုင်းဆောင် အဆောင်နည်းပြ ဦးဝင်းမော်နှင့်အဖွဲ့ကလည်း မှတ်တမ်းတင်ပေးကြသဖြင့် ကျေးဇူးတင်ရပါသည်။ အဆိုရှင် အချေရှင်တို့က သီချင်းများကို ဟန်ပန်အမူအရာ အသံနေ အသံထားနှင့် သရုပ်ဆောင်ကြရာ လက်ခုပ်သံ ဘဝင်လျှံမျှ အားပေးကြသည်။ အဆိုရှင်ဘက်မှ အနိုင်ရသွားပါသည်။ ဤသို့ဖြင့် အဆောင်သူအချင်းချင်း ပိုမိုရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုရှိစေပြီး လောကအမြင်ကို ပိုမိုဖြန့်ကြက်ပေးစေသော အလေ့အကျင့်ကောင်းများကို ရရှိစေပါသည်။

**ရွှေစင်စာစောင် (၁)၊ ရွှေစင်မဂ္ဂဇင်း (၂)(၃)**

အင်းလျားမျိုးဆက်ဟောင်းများ (မဂ္ဂဇင်းကော်မတီ)၏ ကြိုးပမ်းမှုကြောင့် အဆောင်မှူး ဒေါ်အေးရှင်လက်ထက် (၁၉၄၉-၅၀) တွင် ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစောင်ထုတ်ဝေခဲ့သည်။ အင်းလျားသူများသည် စိတ်ထားဖြူစင်ပြီး အပြစ်အနာအဆာကင်းစင်သူများ၊ အဖိုးတန် အလှမယ်များ ဟူသော ရည်ရွယ်ချက်ဖြင့် အတိုင်ပင်ခံစာတည်းဆရာမကြီး ဒေါ်သန်းဆွေ၊ ဆရာမကြီး ဒေါ်ခင်မေတို့ ဦးစီးထုတ်ဝေသည်။ ရွှေစင်မဂ္ဂဇင်း၊ အမှတ် (၂)ကို ၁၉၉၅ ခု ဒီဇင်ဘာလတွင် ခံ့ညားစွာ ထုတ်ဝေခဲ့သည်။

ရွှေစင်မဂ္ဂဇင်း အမှတ်(၂)တွင် ခေတ်ပုံပြပွဲ၊ ဟောပြောပွဲ၊ သက်ကြီးပူဇော်ပွဲများနှင့် စာပေလက်ရာများ ပါရှိသည်။ သမိုင်းမှတ်တမ်းဝင် ရွှေစင်မဂ္ဂဇင်းဖြစ်သည်။ အမှတ်(၃) ကိုမူ ရွှေစင်၊ အမှတ်(၃) အင်းလျားဆောင်မဂ္ဂဇင်းဟု သတ်မှတ်ကြပြီး မဂ္ဂဇင်းကော်မတီဖွဲ့စည်းကာ ကဏ္ဍစုံမှ အသီးသီးတာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ဤသို့ဖြင့် မျိုးဆက်ဟောင်းတို့၏ အစဉ်အလာကောင်းကို ဆက်လက်အကောင်အထည် ဖော်ခဲ့ကြပါသည်။

**ဟောပြောပွဲ**

စိန်ရတုကာလက အင်းလျားဆောင် Main Hall ခန်းမတွင် **"တက္ကသိုလ် သမိုင်းတွင် အင်းလျားဆောင် ဖြတ်သန်းလာခဲ့သော အခန်းကဏ္ဍ"** ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြသည်။ စစ်ကြိုခေတ်အတွေ့အကြုံကို ဆရာမကြီး ဒေါ်အုန်းခင် (၁၉၃၅)၊ ဆရာမကြီး ဒေါ်မြတင် (၁၉၃၄)တို့က လည်းကောင်း၊ လွတ်လပ်ရေးခေတ် အတွေ့အကြုံကို ဒေါ်အုန်းရီ (၁၉၄၇) က လည်းကောင်း၊ လွတ်လပ်ရေးရပြီးခေတ် အတွေ့အကြုံကို မော်ကွန်းထိန်း ဒေါ်စိန်စိန်နှင့် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ (၁၉၅၈)က လည်းကောင်း၊ ဒေါ်မြမြနှင်း (၁၉၆၉-၇၃) က အဆောင်အတွေ့အကြုံနှင့် မောင်နှမဆောင် ခင်မင်မှုတို့ကို မျိုးဆက်သစ်များအား ဗဟုသုတဖြစ်ဖွယ် လက်ဆင့်ကမ်း ဟောပြောကြသည်။

၂၄ -၂ -၂၀၂၀ ရက်နေ့ ည(၈)နာရီ၊ ဝိဇ္ဇာခန်းမ ရန်ကုန်တက္ကသိုလ်တွင် မျိုးဆက်သစ် အင်းလျားဆောင်က ကြီးမှူး၍ စာရေးဆရာမကြီးမစန္ဒာက "နှစ်ပေါင်း ၇၀ ကျော်သော အခါ" ခေါင်းစဉ်ဖြင့် အမျိုးကို ချစ်တတ်စေရန် ဟောပြောခဲ့သည်။ စာရေးဆရာ မောင်သာချိုကလည်း "ချစ်တတ်ကြပါစေ" ခေါင်းစဉ်ဖြင့် အသံဟန် မာန်ပါပါ ဟာသနှော၍ ကိုယ်ချင်းစာတရားထားကြရန် ဟောပြောခဲ့သည်။ ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာအကြို ဟောပြောပွဲအဖြစ် အင်းလျားက ကျင်းပပေးခြင်းဖြစ်သည်။

**ဂီတအနုပညာ**

စစ်ကြိုခေတ် ဂီတပညာရှင်အဆိုကျော် **မိုးဒေဝါမလှရွှေ** (၁၉၃၉) နှင့် စန္ဒရားတီးသူ အစ်မဖြစ်သူ မသန်းမြင့် (၁၉၃၇)တို့မှာလည်း အင်းလျားဆောင်သူများဖြစ်သည်။ အစ်မကြီး မသိန်းနု (၁၉၃၆)မှာလည်း အကပညာရှင်ဖြစ်သည်။ စန္ဒကိန္နရီယိမ်းအပြင် တပင်တိုင်အက မခင်စောလှိုင်နှင့် MA မအုန်းတို့ ကပြကြသည်။ MA ဒေါ်အုန်းသည် ပွဲတိုင်းကျော်ဖြစ်ပြီး ရွှေတိုင်ညွန့်ကိုယ်တိုင် ကကြိုးကကွက် မြိုင်ဆိုင်ရန် သီချင်းဖွဲ့ပေးရသည်။ မခင်လှသီမှာလည်း စုံနံ့သာရှာပုံတော်မင်းသမီးအဖြစ် သရုပ်ဆောင်ရာတွင် အထူးနာမည်ကြီးသူ ဖြစ်သည်။

**ညစာစားပွဲနှင့် ဆုနှင်းသဘင်**

ရန်ကုန်တက္ကသိုလ်၊ ကျောင်းဆောင်တိုင်း အနှစ်သက်ဆုံး အပျော်ဆုံးပွဲဖြစ်သည်။ အင်းလျားဆောင်ကျောင်းသူများသည် သိပ္ပံချွန်များ၊ ဂုဏ်ထူးတန်းများ၊ ရှားပါးဘာသာရပ်များ၊ ပညာရည်မြင့်မားသူများဖြစ်ကြ၍ ဆုပေးမည်ဆိုလျှင် အနည်းဆုံး ကျောင်းသူ ၂၀၀ ကျော် ပညာရည်ချွန်ဆု ရရှိကြသည်။ ဤပွဲအတွက် အချိန်တစ်လလောက်ယူ၍ ပြင်ဆင်ကြရသည်။ ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များလည်း ပါသည်။ ၁၉၈၇ ခုနှစ် dinner ကို မှတ်မှတ်မိမိရှိနေသည်။ ဖျော်ဖြေရေးအနေဖြင့် မြန်မာ့အသံတီးဝိုင်း၊ အဆိုတော် တူးတူးပါဝင်တဲ့ စတီရီယို Aurora တီးဝိုင်းဖျော်ဖြေရေးနှင့် စိုင်းထီးဆိုင်၊ စိုင်းခမ်းလိတ်တို့ ပါဝင်တဲ့ The Wild Ones ဖျော်ဖြေရေးတို့ဖြစ်သည်။ ကြွရောက်လာကြသည့် ဧည့်သည်များမှာလည်း မပြန်နိုင်ကြ။ ပီတိအားရ ရွှင်ပျပျမျက်နှာများဖြင့် အပြုံးပန်းဝေဆာနေသည်။ မျိုးဆက်ဟောင်းများနှင့် ၁၉၉၄/၉၅ ခုနှစ်က အတူကျင်းပခဲ့ကြသည်ကိုလည်း သတိရနေမိသည်။ အစ်မကြီးများနှင့်အတူ အင်းလျားဆောင်သီချင်းများ၊ မြကျွန်းညိုညို သီချင်းများကို စုပေါင်းသီဆိုခဲ့ကြသည်။ အထူးသတိရစရာမှာ **"မြအင်းလျား"** အငြိမ့်ခန်း ပင်ဖြစ်ပါသည်။

**မြအင်းလျားအငြိမ့်**

"အင်းလျားဆောင်သူတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိ၊ စည်းလုံးမှု၊ စွမ်းအား ပြသည့် အငြိမ့် ဖြစ်သည်။ ယောကျ်ားများနှင့်ရင်ပေါင်တန်းလိုသော မျိုးဆက်ဟောင်း အစ်မကြီး၏ သွေးနှော‌ခဲ့သည်။ အနုပညာကဏ္ဍတွင် မျိုးဆက်သစ်များက အင်းလျား၏ အစဉ်အလာကြီးမားမှုကို ဖော်ညွှန်းပြသဘိသို့ ရှိသည်။

*စာမျက်နှာ ၁၁ သို့*

# ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သော (၇၂) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**သတင်းထုတ်ပြန်ချက်အမှတ် ( ၁၅ /၂၀၂၀)**

၁။ ယနေ့သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ဖြစ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အခြားသော ကမ္ဘာ့နိုင်ငံများ နည်းတူ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အတည်ပြုထုတ်ပြန်ခဲ့ခြင်း အထိမ်းအမှတ်ကို ဂုဏ်ပြု သတ်မှတ်သော ဤမင်္ဂလာရှိသည့် အခါသမယကို ကြိုဆိုအပ်ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ခဲ့သည့်အချိန် မှစ၍ ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံသားများ၏ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များကို မြှင့်တင်ကာကွယ်ရန် ကြိုးပမ်းမှုများ၌ ကြီးမားသော တိုးတက်ဖြစ်ပေါ်မှုများ ရှိခဲ့ကြပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဤအခါသမယ သည် ကော်မရှင်၏ တစ်နှစ်တာ ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ် စဉ်းစားပြီး ကော်မရှင်၏ ဆောင်ရွက်အကောင်အထည်ဖော်နိုင်မှုများ၊ စီစဉ်ထားရှိမှုများ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားနည်းခဲ့မှုများကို မြန်မာနိုင်ငံပြည်သူပြည်သားများ အား တင်ပြရန် အသင့်လျော်ဆုံး ချိန်ခါဖြစ်သည်ဟု ယူဆပါသည်။

၃။ ကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်အတွင်း လုပ်ငန်းများကို အချိန်ကာလ အပိုင်းအခြားများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ် ထားသည့် လုပ်ငန်းစဉ်များချမှတ်ထားသော ကော်မရှင်၏ ၂၀၂၀ ပြည့်နှစ် လုပ်ငန်းစီမံချက်အပေါ် အခြေခံ၍ ဆောင်ရွက်ခဲ့ပါသည်။ COVID-19 ကပ်ရောဂါ၏ အကန့်အသတ်များသည် လုပ်ငန်းစီမံချက်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် ခက်ခဲစေခဲ့ပြီး စီစဉ်ထားသော လူ့အခွင့်အရေး အလုပ်ရုံဆွေးနွေးပွဲများ၊ လူ့အခွင့်အရေး သင်ခန်းစာများ သွားရောက်ပို့ချရန် အစီအစဉ်များ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများနှင့် လူ့အခွင့် အရေးဖောက်ဖျက်မှုများဖြစ်ပွားရာ နေရာဒေသများသို့ သွားရောက်စစ်ဆေးရန် အစီအစဉ်များ စသည့်လုပ်ငန်းအစီအစဉ်များကို ရပ်ဆိုင်းခဲ့ရပါသည်။ သို့သော်လည်း ကော်မရှင်အနေဖြင့် ဖြစ်နိုင်သမျှသော လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ပါသည်။ ယင်း လုပ်ငန်း ဆောင်ရွက်ချက်များမှာ အောက်ပါတို့ဖြစ်ပါသည်-

(က) နိုင်ငံတကာအသိုင်းအဝိုင်းက တောင်းဆိုလျက်ရှိသည့် ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ ပြင်ဆင်ရေးအတွက် ကော်မရှင်သည် ပြည်ထောင်စုတရား လွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီး ဌာနနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ထိတွေ့ဆွေးနွေး၍ ပြင်ဆင်ချက်များကို အပြီးသတ်ပြုစုနိုင်ခဲ့ပါသည်။ ယင်းပြင်ဆင် ချက်များကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားပါသည်။

(ခ) COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုမတိုင်မီ ၂၀၂၀ ပြည့်နှစ် အစောပိုင်းတွင် ကော်မရှင်သည် တွံတေးမြို့နယ်၊ ၄က်အော်စမ်း လူငယ်သင်တန်းကျောင်းနှင့် သန်လျင်လူငယ်သင်တန်းကျောင်း များသို့ သွားရောက်စစ်ဆေးခြင်းအပါအဝင် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများသို့ သွားရောက်စစ်ဆေးမှု (၄၂) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ သွားရောက်စစ်ဆေးရာတွင် တွေ့ရှိချက်များနှင့် ကော်မရှင်၏ အကြံပြု တိုက်တွန်းချက်များကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ ပေးပို့ခဲ့ပါသည်။ အကြံပြု တိုက်တွန်းချက်များအပေါ် သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများမှလည်း အရေးယူဆောင်ရွက်မှုများ၊ တုံ့ပြန်မှုများ ဆောင်ရွက်ပေးခဲ့ခြင်းဖြင့် ကော်မရှင်၏ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရန် တာဝန်နှင့်လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကော်မရှင်အနေဖြင့် ယင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုများကို ကျေးဇူးတင်ရှိပါကြောင်း အသိ အမှတ်ပြု ဖော်ပြအပ်ပါသည်။

(ဂ) COVID-19 ကပ်ရောဂါ ကန့်သတ်ချက်များ ရှိနေသည့်ကြားမှပင် လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုနှင့် စပ်လျဉ်းသည့် တိုင်တန်း ချက် စုစုပေါင်း (၂၁၀၂) စောင်ကို ကော်မရှင်က လက်ခံရရှိခဲ့ပါသည်။ တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးများ နေ့စဉ်ပြုလုပ်၍ စိစစ်ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာ အစိုးရဌာန နှင့် အဖွဲ့အစည်းများသို့ လိုအပ်သလို စိစစ်အရေးယူဆောင်ရွက် ပေးရန် လွှဲပြောင်းပေးပို့ခဲ့ပါသည်။ လူ့အခွင့်အရေးဖောက်ဖျက်မှု ကျယ်ပြန့်စွာဖြစ်ပွားရာ နေရာဒေသများသို့ ကွင်းဆင်းစုံစမ်း စစ်ဆေးမှု (၇) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့များကလည်း ကော်မရှင်မှ လွှဲပြောင်းပေးပို့သော တိုင်တန်း ချက်များအပေါ် အရေးယူဆောင်ရွက်မှု အခြေအနေများအား အလေးထား၍ ပြန်လည်တုံ့ပြန် ဖြေကြားပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှု များကို ဆက်လက်ရရှိရန် မျှော်လင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

(ဃ) ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးဖောက်ဖျက်မှုများနှင့် စပ်လျဉ်း၍ လက်လှမ်းမီ သိရှိမှုကို ပိုမိုမြှင့်တင်ရန်အတွက် ကော်မရှင်သို့ တိုင်တန်းချက်များ ပေးပို့တိုင်ကြားရမည့် သတင်းအချက်အလက်များနှင့် နည်းလမ်းများကို တိုင်းရင်းသား ဘာသာစကား ၁၂ မျိုးဖြင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားလိုင်းတို့အား အသုံးပြု၍ ထုတ်လွှင့်လျက် ရှိပါသည်။

(င) ၂၀၂၀ ပြည့်နှစ်အတွက် လုပ်ငန်းစီမံချက်နှင့်အညီ ကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာ စောင့်ကြည့်ခဲ့ပါသည်။ ကော်မရှင်သည် ရန်ကုန်တိုင်းဒေသကြီး နှင့် နေပြည်တော်အတွင်းရှိ မဲဆန္ဒနယ် ၇ ခုမှ မဲရုံပေါင်း ၂၀ ကို လေ့လာစောင့်ကြည့်ခဲ့ပြီး လေ့လာစောင့်ကြည့်ခဲ့မှု အစီရင်ခံစာ များကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ပါသည်။

(စ) ပါရီအခြေခံမူများအရ အခြားသောအမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများကဲ့သို့ပင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် လူ့အခွင့်အရေး ပညာပေးခြင်း၊ အလှမ်းဝေး သည့်နေရာဒေသများသို့ သွားရောက်ပညာပေးသည့် အစီအစဉ် များ ဆောင်ရွက်ခြင်း၊ သတင်းမီဒီယာများအသုံးပြု ပညာပေးခြင်း၊ စာအုပ်စာတမ်းများ ထုတ်ဝေဖြန့်ချိခြင်း၊ လေ့ကျင့်သင်ကြားပေး ခြင်းများနှင့် တိုက်တွန်းအကြံပြုခြင်းတို့အားဖြင့် လူ့အခွင့်အရေး မြှင့်တင်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့ဖြစ်သည့် အားလျော်စွာ ကော်မရှင်သည် ကိုဗစ်ကာလမတိုင်မီက တပ်မတော်၊ ရဲတပ်ဖွဲ့၊ နိုင်ငံ့ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ ဝန်ထမ်းများအတွက် အစိုးရကဖွင့်လှစ်ပို့ချသော သင်တန်းများ တွင် လူ့အခွင့်အရေးသင်ခန်းစာများ ပို့ချခဲ့ပါသည်။ လူ့အခွင့် အရေးနှင့်စပ်လျဉ်း၍ အလှမ်းဝေးသည့် နေရာဒေသများသို့ သွားရောက်ပညာပေးသည့်အစီအစဉ်များကို ပိုမိုကျယ်ပြန့်သည့် လူမှုအသိုက်အဝန်းများ ပါဝင်နိုင်ရေးအတွက် ရည်ရွယ်၍ အစီအစဉ်များ ချမှတ်လျက်ရှိပါသည်။ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် မြို့နယ်များမှ နိုင်ငံ့ဝန်ထမ်းများအတွက် online လူ့အခွင့်အရေး သင်တန်းများကို ကျင်းပပြုလုပ်ပေးနိုင်ရန်အတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် အတူ နည်းလမ်းများ ရှာဖွေ ဆောင်ရွက်လျက်ရှိပါသည်။

(ဆ) ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၄) ရက်နေ့မှ စ၍ ကော်မရှင်သည် အလေးထားရမည့် လူ့အခွင့် အရေးအခြေအနေများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အများပြည်သူသို့ သတင်းထုတ်ပြန်ချက် ၁၅ စောင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ချက်များတွင် စည်းကမ်းမဲ့ သတ္တုတူးဖော်ရေး လုပ်ဆောင်မှုများကြောင့် လူ့အသက်ပေါင်း များစွာ ဆုံးရှုံးမှုကိစ္စ၊ အမျိုးသမီးများ အခွင့်အရေးအပေါ် ဆိုက်ဘာ ပေါ် မှ အနိုင့်အထက်ပြုကျင့်မှုများ၊ COVID ကပ်ရောဂါ တိုက်ဖျက် ရေး ကြိုးပမ်းအားထုတ် ဆောင်ရွက်ရာတွင် အားနည်းထိခိုက်လွယ် သည့် အုပ်စုများ၏ အထူးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကိစ္စ စသည်တို့နှင့် သက်ဆိုင်သည့် သတင်းထုတ်ပြန်ချက်များ ပါဝင်ပါသည်။ ပါရီအခြေခံမူများအရ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အကြံပြုသည့် အခန်းကဏ္ဍ ဖြစ်သည့်အားလျော်စွာ ကော်မရှင်သည် ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံအတွက် အရေးအကြီးဆုံးသော စာချုပ်နှစ်ရပ်ဖြစ်သည့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည် ဆိုင်ရာသဘောတူစာချုပ်သို့ ပါဝင်အတည်ပြုချုပ်ဆိုရန် သို့မဟုတ် အနည်းဆုံး ပါဝင်လက်မှတ်ရေးထိုးရန်အတွက် နိုင်ငံတော် အစိုးရသို့ အကြံပြုတိုက်တွန်းခဲ့ပြီး ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေး ကုလသမဂ္ဂသဘောတူစာချုပ်တွင် ပါဝင်ရေးအတွက် စည်းရုံး လှုံ့ဆော်မှုများကိုလည်း စတင်ဆောင်ရွက်လျက် ရှိပါသည်။ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည် ဆိုင်ရာ သဘောတူစာချုပ်သို့ ပါဝင်ချုပ်ဆိုရေးအတွက် သက်ဆိုင်ရာသို့ တင်ပြထားပါသည်။

(ဇ) အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆက်ဆံရေးပိုမိုအားကောင်းစေရန် စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေး၊ မြေယာဥပဒေပြင်ဆင်ရေး၊ ပုဂ္ဂလိကလုံခြုံရေးကဏ္ဍဆိုင်ရာ စည်းမျဉ်းများ ပြဋ္ဌာန်းရေး၊ ဒီဂျစ်တယ် အခွင့်အရေးဆိုင်ရာ ပြဿနာရပ်များနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းတို့ စပ်လျဉ်း၍ online ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်း ပါဝင်မှုဖြင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ဟောပြောပွဲနှင့် LGBT အခွင့်အရေးဆိုင်ရာ ဟောပြောပွဲတို့ကို ကျင်းပခဲ့ပါသည်။ ထို့ပြင် ကလေးသူငယ်အခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အခွင့်အရေးများနှင့် စပ်လျဉ်းသော အလုပ်ရုံ ဆွေးနွေးပွဲများကို ကော်မရှင်၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ လှုပ်ရှားဆောင်ရွက်မှုများတွင် ကော်မရှင်နှင့်ထိတွေ့ပူးပေါင်းဆောင်ရွက်ခဲ့သည့် အရပ်ဘက်အဖွဲ့ အစည်းများမှာ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB)၊ ညီမျှခြင်းမြန်မာ (Equality Myanmar)၊ NGO Child Rights Working Group (NCRWG)၊ ရွှေမင်းသားဖောင်ဒေးရှင်း၊ Democracy Reporting International (DRI)၊ Pen Myanmar ၊ Triangle Women Organization၊ LGBT Rights Network အစရှိသည့် အဖွဲ့အစည်းများ ဖြစ်ပါသည်။ Training of Trainers (TOT) အစီ အစဉ်များကိုလည်း ညီမျှခြင်းမြန်မာနှင့် ပူးပေါင်းပြုလုပ်ရန် စီစဉ် ဆောင်ရွက်လျက် ရှိပါသည်။ ကော်မရှင်သည် အမျိုးသား လွှတ်တော်၏ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များနှင့် နေပြည်တော်တွင်တွေ့ဆုံခဲ့ပြီး အဖွဲ့နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်နိုင်မည့် နယ်ပယ်ကဏ္ဍများနှင့်စပ်လျဉ်း၍ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ပါသည်။

(ဈ) နိုင်ငံတကာလူ့အခွင့်အရေးယန္တရားများနှင့် ထိတွေ့ဆက်ဆံရေးနှင့် စပ်လျဉ်း၍ ကော်မရှင်သည် နိုင်ငံတော်အစိုးရက ကုလသမဂ္ဂသို့ တင်သွင်းရန် တာဝန်ရှိသည့် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (UPR) အမျိုးသား အဆင့် အစီရင်ခံစာပြုစုရာတွင် လွတ်လပ်သည့် အကြံပေးခြင်း အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပြီး ကော်မရှင်၏ သီးခြား လွတ်လပ်သည့် UPR အစီရင်ခံစာကိုလည်း ကုလသမဂ္ဂသို့ တင်သွင်းခဲ့ပါသည်။ Video Conferencing စနစ် အသုံးပြု ကျင်းပ ခဲ့သည့် အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့ အစည်းများ ဖိုရမ် (Southeast Asia National Human Rights Institutions Forum - SEANF) ၏ လုပ်ငန်းအဖွဲ့အစည်းအဝေး (၂) ကြိမ်နှင့် ဖိုရမ်၏ (၁၇) ကြိမ်မြောက် နှစ်ပတ်လည် အစည်း အဝေး၊ အာရှ-ပစိဖိတ်အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်း များဖိုရမ် (Asia Pacific Forum of National Human Rights Institutions - APF) နှင့် အဆင့်မြင့် ဆွေးနွေးပွဲ (High Level Dialogue) နှင့် APF နှစ်ပတ်လည်အစည်းအဝေးတို့တွင် online မှ ပါဝင် တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးများတွင် ကော်မရှင်မှ ထိရောက်စွာ ပါဝင်တက်ရောက်နိုင်စေရန်အတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) သည် ကော်မရှင်၏ နည်းပညာအခြေခံအဆောက်အအုံ (IT infrastructure) အဆင့် မြှင့်တင်ခြင်းနှင့် ကော်မရှင်ရုံးဝန်ထမ်းများအတွက် IT နည်းပညာ ကျွမ်းကျင်မှု သင်တန်းတို့ကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီပေးခဲ့ ပါသည်။

(ည) ကော်မရှင်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ပူးပေါင်း၍ စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဘာသာ ရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်သော စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့် အရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပခဲ့ သော အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့ အဖွဲ့ကြီး (Global Alliance of National Human Rights Institutions - GANHRI) ၏ နှစ်ပတ်လည်အစည်းအဝေးကို online မှတစ်ဆင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

(ဋ) ကော်မရှင်၏ ၂၀၂၀ ပြည့်နှစ်အတွက် လုပ်ငန်းစီမံချက် အကောင် အထည်ဖော် ဆောင်ရွက်ခဲ့သည်များကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်၍ ကော်မရှင်၏ ၂၀၂၁ ခုနှစ်အတွက် လုပ်ငန်းစီမံချက်ကို ရေးဆွဲလျက်ရှိပါသည်။ ယခင်နှစ် လုပ်ငန်းစီမံချက်ပါ ရပ်ဆိုင်း ခဲ့ရသည့် ဆောင်ရွက်ရန်ကျန်ရှိသည်များကို အသစ်ရေးဆွဲသည့် စီမံချက်တွင် ပါဝင်မည့် ဆောင်ရွက်ချက် အသစ်များတွင် ပေါင်းစပ်ထည့်သွင်းသွားမည်ဖြစ် ပါသည်။

(ဌ) လက်ရှိတွင် ကော်မရှင်၏ စွမ်းဆောင်ရည်သည် ကုလသမဂ္ဂဖွံ့ဖြိုး မှုအစီအစဉ်နှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်တန်းများကျင်းပပြုလုပ်ခြင်းဖြင့် သိသိသာသာ မြင့်တက် လာခဲ့ပါသည်။ ကော်မရှင်အနေဖြင့် နေပြည်တော်၊ မန္တလေးနှင့် စစ်တွေမြို့များရှိ ကော်မရှင်ရုံးခွဲများအပြင် ရုံးခွဲ (၃) ခုကို ထပ်မံ ဖွင့်လှစ်ရန် စီစဉ်ထားရှိပြီး ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး တွင် ရုံးခွဲ (၁) ခုဖွင့်လှစ်သွားပြီးနောက် ကျန် ရုံးခွဲ (၂) ခုအား ရှမ်း ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဖွင့်လှစ်သွားရန် ရည်ရွယ် ပါသည်။

၄။ COVID-19 ကပ်ရောဂါ အကန့်အသတ်များရှိသည့်ကြားမှာပင် ကော်မရှင် သည် ပါရီအခြေခံမူများနှင့်အညီ ကော်မရှင် ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့် များကို ပြည့်မီစေရန်အတွက် အားထုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့တွင် ကော်မရှင် အနေဖြင့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်တို့အတွက် ရပ်တည်ပြီး ကပ်ရောဂါ၏ ကြီးမားသောသက်ရောက်မှုကိုခံခဲ့ရသော မြန်မာ့လူ့အဖွဲ့အစည်း ပြန်လည်ထူထောင်ရာတွင် အကျိုးပြုပါဝင်ရန်အတွက် ကော်မရှင်၏ အားထုတ် ကြိုးပမ်းမှုများကို မလျှော့ဘဲ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အခိုင်အမာ ကတိကဝတ်ပြုပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်**

# ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ် မန်ယူတို့ လိုက်ပ်ဇစ်ကို အဝေးကွင်းတွင်ရှုံးနိမ့်



ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၃၂ သင်းအဆင့် နောက်ဆုံးပွဲစဉ်ဖြစ်သော အုပ်စုပွဲစဉ်(၆) ပထမနေ့ ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(ဇ)မှ ဂျာမန်မြေတွင် ယှဉ်ပြိုင်ခဲ့သည့် လိုက်ပ်ဇစ်နှင့် မန်ယူပွဲစဉ်တွင် သုံးဂိုး-နှစ်ဂိုးဖြင့် လိုက်ပ်ဇစ်အသင်း အနိုင်ရရှိခဲ့သည်။

ယင်းအုပ်စုသည် ပွဲကျပ်အုပ်စုဖြစ်သည်နှင့်အညီ အမှတ်ကွာခြားမှုမရှိဘဲ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး အိမ်ရှင်လိုက်ပ်ဇစ်သည် ၄-၃-၃ တိုက်စစ်ကစားကွက်ဖြင့် ပွဲထွက်ခဲ့သည်။ ဧည့်သည်မန်ယူအသင်းသည် ၃-၄-၁-၂ ပုံစံဖြင့် ပွဲထွက်လာသည်။ ပထမပိုင်းပွဲစပြီး နှစ်မိနစ်တွင် ဆာဘတ်ဇာဖန်တီးမှုမှတစ်ဆင့် နောက်တန်းကစားသမား အန်ဂျယ်လီနိုက လိုက်ပ်ဇစ်အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ **(ယာအပေါ်ပုံ)** ပွဲချိန် ၁၃ မိနစ်တွင် ဟိုင်ဒါရာက လိုက်ပ်ဇစ်အတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး နှစ်ဂိုးအသာဖြင့် ပထမပိုင်းကို ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ၆၉ မိနစ်တွင် လူစားဝင်ကစားသမား ကလိုင်ဗတ်က လိုက်ပ်ဇစ်အတွက် တတိယမြောက်ဂိုးသွင်းယူပေးခဲ့သည်။ မန်ယူအသင်းသည် ချေပဂိုးရရှိရန် တိုက်စစ်အားသန်သည့် ကစားသမား များဖြင့် လူစားလဲမှုများ ပြုလုပ်ခဲ့ရာ ပွဲချိန်မိနစ် ၈၀ တွင် ပယ်နယ်တီအခွင့်အရေးရရှိခဲ့ပြီး ဘရူနိုဖာနန်ဒက်စ်က အမှားအယွင်းမရှိ ချေပဂိုးတစ်ဂိုးသွင်းယူခဲ့သည်။

လက်ကျန်အချိန်များကို တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၈၂ မိနစ်တွင် လိုက်ပ်ဇစ်နောက်တန်းကစားသမား အီဘရာဟီမာကိုနိတ် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် မန်ယူတို့ ဒုတိယမြောက်ချေပဂိုးရရှိခဲ့သည်။ ပွဲပြီးချိန်တွင် ဂျာမန်မြေ၌ မန်ယူအသင်း သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ယင်းပွဲစဉ်တွင် မန်ယူအသင်း ဘောလုံးပိုင်ဆိုင်မှု အနည်းငယ်အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၉ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ရာ ခုနစ်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင် လိုက်ပ်ဇစ်အသင်းသည် ကိုးကြိမ် ဂိုးကန်သွင်းခွင့်ရရှိခဲ့ပြီး လေးကြိမ်ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ချန်ပီယံလိဂ်ပွဲစဉ်(၆) ရှုံးနိမ့်ခဲ့သည့် မန်ယူအသင်းသည် ရမှတ်ကိုးမှတ်ဖြင့် အဆင့် ၃ တွင် ရပ်တည်နေပြီး ယူရိုပါလိဂ်ပြိုင်ပွဲသို့ တန်းဆင်းကာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ လိုက်ပ်ဇစ်အသင်းသည် ရမှတ် ၁၂ မှတ်ဖြင့် ချန်ပီယံလိဂ် ၁၆ သင်း ရှုံး/ထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၆) အခြားအုပ်စုပွဲစဉ်ရလဒ်များအဖြစ် အုပ်စု(င)တွင် ချယ်ဆီးနှင့် ခရက်စ်နိုဒါ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ဆီဗီလာက ရန်းနက်စ်ကို သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းအုပ်စုရပ်တည်မှုတွင် ချယ်ဆီးက ရမှတ် ၁၄ မှတ်၊ ဆီဗီလာက ၁၃ မှတ်ဖြင့် နောက်တစ်ဆင့်တက်ရောက်ခဲ့ပြီး ခရက်စ်နိုဒါက ရမှတ် ငါးမှတ်ဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲသို့ ဝင်ရောက်ခဲ့ရာ ရန်းနက်စ်က တစ်မှတ်သာ ရရှိခဲ့သည်။ အုပ်စု(စ)တွင် လာဇီယိုနှင့် ကလပ်ဘရုမှာ တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့ပြီး ဒေါ့မွန်က နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းအုပ်စုတွင် ဒေါ့မွန်က ၁၃ မှတ်၊ လာဇီလိုက ၁၀ မှတ်ဖြင့် နောက်တစ်ဆင့်တက်ရောက်ခဲ့ပြီး ကလပ်ဘရုက ရမှတ် ရှစ်မှတ်ဖြင့် ယူရိုပါလိဂ်ဝင်ခဲ့ရာ ဇင်းနစ်က တစ်မှတ်သာရရှိခဲ့သည်။ အုပ်စု(ဆ)တွင် ဒိုင်နမိုကိဗ်က ဖာရန်စီဗာရိုစ်ကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဂျူဗင်တပ်စ်က ဘာစီလိုနာကို စပိန်မြေတွင် သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းအုပ်စုတွင် ဂျူဗင်တပ်စ်နှင့် ဘာစီလိုနာက ရမှတ် ၁၅ မှတ်စီဖြင့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ဒိုင်နမိုကိဗ်က ရမှတ်လေးမှတ်ဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲသို့ ယှဉ်ပြိုင်ရမည်ဖြစ်ကာ ဖာရန်စီဗာရိုစ်က တစ်မှတ်သာ ရရှိထားသည်။

**သီဟ**

❖ *ကျောဖုံးမှ*

လက်စတာအသင်းနှင့် AEK Athens တို့ ပထမအကျော့တွေ့ဆုံခဲ့စဉ်က နှစ်ဂိုး-တစ်ဂိုးဖြင့် AEK Athens ကို အနိုင်ရရှိထားသည်။ လက်စတာအသင်းသည် ပရီမီယာလိဂ်တွင် ၁၁ ပွဲ ကစားပြီး ရမှတ် ၂၁ မှတ်ဖြင့် အဆင့် (၄) နေရာတွင် ရပ်တည်နေသည့်အသင်း ဖြစ်သည်။ သို့သော်လည်း လက်စတာအသင်းသည် နောက်ပိုင်းပွဲစဉ်များတွင် ပုံမှန်ခြေစွမ်းပျောက်ဆုံးနေပြီး နောက်ဆုံးငါးပွဲတွင် ရှက်ဖီးလ်အသင်းကိုသာလျှင် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ကာ စပို့တင်းဘရာဂါအသင်းနှင့် သရေကျထားပြီး လီဗာပူး၊ ဖူလ်ဟမ်၊ ဇော်ရာအသင်းတို့ကို ရှုံးနိမ့်ထားသည်။ ထို့ကြောင့် လက်စတာအသင်းအနေဖြင့် ယခုပွဲစဉ်ကို အနိုင်ရရှိပြီး နောက်တစ်ဆင့်သို့ တက်ရောက်သွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

ယူရိုပါလိဂ် အုပ်စု (H) ၏ အမှတ်ပေးဇယားကို လိုင်လီအသင်းက ရမှတ် ၁၁ ဖြင့် ဦးဆောင်ထားသည်။ ၎င်းနောက်တွင် အေစီမီလန်အသင်းက ၁၀ မှတ်ဖြင့် ရပ်တည်နေသည့်အတွက် အုပ်စုပထမဖြင့် နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် ယခုပွဲစဉ်သည် အရေးပါသည့်ပွဲစဉ်အဖြစ် ရှိနေသည်။ လိုင်လီအသင်းက ဆဲလ်တစ်အိမ်ကွင်းတွင် သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အေစီမီလန်အသင်းက စပါတာပရာဟာအသင်းအိမ်ကွင်းသို့ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အေစီမီလန်အသင်းသည် လက်ရှိတွင် ခြေစွမ်းကောင်းများပြသထားနိုင်သည့်အသင်းဖြစ်ကာ စီးရီးအေတွင် ၁၀ ပွဲ ကစားပြီး ရမှတ် ၂၆ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်သည့်အသင်းဖြစ်သည်။ ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် ယခုပွဲစဉ်ကိုအနိုင်ယူပြီး အုပ်စုပထမနေရာဖြင့် နောက်တစ်ဆင့်သို့ တက်လှမ်းသွားနိုင်မလား စိတ်ဝင်စားဖွယ်ရာပင်။

လိုင်လီအသင်းသည် ယူရိုပါလိဂ် ငါးပွဲကစားပြီး တစ်မှတ်သာရရှိထားသည့် ဆဲလ်တစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည့်အတွက် အုပ်စုပထမဖြင့် နောက်တစ်ဆင့်သို့ တက်လှမ်းရန် အခြေအနေကောင်းများ ပိုင်ဆိုင်ထားသည့်အသင်းဖြစ်သည်။ ထို့ကြောင့် ယူရိုပါလိဂ် အုပ်စု (H) မှ လိုင်လီအသင်းနှင့် အေစီမီလန်အသင်းတို့ နောက်တစ်ဆင့်သို့ မည်သည့်အသင်းက အုပ်စုပထမဖြင့် တက်လှမ်းသွားနိုင်မလဲ သောကြာနေ့ နံနက် ၂ နာရီခွဲတွင် အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။

**အောင်ဇော်**

---

*စာမျက်နှာ ၇ မှ*

"ဖုထစ်ရွတ်တွ ငှက်ဋ္ဌင်းတသို့
ပျဉ်းမငုတ်တို သက်ကြားအိုသည်
ကုန်းမိုထက်တွင် တပင်တည်း။
ခွဆုံအကွေး၊ သစ်ခေါင်းဆွေးလည်း
အဖေးတက်လှာ အိုင်းအမာသို့
ကျယ်စွာဟက်ပက် ခြအိမ်ပျက်။
ကုန်းမိုကမ်းပါး မြေပက်ကြားတွင်
စစ်သားခမောက်ပိန်ခြောက်ခြောက်လည်း
စစ်ရောက်စခန်း လက်ပြည့္ဆွန်း။
ထိုပင်ငုတ်တို ပျဉ်းမအိုသည်
စစ်ကိုလည်းကြုံ ခြအုံလည်းဖြစ်
ဓားထစ်လည်းခံ နေလျှံလည်းတိုက်
လေပြင်းခိုက်လဲ မငိုက်ဦးခေါင်း
နွေသစ်လောင်းသော်
ရွက်ဟောင်းညှာကြွေ ရွက်သစ်ဝေ၍
လေပြေထဲတွင် ငယ်ရုပ်ဆင်သည်
အသင်ယောကျ်ားကောင်းတကား။" (မင်းသုဝဏ်)

အနာဂတ် ပြည်ထောင်စုကြီးအတွက် အားတက်ဖွယ် နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်၊ မျှော်မှန်းချက်ဆောင်ပုဒ်များနှင့်အတူ ထိုအချက်များ အောင်မြင်စေရေးအတွက် နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ၊ အသိပညာရှင်/အတတ်ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူအားလုံး၏ စုစည်းညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်မှုများဖြင့် ရွက်ဟောင်းညှာကြွေ ရွက်သစ်ဝေမည့် ကိုဗစ် ၁၉ အလွန်ကာလ လေပြည်ထဲတွင် ထူးချွန်ထက်မြက်သော ယောကျ်ားကောင်း မိန်းမမြတ် နိုင်ငံ့သားကောင်း သမီးကောင်းများဖြင့် အမိရန်ကုန်တက္ကသိုလ်ကြီးနှင့် အမိမြန်မာနိုင်ငံတော်ကြီးကို ငယ်ရုပ်ဆင်နိုင်ကြစေကြောင်း ဆန္ဒပြုတင်ပြလိုက်ရပါသည်။

**ရည်ညွှန်း**

- **မြန်မာနိုင်ငံပညာရေးစီမံခန့်ခွဲမှု ပြောင်းလဲဖြစ်ပေါ်လာပုံ (၁၈၂၄-၁၉၅၈) - ဦးသာကျော်။ ပထမအကြိမ် (ဩဂုတ်လ ၂၀၁၅) ထုတ်ဝေသူ - Hub Myanmar ။**
- **၂၁-၁၁-၂၀၁၉ ကြေးမုံသတင်းစာခေါင်းကြီး - အမျိုးသားအောင်ပွဲ။**
- **အမျိုးသားနေ့ ရွှေရတုအထိမ်းအမှတ်စာစောင်။**
- **List of colonial governors of Burma; https:// en.wikipedia.org / wiki/ List of colonial-governors of Burma အင်တာနက်စာမျက်နှာ။**
- **ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ် ၅၀ ပြည့် ရွှေရတုနှစ်ပတ်လည်မဂ္ဂဇင်း။**
- **တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ - ရွှေဥဒေါင်း။**
- **ကျွန်တော်ဖြူရိုကရက် - လူထုဦးလှ။**

---

*စာမျက်နှာ ၉ မှ*

'မြအင်းလျား' အငြိမ့်သည် ၁၉၉၅ စိန်ရတုကာလတွင် သုံးကြိမ်ဆက်တိုင် အသုံးတော်ခံပြီး ဖြစ်သည်။ နာမည်ကျော်သည်ထက် ကျော်လာသည်။ ဧည့်သည်တော်များကပင် စောင့်စားကြည့်လိုကြသည်။ ထက်မြက်သူလေးများဖြစ်၍ သင်သမျှတတ်ကြသည်။ လူ့ရွှင်တော်ပိန်ပိန်၊ ကိုဇော်ထူးဦး၊ ကိုဖိုးကံတို့က (၁၉၉၅)တွင် သင်ပေးကြသည်။ မြအင်းလျားအငြိမ့် စတင်သင်ကြားသူများမှာ ဆရာကိုသော်ကနှင့် ဆရာကိုမျိုးဇော်တို့ ဖြစ်ကြသည်။ ၁၉၉၅ ခု မြဝတီ ရုပ်မြင်သံကြားတွင် ရုပ်သံရိုက်ကူးပြီး မြဝတီ ရုပ်မြင်သံကြားမှပင် ထုတ်လွှင့်ခဲ့ဖူးပါသည်။

ထူးခြားဆုံးအငြိမ့်ဖြစ်ရခြင်းမှာ မျိုးဆက်ဟောင်း ဒေါ်ရင်ရင်ကြင် (ဒေါ်နန်စီကြင်) အသက် ၇၀ ကိုယ်တိုင်၊ မင်းသမီးအဖြစ် ပါဝင်တင်ဆက်ထားသောကြောင့် ဖြစ်ပါသည်။ အဆောင်သူ မင်းသမီးနှစ်ယောက်နှင့်အတူ (၁) မယုယုမိုး (ကုန်ထုတ်ဓာတု)၊ (၂) မစောသူဇာလှိုင် (ကွန်ပျူတာသိပ္ပံ)၊ မနန်စီကြင်က နောက်ဆုံးထွက် မင်းသမီးဖြစ်၍ အားလုံးအံ့သြကြရသည်။ မင်းသမီး သုံးလက် ကကြိုးကကွက်မှာ စည်းဝါးကျနလှပလှသည်။

လူ့ရွှင်တော်တို့ကား အထူးဆိုဖွယ်ရာမရှိပါချေ။ တကယ့်အမျိုးသားလူ့ရွှင်တော်အလား ပိုင်နိုင်စွာ သရုပ်ဆောင်နိုင်ကြသည်။ (၃) နှစ်ကခဲ့သော လူ့ရွှင်တော်များကား (၁၉၉၅) မြတ်ထုံး (မိုးသီတာလှိုင်)၊ ဇီဝ (မိုးမိုးခိုင်)၊ ညှပ်စိ (မရီမာမြင့်)၊ ပေတူး (မမြတ်လင်းလှိုင်)တို့ဖြစ်ကြသည်။ ပထမအကြိမ်တွင် မမီမီချစ် (ကျောက်ဖြူ)၊ မဝါဝါရွှေ (အင်္ဂပူ)၊ မချိုနှင်း (ထားဝယ်)၊ မခင်စောဦး(ပုသိမ်)၊ ဒုတိယအကြိမ်တွင် မခင်စောဦး၊ မမိုးမိုးခိုင်၊ မမိုးသီတာခိုင်၊ မသက်စုစုလှိုင်၊ မအေးအေးမော်၊ မရီမာမြင့် တို့ ဖြစ်သည်။ အင်းလျားပျိုဖြူများက 'မြအင်းလျား' အငြိမ့်ခန်းဖြင့် ဆန်းသစ်ဖျော်ဖြေကြသည်မှာ ချီးကျူးဂုဏ်ယူဖွယ်ကောင်းလေစွ။

၁၉၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ခမ်းနားထည်ဝါသော ညစာစားပွဲကြီးကိုလည်း မျိုးဆက်ဟောင်းများနှင့် စုပေါင်းတင်ဆက်ခဲ့သည်မှာလည်း မမေ့နိုင်ပါ။ Led Board ကြီးဖြင့် (စိန်ရတုပါဝင်ခဲ့သမျှ) အတိတ်၏ပုံရိပ်ကိုလည်း တင်ဆက်ကြပြီး အုပ်စုလိုက် ဓာတ်ပုံများ ရိုက်ကြသည်မှာ ပျော်စရာပါ။

**ဘာသာရေး**

တက္ကသိုလ်ဓမ္မာရုံ ဆောက်စဉ်က အင်းလျားမျိုးဆက်ဟောင်းများ ပါဝင်လုပ်အားပေးခဲ့ဖူးကြသကဲ့သို့ မျိုးဆက်သစ်များမှာလည်း အလှူငွေထည့်ဝင်ကြပြီး ဓမ္မာရုံအခမ်းအနားတွင် ပါဝင်ခွင့်ရခဲ့သည်။ အထူးသဖြင့် အင်းလျားဆောင်ကြီးနှင့် လိုက်ဖက်သည့် ဉာဏ်တော် ၁၈'' ရှိ ကြေးဆင်းတုကို ပလ္လင်တကဲတို့နှင့်အတူ ပူဇော်ခဲ့ပါသည်။ ဆရာတော်ဘဒ္ဒန္တဦးဝိစိတ္တသာရာဘိဝံသဆရာတော်နှင့် ခုနစ်ဆက်တိုင် ဘုရား အနေကဇာတင်ပူဇော်ခဲ့ပါသည်။ ၁၉၈၇ ခုနှစ်က အခမ်းအနားတွင် ပညာရေးဝန်ကြီးကိုယ်တိုင် ကြွရောက်ချီးမြှင့်ခဲ့ပါသည်။ စိန်ရတုအကြီးစားပြင်ဆင်ရာတွင် ဘုရားခန်းကြီးမှာ သပ္ပာယ်သော မှန်လုံဘုရားခန်းကြီးဖြစ်သွားပါသည်။ ဝါဆို၊ ကထိန် အလှူများလည်း ပြုလုပ်လှူဒါန်းကြပါသည်။ အထူးတင်ပြလိုသည်မှာ ဤဘုရားခန်းကြီးတွင် ၂၄ နာရီပဌာန်း၊ ၇၂ နာရီ (၃ရက်ကြာ) ပဌာန်းပူဇော်ပွဲ ပြုလုပ်ခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်အဆောင်များအားလုံးမှ အလှည့်ကျ လာရောက်ပူဇော်ကြသည်မှာ ကြည်နူးချမ်းမြေ့ဖွယ် ကောင်းလှပေသည်။ ချောင်းဝဆရာတော်ကြီးအား သိက္ခာထပ်ခြင်း၊ သီပေါဆရာတော်၊ ကုံလုံဆရာတော်များအား ဖူးမြော်ကြခြင်း၊ ညောင်ပင်အိုင် ဆရာတော်ကြီး ကမ္ဘာအေးသံဃမဟာနာယက ဆရာတော်၊ သဒ္ဓမ္မရံသီဆရာတော်ကြီးများအား ပင့်ဖိတ်၍ တရားရေအေး တိုက်ကျွေးကြခြင်းဖြင့် အမျိုးဘာသာသာသနာ လေးစားသော အင်းလျားသူများဖြစ်ကြောင်း သိနိုင်ပေသည်။

**သက်ကြီးပူဇော်ပွဲ**

၁၃-၈-၁၉၉၅ ရက်နေ့ စိန်ရတုကာလက သက်ကြီးပူဇော်ပွဲကို တက္ကသိုလ်များ ဓမ္မာရုံတွင် မျိုးဆက်ဟောင်းများနှင့်အတူ ကျင်းပခဲ့ပါသည်။ အသက် ၇၅ နှစ်အထက်၊ အသက် ၆၀ အထက်၊ အသက် ၆၀ အောက် ဆက်သုံးဆက် ပူဇော်ပွဲဖြစ်ပါသည်။ သက်ကြီး ၄၂ ဦး အနက် ၂၅ ဦးသာ ကြွရောက်ပါသည်။ ယင်းအခမ်းအနားတွင် ဟသံ်ာတရှင်နှောင်းက "ခက်မဆယ်ဖြာ"ချီ အဖြည့်ခံ ရတုဖတ်ကြားခြင်း၊ ဒေါ်အုန်းရီက ကန်တော့ချိုးကို တိုင်ပေးခဲ့ပြီး အမေစု (၈၈)နှစ်၊ ဒေါက်တာဒေါ်ခင်မြ (၇၉)နှစ်၊ ဒေါ်သန်းနု (၇၀)နှစ်တို့က ဆုပေးစကားချီးမြှင့်ကြပါသည်။ ငွေ ၃၀၀၀ိ/ ဆေးဝါးများ၊ မုန့်ပုံးများ စသည်ဖြင့် ကန်တော့ကြသည်မှာ စိတ်နှလုံးချမ်းမြေ့ဖွယ်၊ ကြည်ညို လေးစားဖွယ်၊ အားကျဂုဏ်ယူဖွယ် ကောင်းလှပေသည်။

**အားကစား**

၁၉၄၇ ခုနှစ်၊ စက်တင်ဘာ ၂ ရက်နေ့က အင်းလျားဆောင် ဒေါ်ခင်မြင့်မြင့်၊ ဒေါ်ရီရီတို့ ဦးဆောင်၍ အမျိုးသမီးကျန်းမာကြံ့ခိုင်ရေးအသင်း တည်ထောင်ပြီး ရန်ပုံငွေရှာခဲ့ကြရင်း သရုပ်ပြခဲ့ကြသည်။ မျိုးဆက်ဟောင်း ဒေါ်မျိုးဆင့် (ကြက်တောင်) မြန်မာ့ လက်ရွေးစင်နှင့် ဒေါ်မြသူဇာ (ပြေးခုန်ပစ်) ရွှေတံဆိပ်ဆုရှင်တို့ ပေါ်ထွက်ခဲ့သည်။ အင်းလျားမျိုးဆက်သစ်အနေဖြင့် ၁၉၉၆ ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပသော အေရိုးဗစ် အဆောင်လိုက်ပြိုင်ပွဲတွင် ပထမဆု ဆွတ်ခူးခဲ့သဖြင့် ရေကူးသင်တန်းဆင်းပွဲ၊ ဘောလုံးပြိုင်ပွဲတို့တွင် ပဏာမအနေနှင့် ဖျော်ဖြေခဲ့ကြရပါသည်။ ၄-၁-၁၉၉၆ ရက်နေ့တွင် အဆောင်တွင်း အားကစားပြိုင်ပွဲများ ပျော်ပျော်ပါးပါး ကျင်းပခဲ့သည့်အပြင် တက္ကသိုလ်ပရိဝုဏ် အဓိပတိ လမ်းတစ်ပတ် လမ်းလျှောက်ပြိုင်ပွဲတွင်လည်း အင်းလျားဆောင် အဆောင်မှူးနှင့် အဆောင် နည်းပြများပါ ပါဝင်ခဲ့ကြသည်။ ၁၉၉၅ တစ်နှစ်လုံးတွင်လည်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်မော်မော်ရီနှင့်အဖွဲ့က ကျန်းမာကြံ့ခိုင်သင်တန်းများ ပေးခဲ့ပါသည်။

အချုပ်တင်ပြရသော် အစဉ်အလာကြီးမားခဲ့သော အင်းလျားဆောင်ကြီးသည် သမိုင်းကြောင်း ကောင်းခဲ့သလို ထင်ရှားခဲ့သည့် အင်းလျားညီအစ်မများသည် **"တေးရေးကိုမြတ်မင်း၊ တေးဆို တင်ဇာမော် ဆိုခဲ့သည့် အင်းလျားရှိနေသမျှ" သီချင်းအတိုင်း**

**"အင်းလျားသာ တို့နားခိုရာပါ၊ အင်းလျားမှာအတူဆုံမှာ၊**
**အင်းလျားဟာ အစဉ်တည်တံ့နေမှာ သေချာ၊ ဂုဏ်ယူနေမှာ**
**အင်းလျားရဲ့အဆောင်သူလေးများပါ"**

ဟု ကမ္ပည်းတင်လိုက်ချင်ပါတော့သည်။

# နှစ် ၁၀၀ ပြည့် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဦးအရိယကျောင်း၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း၏ စီစဉ်မှုဖြင့်မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ခရစ်နှစ် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၉ ရက်တွင်ကျရောက်သော နှစ် ၁၀၀ ပြည့် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ယူနီဗာစတီအက်ဥပဒေ သပိတ်တိုက်ပွဲ စတင်ဆင်နွှဲရာအောင်မြေ ဗဟန်းမြို့နယ်ကြားတောရလမ်းရှိ ဦးအရိယကျောင်းရှေ့ အမျိုးသားရေးကျောက်တိုင်နေရာ၌ ကိုဗစ် ၁၉ ကာလ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်စည်းကမ်းနှင့်အညီကျင်းပသည်။

ရှေးဦးစွာအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က မင်္ဂလာစည်တော်နှင့် မင်္ဂလာမောင်းတို့ကိုသုံးချက်စီ တီး၍ ဖွင့်လှစ်ပေးသည်။

ထို့နောက်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်သူအားလုံးက အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ရှင်သန်မွေးမြူရေးအမျိုးသားအောင်ပွဲနေ့ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်သည် နှစ်၁၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ အမျိုးသားရေးစိတ်ဓာတ်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေးအတွက် အလွန်ပင်အရေးကြီးပါကြောင်း၊ အမျိုးသားအောင်ပွဲနေ့သည် ကျွန်ပညာရေးစနစ်ကို တွန်းလှန်ပြီး လွတ်လပ်ရေးအောင်ပွဲရသည်အထိ ကြိုးပမ်းနိုင်ခဲ့သည့် လှုပ်ရှားဆောင်ရွက်မှုကြီးပင်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက်ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် မြို့မကျောင်းသားကျောင်းသူဟောင်းအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်တိုးတို့က အမျိုးသားအောင်ပွဲနေ့ပေါ်ပေါက်လာပုံနှင့် စပ်လျဉ်း၍ အသီးသီးပြောကြားကြသည်။

ယင်းနောက် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တက်ရောက်လာသူများက ယူနီဗာစတီသပိတ်မှောက်ကျောင်းသားများကောင်စီဝင် ကျောင်းသားကြီး ၂၆ ဦး၏ အမျိုးသားရေးကျောက်တိုင်ရှေ့တွင် ဂုဏ်ပြုအလေးပြုခြင်း၊ မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်တိုးနှင့်အမှုဆောင်များက ဆုတောင်းအမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါအခမ်းအနားမစတင်မီ နံနက်စောစောပိုင်းက မြို့မအမျိုးသားကျောင်းသားကျောင်းသူဟောင်းအသင်းမှ လူငယ်လေးများက သပိတ်မှောက်ကျောင်းသား ၂၆ ဦး၏ နာမည်ပါပိုစတာများ ကိုယ်စားပြုကိုင်ဆောင်ကာ အမျိုးသားရေးကျောက်တိုင်ရှေ့၌ ဂုဏ်ပြုအလေးပြုခြင်း၊ ဆုတောင်းအမျှပေးဝေခြင်းတို့ကိုဆောင်ရွက်ခဲ့ကြသည်။



ရန်ကုန်မြို့ ဗဟန်းကြားတောရလမ်းရှိ ဦးအရိယကျောင်းတိုက်သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၄ ရက် ညနေပိုင်းတွင် ရန်ကုန်ကောလိပ်ကျောင်းသားကြီး ၂၀ နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသား ခြောက်ဦးတို့က ယူနီဗာစတီအက်ဥပဒေကို ဆန့်ကျင်သပိတ်တိုက်ပွဲဆင်နွှဲသွားရန် စည်းဝေးဆုံးဖြတ်ခဲ့သော သမိုင်းဝင်အောင်မြေနေရာပင်ဖြစ်သည်။

**အာကာစိုး၊ ဓာတ်ပုံ - တင်စိုး**

## အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး KBZ MS မှ နိုင်ငံအနှံ့တွင် အာမခံကိုယ်စားလှယ်များခန့်အပ်

**ရန်ကုန် ဒီဇင်ဘာ ၉**

KBZ MS အထွေထွေအာမခံလုပ်ငန်း၏ အသိအမှတ်ပြု အာမခံကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ ပထမနေ့အခမ်းအနားကို ယမန်နေ့က ZOOM online Conferencing ဖြင့် ပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံအနှံ့အပြားရှိ အနယ်နယ်အရပ်ရပ်မှ အာမခံကိုယ်စားလှယ်များက Online မှ တစ်ဆင့် ပါဝင်တက်ရောက်ခဲ့ကြပြီး ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်က ကြိုဆိုနှုတ်ခွန်းဆက် အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ KBZ MS မှ အမှုဆောင်အရာရှိချုပ် Mr. Anil Mancham က KBZ MS အထွေထွေအာမခံအနေဖြင့် နိုင်ငံတော်၏ အာမခံလုပ်ငန်းကဏ္ဍတွင် ဈေးကွက်အများဆုံးဖြင့် ဦးဆောင်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အာမခံလုပ်ငန်းကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးတွင် ပိုမိုလျင်မြန်ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် IT အခြေပြုဒစ်ဂျစ်တယ်နည်းပညာကို ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံ၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြု၍ ခေတ်မီ၍ ပိုမို ကောင်းမွန်သော



အာမခံလုပ်ငန်း ဝန်ဆောင်မှုများကို ပိုမိုတိုးတက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ခေတ်မီ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး အာမခံကိုယ်စားလှယ်များအား အကောင်းဆုံး ဆက်လက် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် KBZ MS ၏ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အနာဂတ်အစီအစဉ်များနှင့်အတူ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် Commercial ဌာနတာဝန်ခံ Mr. Jyothish P.M က ကိုယ်စားပြု ရွေးချယ်ထားသော ကိုယ်စားလှယ်တော်များနှင့် အတူ KBZ MS ၏ အသိအမှတ်ပြု အာမခံကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်း သဘောတူစာချုပ်များတွင် လက်မှတ်ရေးထိုးခဲ့သည်။

ဆက်လက်၍ လက်မှတ်ထိုး စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်စည်းကမ်းများနှင့်အညီ မြန်မာနိုင်ငံအနှံ့တွင် အသိအမှတ်ပြု အာမခံကိုယ်စားလှယ် စာချုပ်ချုပ်ဆိုမှုများအား ရက်သတ္တပတ်ကြာ ဆက်လက်ကျင်းပဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

**ကိုကျော်**

## ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်းသိကောင်းစရာ အမေး၊ အဖြေ အစီအစဉ် ဆက်လက် ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၉**

COVID-19 ရောဂါဖြစ်ပွားမှု ကာလအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူကို ပညာပေးမျှဝေပေးမည့် "ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်"ကို နိုဝင်ဘာ၂၅ရက်မှစ၍ အပတ်စဉ်ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီ မိနစ် ၃၀ မှ ည ၇ နာရီ အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

ဒီဇင်ဘာ ၁၀ ရက် (ကြာသပတေးနေ့) ညနေတွင် မြန်မာနိုင်ငံ၏ Digital အသွင်ပြောင်းမှုအတွက် အွန်လိုင်းပေါ်က အလုပ်အကိုင်အခြေအနေ၊ အလုပ်အကိုင်အခွင့်အလမ်းရှာဖွေနိုင်မှုအခြေအနေနှင့် ပြင်ဆင်သင့်တာတွေနဲ့ပတ်သက်ပြီး ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာအစီအစဉ်အား ချိတ်ဆက်ကုမ္ပဏီလီမိတက် (CEO) ဒေါ်ဟန်နီမြဝင်း၊ MMtutors (Co-founder & CEO) ဒေါ်ဖူးပွင့်အိမ် တို့က ဆွေးနွေးကြမည်ဖြစ်ရာ ၎င်းဆွေးနွေးချက်များကို ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ရွှေပြည်သာမြို့နယ်တွင် အဓမ္မပြုကျင့်ပြီး ဖုန်းလုယက်သူနှစ်ဦးကို နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၉**

ရွှေပြည်သာမြို့နယ် (၁၇/၃)ရပ်ကွက် အပိုင်း(၅) တရားလို မ----သည် ဒီဇင်ဘာ ၇ ရက်ည ၈ နာရီခွဲခန့်က ဝါးတရာစက်မှုဇုန်ရှိ စက်ရုံမှ အလုပ်ဆင်းပြီး ခင်ပွန်းဖြစ်သူနှင့်အတူ စက်ဘီးစီး၍ ပြန်လာစဉ် အမျိုးသားနှစ်ဦး ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး "မင်းတို့မှာ ဘာတွေရှိလဲ၊ ရှိတာထုတ်ပေး" ဟု ပြောဆိုသဖြင့် ဖုန်းတစ်လုံးကို ထုတ်ပေးခဲ့ကြောင်း၊ ထို့နောက် ၎င်း၏ ခန္ဓာကိုယ်အား ကိုင်တွယ်သဖြင့် ခင်ပွန်းဖြစ်သူက အရပ်ပုပုအမျိုးသားအား လက်သီးဖြင့် ထိုးခဲ့ကြောင်း၊ ထိုစဉ် အရပ်ရှည်ရှည်အမျိုးသားတစ်ဦးက အရှည်တစ်ပေခွဲခန့်ရှိ ဓားဖြင့် ခုတ်သောကြောင့် ခင်ပွန်းဖြစ်သူ၏ ယာဘက်လက်ချောင်းများတွင် ပြတ်ရှဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ထို့ပြင် ၎င်းအား ဓားဖြင့် ထောက်၍ ဖုန်းကို လုယူကာ ဆိုင်ကယ်ပေါ်သို့ တင်ဆောင်ပြီး (၁၉)ရပ်ကွက်၊ လမ်းဘေး လူရှင်းသည့်နေရာအရောက်တွင် အရပ်ရှည်ရှည်အမျိုးသားက အဓမ္မပြုကျင့်ခဲ့ကြောင်း၊ ယင်းနောက် ရပ်ကွက်အတွင်းမှ ဆိုင်ကယ်မီးရောင်များကြောင့် အဆိုပါအမျိုးသားနှစ်ဦးမှာ ထွက်ပြေးသွားခဲ့သဖြင့် ၎င်းတို့ နှစ်ဦးအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ရွှေပြည်သာမြို့နယ် လှော်ကားနယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ရွှေပြည်သာမြို့နယ် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ရွှေပြည်သာမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ် ကျော်စွာအောင်နှင့် လှော်ကားနယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် လှမျိုးထွန်းနှင့် တပ်ဖွဲ့ဝင်များသည် သတင်းရလျှင်ရချင်း (၁၉)ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဝိုင်းဝန်းပိတ်ဆို့ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက် နံနက် ၂ နာရီ ၂၅ မိနစ်ခန့်တွင် ညီညီထွန်းနှင့် ဝဏ္ဏအောင် ရွှေပြည်သာမြို့နယ်နေသူတို့နှစ်ဦးကို ဖမ်းဆီးရမိ၍ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

◆ *ကျောဖုံးမှ*

ကူညီသည့်အနေဖြင့် ဆန်ရိက္ခာ ယနေ့ပေါက်ဈေးနှုန်းအတိုင်း ဆန်အိတ်ပေါင်း ၁၀၀ ကို အခြေခံလူတန်းစား ၁၀၀၀ ခန့်အား ထောက်ပံ့လှူဒါန်းခြင်းဖြစ်ကြောင်း ကောက်ရိုးနွယ်လူမှုအကျိုးပြုအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းစိန်က ပြောသည်။

"ကိုဗစ်ရောဂါကပ်ဆိုးကြီးကို ကျော်ဖြတ်နေချိန်မှာ နွမ်းပါးသော အခြေခံလူတန်းစားများရဲ့ စားရေးအခက်အခဲကို တတ်နိုင်သမျှ ကူညီလှူဒါန်းပေးနေခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ နှလုံးလှစေတနာ ဆန်အလှူရှင်များပူးပေါင်းပြီး မရမ်းကုန်းမြို့နယ်မှာ လှူဒါန်းမှုတွေ ပြုလုပ်နေသလို အခြားသောမြို့နယ်၊ ရပ်ကွက်တွေမှာလည်း မိမိရပ်ကွက်ပြည်သူအကျိုးကို လုပ်ဆောင်ပေးနိုင်တဲ့အတွက် ကောက်ရိုးနွယ်လူမှုအကျိုးပြုအဖွဲ့၏ လုပ်ဆောင်ချက်အတိုင်း ဆက်လက် ရပ်တည်သွားမှာပါ " ဟု ၎င်းက ပြောသည်။

အဆိုပါလှူဒါန်းမှုတွင် မရမ်းကုန်းမြို့နယ် ၂-ရပ်ကွက်နေ(ကိုမိုးနှင်း)+ဒေါ်ခင်မာဝင်း(သား)ဉာဏ်ထက်မိသားစုက ဆန်အိတ် ၃၀၊ ဘုရင့်နောင်ပွဲရုံလမ်း ၁-ရပ်ကွက်နေ ဦးအောင်နိုင် (King ခုနစ်လွှာပေါက်စီ)က ဆန်အိတ် ၁၀ အိတ်၊ သန့်ဇင်လမ်းရပ်ကွက်နေ ဦးခင်ကြွယ်၊ ဒေါ်ခင်သိန်းမြင့်၊ ကြွယ်စတိုးက ဆန်နှစ်အိတ်၊ ၂-ရပ်ကွက်နေ ဦးသောင်းစိန်နှင့်ညီအစ်ကိုမောင်နှမများက ဆန် ၅၈ အိတ်တို့ စုပေါင်း၍ အနေးယာဉ် တစ်စီးလျှင် ဆန်သုံးပြည်နှုန်း လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

# ဘိုင်ဒင်အစိုးရလက်ထက် ပထမဆုံး ရက် ၁၀၀ အတွင်း အမေရိကန်ပြည်သူများကို ကိုဗစ်–၁၉ ကာကွယ်ဆေး သန်း ၁၀၀ ထိုးပေးမည်

**ဝါရှင်တန် ဒီဇင်ဘာ ၉**

အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်က ၎င်း၏အစိုးရသစ်လက်ထက် ရက်ပေါင်း ၁၀၀ အတွင်း အမေရိကန်ပြည်သူများကို ကိုဗစ်–၁၉ ကာကွယ်ဆေးသန်း ၁၀၀ ထိုးနှံပေးရန် ရည်မှန်းထားကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၉ ရက်က ဖော်ပြလိုက်သည်။

အစိုးရသစ် တာဝန်ယူမည့် ဇန်နဝါရီ ၂၀ ရက်မှစပြီး ကိုဗစ်–၁၉ တုံ့ပြန်ဆောင်ရွက်မည့်အဖွဲ့တွင်ပါဝင်သည့် ထိပ်တန်းအဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည့် သတင်းစာရှင်းလင်းပွဲတစ်ခုကိုလည်း အမေရိကန်ရွေးကောက်ခံသမ္မတ ဘိုင်ဒင်က ဒီဇင်ဘာ ၈ ရက်က ပြုလုပ်ခဲ့သည်။

မိမိတို့၏ အလုပ်ကိုပြန်သွားနိုင်ရန်၊ မိမိတို့၏ ပုံမှန်ဘဝများကို ပြန်သွားနိုင်ရန်နှင့် မိမိတို့၏ ချစ်ခင်သူများဆီပြန်သွားနိုင်ရန် ကိုဗစ်–၁၉ တုံ့ပြန်ရေးထိပ်တန်းအဖွဲ့ဝင်များသည် ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် ပထမဆုံးနေ့အတွက် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားလိုက်သည်။

ဘိုင်ဒင်က ၎င်း သမ္မတတာဝန် ထမ်းဆောင်မည့် ပထမဆုံး ရက် ၁၀၀ အတွင်း အမေရိကန်ပြည်သူများကို အများပြည်သူနေရာများတွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရန် တိုက်တွန်းသည့် အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးလိမ့်မည်ဖြစ်သည်။

ထို့အပြင် ကိုဗစ်–၁၉ ကာကွယ်ဆေး အနည်းဆုံး သန်း ၁၀၀ ထိုးနှံပေးရန်လည်း ရည်မှန်းထားကြောင်းနှင့် သမ္မတအဖြစ် တာဝန်ထမ်းဆောင်မည့် ပထမဆုံး ရက် ၁၀၀ အတွင်း စာသင်ကျောင်းအများစုကို ပြန်ဖွင့်ရန်လည်း ကြိုးစားသွားမည်ဖြစ်ကြောင်း ဘိုင်ဒင်က ပြောကြားလိုက်သည်။

အမေရိကန် ရွေးကောက်ခံသမ္မတက ၎င်း၏သမ္မတအဖြစ်တာဝန်ထမ်းဆောင်မည့် ပထမဆုံး ရက် ၁၀၀ အတွင်း ကိုဗစ်–၁၉ ကပ်ရောဂါကို အဆုံးသတ်ပေးနိုင်မည်မဟုတ်ကြောင်း၊ သို့သော်လည်း ကိုဗစ်–၁၉ ရောဂါကို ပြောင်းလဲမှုရှိအောင် လုပ်ဆောင်နိုင်မည် ဖြစ်ကြောင်းနှင့် အမေရိကန်ပြည်သူများ၏ ဘဝကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်ကို တွေ့ရစဉ်။

## သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်အတည်ပြုလူနာ ၂၈၀၀၀ ကျော် ထိရှိလာ

**ကိုလံဘို ဒီဇင်ဘာ ၉**

သီရိလင်္ကာနိုင်ငံရှိ ကိုဗစ်–၁၉ ကူးစက်လူနာအရေအတွက်သည် ဒီဇင်ဘာ ၇ ရက်က အတည်ပြုခဲ့သော ကိုဗစ်–၁၉ ကူးစက်ခံရသူ ၆၀၀ အပါအဝင် ဒီဇင်ဘာ ၈ ရက်တွင် ၂၈၀၀၀ ကျော်လွန်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။

မတ်လကပထမဆုံး ကိုဗစ်–၁၉ ကူးစက်လူနာ တွေ့ရှိခဲ့ချိန်ကတည်းက ဒီဇင်ဘာ ၈ ရက်အထိ ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၂၈၅၈၀ အနက် ၂၀၈၀၄ ဦးသည် ကိုဗစ်–၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာသောကြောင့် ဆေးရုံမှ ဆင်းသွားပြီဖြစ်သည်။

ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ နှစ်ဦးရှိကြောင်း ဒီဇင်ဘာ ၇ ရက်က ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကြောင့်သေဆုံးသူ ၁၄၂ ဦးရှိလာခဲ့သည်။

သီရိလင်္ကာနိုင်ငံတွင် အောက်တိုဘာလက အစုလိုက် ကူးစက်မှုသစ်နှစ်ခု တွေ့ရှိပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ကူးစက် ဖြစ်ပွားမှု ဒုတိယလှိုင်း၏ ရိုက်ခတ်မှုကို ခံစားနေရသည်။ ကူးစက်ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ ဌာန၏ ထုတ်ပြန်ချက်အရ အစုလိုက်အပြုံလိုက်ကူးစက်မှု နှစ်ခုကြောင့် နောက်ထပ် ကိုဗစ်–၁၉ လူနာသစ် ၂၅၀၀၀ ထပ်မံ ကူးစက်မှုဖြစ်ပွားခဲ့ကြောင်းနှင့် မြို့တော် ကိုလံဘို၏ တချို့အစိတ်အပိုင်းများကို ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုမှ တားဆီးကာကွယ်ရန် သီးသန့်ခွဲထားကြောင်း သိရသည်။



သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ကိုဗစ်–၁၉ စမ်းသပ် စစ်ဆေးပေးနေသည်ကို တွေ့ရစဉ်။

မတ်လကတည်းက ဒီဇင်ဘာ ၈ ရက်အထိ ပီစီအာရ်စမ်းသပ်စစ်ဆေးမှုပေါင်း ၉၁၇၀၀၀ နီးပါး ပြုလုပ်ခဲ့ကြောင်းနှင့် ကျန်းမာရေးအာဏာပိုင်များအနေဖြင့် အစုလိုက်အပြုံလိုက်ကူးစက်မှုကို ကာကွယ်ရန် နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ စမ်းသပ်စစ်ဆေးမှုများ ပိုမိုလုပ်ဆောင်မည်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံတွင်ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရန်နှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်မှုများကို ထိန်းသိမ်းဆောင်ရွက်ရန် ဥပဒေတစ်ရပ်ထုတ်ပြန်ခဲ့ပြီး မည်သူမဆို အဆိုပါဥပဒေအား ဆန့်ကျင်ပါက ဒဏ်တပ်ခြင်း ခံရမည်ဖြစ်သလို ထောင်ခြောက်လအထိ ကျခံရနိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**

## အစ္စရေး၌ ကိုဗစ်–၁၉ ကာကွယ်ဆေးကို ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ထိုးနှံပေးမည်

**ဂျေရုဆလင် ဒီဇင်ဘာ ၉**

အစ္စရေး၌ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုကို ဒီဇင်ဘာ ၂၀ ရက်တွင် စတင်မည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံပိုင် ကန်နယူးအေဂျင်စီက ကျန်းမာရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဒီဇင်ဘာ ၈ ရက်တွင် ဖော်ပြလိုက်သည်။

**ကြိုတင်ပြင်ဆင်ထားကြရန် တိုက်တွန်း**

အစ္စရေးကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဟေဇီလယ်ဗီက နိုင်ငံပိုင်ကျန်းမာရေးဌာနများအနေဖြင့် ဒီဇင်ဘာ ၂၀ ရက်တွင် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားကြရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

ယခုရက်မတိုင်မီ အစ္စရေးဆေးရုံများတွင် တာဝန်ထမ်းဆောင်နေကြသော ဆေးဘက်ဆိုင်ရာဝန်ထမ်းများအနေဖြင့် ကာကွယ်ဆေးစတင်ထိုးနှံပေးနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

လယ်ဗီက ကာကွယ်ဆေးထိုးနှံခံမည့် ဦးစားပေးအုပ်စုကို စီစဉ်ဆောင်ရွက် နေကြောင်းနှင့် နောက်နှစ်ရက်အတွင်း ပြီးစီးမည်ဖြစ်ကြောင်း ထပ်လောင်း ပြောကြားလိုက်သည်။

အဆိုပါကာကွယ်ဆေးကို အမေရိကန်ဆေးဝါးကုမ္ပဏီ ဖိုက်ဇာမှ ထောက်ပံ့ပေးခြင်းဖြစ်သည်။ လွန်ခဲ့သောလကဝယ်ယူခဲ့သော ကာကွယ်ဆေးရှစ်သန်းအနက် ပထမဆုံးကာကွယ်ဆေးပို့ဆောင်မှုသည် အစ္စရေးနိုင်ငံသို့ ဒီဇင်ဘာ ၉ ရက်က ရောက်ရှိလာခဲ့သည်။

**ဆင်ဟွာ**

## ဂါဇာကမ်းမြောင်ဒေသသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဖြန့်ဖြူးပေးပို့မည်ဖြစ်ကြောင်း အီးယူကိုယ်စားလှယ်အဖွဲ့ပြော

**ဂါဇာ ဒီဇင်ဘာ ၉**

ဥရောပသမဂ္ဂသည် ဂါဇာကမ်းမြောင်ဒေသတွင် ပြုလုပ်မည့် ကိုဗစ်–၁၉ စမ်းသပ်စစ်ဆေးရန်အတွက် လိုအပ်သောဆေးဝါးပစ္စည်းများကို ထောက်ပံ့မည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးရရှိသည်နှင့် တစ်ပြိုင်နက် ကာကွယ်ဆေးများ ဖြန့်ဖြူးပေးပို့သွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့က ဒီဇင်ဘာ ၈ ရက်က ပြောကြားလိုက်သည်။

ဘားစ်ဒွေါဖ်က ဂါဇာကမ်းမြောင်ဒေသတွင် ယူရိုတစ်ဘီလီယံ ကုန်ကျမည့် ပင်လယ်ရေကိုရေချိုဖြစ်အောင် ပြုလုပ်မည့် လုပ်ငန်းကို လုပ်ဆောင်ရန် လာမည့်သီတင်းပတ်တွင် ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်နှင့် သဘောတူညီချက်တစ်ရပ်တွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ကာကွယ်ဆေးရရှိသည်နှင့် တစ်ပြိုင်နက် ဆေးဘက်ဆိုင်ရာ ဂရုစိုက်စောင့်ရှောက်ပေးနေသော ရှေ့တန်းသူရဲကောင်းများနှင့် သက်ကြီးရွယ်အိုဖျားနာသူများအတွက် ပထမဆုံးထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပါလက်စတိုင်းရှိ ဥရောပသမဂ္ဂကိုယ်စားလှယ် ဆဗန်ဗွန်ဘားစ်ဒွေါဖ်က ဂါဇာရှိ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ဥရောပသမဂ္ဂမစ်ရှင်အဖွဲ့ခေါင်းဆောင်များ၊ သံအမတ်ကြီးများနှင့် ပါလက်စတိုင်းရှိ ဥရောပသမဂ္ဂကောင်စစ်ဝန်များပါဝင်သည့် သံတမန်အဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသသို့ သွားရောက်ပြီးနောက် သတင်းစာရှင်းလင်းပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူများသည် နှစ်ပေါင်း ၁၃ နှစ်ကျော်ကြာ အစ္စရေး၏ ပိတ်ဆို့မှုများအောက်တွင် နေထိုင်နေကြရသည်။

**ဆင်ဟွာ**




ပါလက်စတိုင်းရှိ ဥရောပသမဂ္ဂကိုယ်စားလှယ် ဆဗန်ဗွန်ဘားစ်ဒွေါဖ် ဒီဇင်ဘာ ၈ ရက်က ဂါဇာ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မိန့်ခွန်းပြောနေစဉ်။

# ဂျပန်အစိုးရအဖွဲ့က ကန်ဒေါ်လာ ၇၀၀ ဘီလီယံတန်ကြေးရှိ စီးပွားရေးလှုံ့ဆော်မှု အစီအစဉ်တစ်ရပ်ကို အတည်ပြု



အမေရိကန်ဒေါ်လာ ၇၀၀ ဘီလီယံတန်ကြေးရှိ စီးပွားရေးလှုံ့ဆော်မှု အစီအစဉ်ကို အတည်ပြုလိုက်သည့် ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟီဒဲ။

**တိုကျို ဒီဇင်ဘာ ၉**

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် နောက်ဆက်တွဲ စီးပွားရေး ထိခိုက်မှုကို ကိုင်တွယ်ဖြေရှင်းမည့် အစီအမံများ အပါအဝင် အမေရိကန်ဒေါ်လာ ၇၀၀ ဘီလီယံ တန်ကြေးရှိသည့် စီးပွားရေးလှုံ့ဆော်မှု ရန်ပုံငွေအစီအစဉ်တစ်ရပ်ကို ဂျပန်အစိုးရအဖွဲ့က ဒီဇင်ဘာ ၈ ရက်တွင် အတည်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ငွေကြေးအစီအစဉ်၌ ဆေးရုံများနှင့် ဘိုးဘွားရိပ်သာများအတွက် အကူအညီအထောက်အပံ့များ ပေးအပ်ရန်နှင့် စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးအကူအညီပေးမည့် အစီအစဉ်များပါဝင်ကြောင်း ဖော်ပြသည်။ ဂျပန်နိုင်ငံအနေဖြင့် လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှုကို သုညရာခိုင်နှုန်းအထိ လျှော့ချသွားရန် ကြိုးပမ်းလျက်ရှိရာ အဆိုပါ ရန်ပုံငွေဖြင့် အစိမ်းရောင်နည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အရှိန်မြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်းခရီးသွားလာမှုကို မြှင့်တင်မည့် အစီအစဉ်တစ်ရပ်ကို တိုးချဲ့ရန်အတွက်လည်း အဆိုပါရန်ပုံငွေဖြင့် ငွေကြေးထည့်ဝင်မှု ပြုလုပ်မည်ဖြစ်သည်။ ဝန်ထမ်းအင်အားလျှော့ချမှုမှ ရှောင်လွှဲနိုင်ရန် ကြိုးစားနေသည့် ကုမ္ပဏီများကိုလည်း ဂျပန်အစိုးရက အကူအညီများ ပေးအပ်ရန် စီစဉ်ထားကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟီဒဲအစိုးရအဖွဲ့ ထိပ်တန်းအာဏာပိုင်များနှင့် ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် စီးပွားရေးလှုံ့ဆော်မှု ရန်ပုံငွေအစီအစဉ်နှင့် ပတ်သက်၍ ဆွေးနွေးသည်။ နိုင်ငံအတွင်း၌ အလုပ်အကိုင်များ ဆက်လက်တည်မြဲရေး၊ စီးပွားရေးလုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်စေရေး၊ စီးပွားရေးပြန်လည်ထူထောင်ရေးနှင့် အစိမ်းရောင်နှင့် ဒစ်ဂျစ်တယ်နည်းပညာမှတစ်ဆင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း ပွင့်စေရေးတို့အတွက် အဆိုပါ စီးပွားရေးလှုံ့ဆော်မှု ရန်ပုံငွေအစီအစဉ်ကို ထူထောင်ရခြင်းဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံရှိ ဆေးရုံများတွင် ဆေးဝန်ထမ်းအင်အား အရေးပေါ် လိုအပ်နေ

**တိုကျို ဒီဇင်ဘာ ၉**

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံထားရသည့် လူနာများအား ကုသနေသည့် ဆေးရုံများတွင် ဝန်နှင့်အားမမျှသည့် အခြေအနေကို လျှော့ပါးသက်သာစေရန် အစိုးရက ခရိုင်အသီးသီးရှိ သူနာပြုဝန်ထမ်းများနှင့် ဆရာဝန်များအား ဆေးရုံများသို့ အပြန်အလှန် ပို့ဆောင်စေရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အမျိုးသားအုပ်ချုပ်ရေး အကြီးအကဲများအသင်း၏ ကူညီဆောင်ရွက်မှုဖြင့် ခရိုင်များအချင်းချင်း လုပ်ငန်းပူးပေါင်းဆောင်ရွက်မှု မူဘောင်တစ်ခုကို ထူထောင်ရန် ဂျပန်အစိုးရအရာရှိများက စီစဉ်လျက်ရှိသည်။ ဂျပန်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် စံချိန်တင်ပမာဏအထိ ဆက်လက် တိုးပွားလာလျက်ရှိရာ ဆေးရုံများတွင် လူနာခုတင်များ ပိုမိုဆံ့အောင် ဒေသအာဏာပိုင်များက အမြန်ဆုံး စီစဉ်ဆောင်ရွက်ကြရန် အစိုးရအာဏာပိုင်များက တိုက်တွန်းထားသည်။

ဒီဇင်ဘာ ၈ ရက်က ဂျပန်ကာကွယ်ရေးဝန်ကြီး ကီရှီနိုဘူအိုသည် ရောဂါကူးစက်ခံရသည့် လူနာအရေအတွက် တိုးပွားလာသည့်အခြေအနေကို ကူညီဆောင်ရွက်ရန်အတွက် ဂျပန်အမိမြေကာကွယ်ရေးတပ်ဖွဲ့ကို ဟော့ကိုင်းဒိုးခရိုင်မြောက်ပိုင်း အဆာဟီကာဝါမြို့သို့ သူနာပြုများ စေလွှတ်ပေးရန် အမိန့်ထုတ်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် ဂျပန်အမိမြေကာကွယ်ရေးတပ်ဖွဲ့မှ ဆေးတပ်သားများကို ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာရှိ ကိုဗစ်-၁၉ အရေးပေါ် ကုသဆောင်သို့ ပို့ဆောင်ရန် စီစဉ်နေကြောင်း သိရသည်။

ဆေးဝန်ထမ်း အင်အားကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက သတင်းထောက်များသို့ ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်နိုင်ငံရှိ ဆေးရုံတစ်ရုံ၌ ကိုဗစ်-၁၉ လူနာအား ကုသမှုပေးနေသည့် ဆေးဝန်ထမ်းများကို တွေ့ရစဉ်။

# ခရီးသည်တစ်ဦးတွင် ကိုဗစ် -၁၉ စမ်းသပ်တွေ့ရှိပြီးနောက် အပျော်စီးသင်္ဘော စင်ကာပူသို့ ပြန်လှည့်

**စင်ကာပူ ဒီဇင်ဘာ ၉**

Royal Caribbean အပျော်စီးသင်္ဘောပေါ်တွင် လိုက်ပါသည့် အသက် ၈၃ နှစ်အရွယ် ခရီးသည်တစ်ဦးတွင် ကိုဗစ် -၁၉ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် ဒီဇင်ဘာ ၉ ရက်တွင် သင်္ဘောကို စင်ကာပူသို့ ပြန်လှည့်ခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။ အဆိုပါ ခရီးသည်သည် ဝမ်းလျှောနေကြောင်း သင်္ဘောပေါ်ရှိ ဆေးအဖွဲ့သို့ အကြောင်းကြားပြီးနောက် ကိုဗစ်-၁၉ ရှိ မရှိ စစ်ဆေးခဲ့ခြင်းဖြစ်သည်။

သင်္ဘောပေါ် မတက်မီ ခရီးသည်အားလုံးကို ကိုဗစ်-၁၉ ဆေးစစ်မှုပြုလုပ်ခဲ့ပြီး ထိုစဉ်က အဆိုပါခရီးသည်တွင် ကိုဗစ်-၁၉ စမ်းသပ်တွေ့ရှိခဲ့ခြင်းမရှိပေ။ ယင်း အပျော်စီးသင်္ဘောသည် မည်သည့်မြို့ကိုမျှ ဦးတည်ခြင်းမရှိဘဲ လေးရက်ကြာ ရှုခင်းကြည့်ခရီးစဉ် ထွက်လာခြင်းဖြစ်ပြီး သင်္ဘောပေါ်တွင် ဧည့်သည် ၁၆၈၀ နှင့် သင်္ဘောအမှုထမ်း ၁၁၄၈ ဦး လိုက်ပါလာသည်။ ကိုဗစ်-၁၉ စမ်းသပ်တွေ့ရှိသည့် ခရီးသည်နှင့် ထိတွေ့မိသူများကို သီးခြားခွဲထားပြီး ဆေးစစ်မှုပြုလုပ်ခဲ့ရာအားလုံးတွင် ကိုဗစ်-၁၉ မတွေ့ရှိရဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။

ထိတွေ့မိသူများနောက် ခြေရာခံလိုက်ခြင်းကို အပြီးသတ်လုပ်ဆောင်ပေးပြီးဖြစ်ကြောင်း သိရသည်။

ရောဂါဖြစ်ပွားသူနှင့် အနီးကပ်ထိတွေ့မှုမရှိသော ခရီးသည်များကိုမူ သင်္ဘောပေါ်မှ ဆင်းခွင့်ပေးပြီးနောက် ဆေးစစ်မှုပြုလုပ်ပြီး နေအိမ်သို့ ပြန်ခွင့်ပေးမည်ဖြစ်သည်။ ထို့နောက် ၁၄ ရက်အတွင်း ကျန်းမာရေးအခြေအနေကို စောင့်ကြည့်မည်ဟု သင်္ဘောကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ အန်ဂျီစတီဖင်က ပြောသည်။

**ဆင်ဟွာ**



# ၂၀၃၀ ပြည့်နှစ် တိုကျိုတွင် ဓာတ်ဆီကားသစ် ရောင်းချမှုများ ပိတ်မည်

**တိုကျို ဒီဇင်ဘာ ၉**

ဂျပန်နိုင်ငံ၏ မြို့ကြီးတစ်မြို့ဖြစ်သည့် တိုကျိုမြို့တွင် ၂၀၃၀ ပြည့်နှစ်မှစတင်ကာ ဓာတ်ဆီကားသစ် ရောင်းချမှုကို ပိတ်ပင်သွားမည်ဟု တိုကျိုအုပ်ချုပ်ရေးမှူးက ပြောသည်။

လျှပ်စစ်ကား ရောင်းချမှုကို အားပေးသည့်အနေဖြင့် ယင်းသို့ ပြုလုပ်သွားရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ၂၀၅၀ တွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လုပ်မှုကို သုညရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန်အတွက် ယခုလို ရည်မှန်းချက်ကြီးကြီးထား လုပ်ဆောင်ရခြင်းဖြစ်သည်ဟု အုပ်ချုပ်ရေးမှူး ကိုအီကီယူရီကိုက ဒီဇင်ဘာ ၈ ရက်တွင် ပြောသည်။

ကမ္ဘာပေါ်ရှိ မြို့ကြီးများတွင်လည်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုကို သုညအထိ လျှော့ချနိုင်ရေး လုပ်ဆောင်ကြရန် တာဝန်ရှိသည်ဟု ၎င်းက ဆက်လက် ပြောကြားသည်။

၂၀၃၀ ပြည့်နှစ် ရောက်လျှင် တိုကျိုမြို့တွင် ဓာတ်ဆီကားသစ် ရောင်းချမှုကို အဆုံးသတ်မည်ဖြစ်ပြီး ဓာတ်ဆီမော်တော်ဆိုင်ကယ် ရောင်းချမှုကို ၂၀၃၅ ခုနှစ်တွင် အဆုံးသတ်မည်ဖြစ်သည်။ တိုကျိုမြို့တွင် လျှပ်စစ်ကားသစ်များ ရောင်းချနိုင်ရေး ရည်မှန်းချက်ထားကာ ဆောင်ရွက်လျက်ရှိသည်။ ၂၀၃၀ ပြည့်နှစ်ဝန်းကျင်များတွင် ဓာတ်ဆီကား ရောင်းချမှုကို ပိတ်ပင်နိုင်မည့် ကြေညာချက်မျိုး ထုတ်ပြန်နိုင်ရန် ဂျပန်စက်မှုဝန်ကြီးဌာနက မျှော်လင့်လျက်ရှိသည်။ တိုကျိုအုပ်ချုပ်ရေးမှူး၏ ကြေညာချက်အတိုင်း ဂျပန်ကားလုပ်ငန်းရှင်များသည် သန့်ရှင်းသော စွမ်းအင်သုံးယာဉ်များ ဖြစ်လာနိုင်ရေး အစီအစဉ်ရေးဆွဲချမှတ်ရတော့မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# နီပေါ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၃၈၂ ဦးရှိ

**ခတ္တမန္ဒူ ဒီဇင်ဘာ ၉**

နီပေါနိုင်ငံတွင် ဒီဇင်ဘာ ၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသည့် အတည်ပြုလူနာ ၁၃၈၂ ဦး ထပ်တိုးခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၂၄၃၃၇၇ ဦးအထိ ရှိလာပြီဖြစ်ကြောင်း နီပေါနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လက်ရှိတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၃ ဦး ထပ်မံပေါ်ထွက်ခဲ့ရာ တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက် စုစုပေါင်း ၁၆၃၇ ဦး ရှိလာခဲ့သည်။ နီပေါနိုင်ငံပြည်သူများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရန် ကုန်ကျစရိတ်မှာ ရူပီး ၆၀ ဘီလီယံ ( အမေရိကန်ဒေါ်လာ ၅၀၅ သန်း) ကုန်ကျနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကာကွယ်ဆေး သိုလှောင်သိမ်းဆည်းမှုနှင့် အာနိသင်မပျက်အောင် ဆက်လက်ထိန်းသိမ်းရန် အခြားဝန်ဆောင်မှုကုန်ကျစရိတ်များလည်း ပါဝင်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်ရောဂါအလွန် နိုင်ငံတော်စီးပွားရေးပြန်တက်အောင်



Quarantine ဝင်တဲ့ လူတစ်ယောက်အတွက် တစ်ယောက်အတွက်ဆို ပျမ်းမျှခြင်း ခြောက်သိန်းလောက် နိုင်ငံတော်က ကုန်ပါတယ်။ ဒါရောဂါမဖြစ်ဘဲနဲ့ Quarantine မှာ ပေ့ါနေဒ်။ ရောဂါဖြစ်တဲ့လူတွေနဲ့ ထိတွေ့မှုရှိခဲ့လို့ Quarantine ထဲထည့်ပြီးတော့ ကျွန်မတို့စောင့်ရှောက်ရတဲ့ ပုဂ္ဂိုလ်တွေဆိုရင် တစ်ဦးကို ပျမ်းမျှခြင်း ခြောက်သိန်းလောက်ကုန်ပါတယ်။ အဲဒီတော့ဒါတွေအားလုံး တွက်လိုက်မယ်ဆိုရင် ကျွန်မတို့ တခြားနေရာမှာ သုံးနိုင်တဲ့ငွေတွေ ဘယ်လောက်ဆုံးရှုံးသွားလဲဆိုတာကို စဉ်းစားကြည့်လိုက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဟာ ကိုဗစ်ရောဂါအလွန် အချိန်ကာလမှာ နိုင်ငံတော်စီးပွားရေး ပြန်ပြီးတော့ တက်အောင်လို့ လုပ်ရပါလိမ့်မယ်။ ပြန်လည်ထူထောင်ဖို့အတွက် ငွေတွေအများကြီး လိုပါလိမ့်မယ်။ ဒီငွေတွေကို ကျွန်မတို့ကနေပြီးတော့ ရောဂါကုသရေးအတွက် သုံးတဲ့ငွေတွေကို ရောဂါကုသရေးအတွက် သုံးဖို့မလိုလို့ ဒီစီးပွားရေး ပြန်လည်ထူထောင်ရေးအတွက် သုံးနိုင်မယ်ဆိုရင် ကျွန်မတို့ နိုင်ငံအတွက် ဘယ်လောက်အကျိုးရှိမလဲ။ ကျွန်မတို့ ပြည်သူတွေအတွက် ရေရှည်မှာ ဘယ်လောက် အကျိုးရှိမလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၄–၁၂–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၄၂၇ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၉–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၈–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၀,၈၂၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၄၂၇) ဦး တွေ့ရှိ** ရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၉–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၄၅၂) ခု | (၁၆၀) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၃၉၅) ခု | (၅၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၅၀၈) ခု | (၆၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၅၃၄) ခု | (၂၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၅၄၁) ခု | (၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၃၁၉) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၀၁) ခု | (၁၀၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀၀) ခု | – |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၂) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၆) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၅၆) ခု | (၃၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၀၁၂) ခု | (၆၈၄) ဦး |
| **စုစုပေါင်း** | **(၂၀,၈၂၆) ခု** | **(၁,၄၂၇) ဦး** |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့သူများ၊ အသွားအလာကန့်သတ်ထားရှိသူများနှင့် စောင့်ကြည့်လူနာများ၏ ဓာတ်ခွဲနမူနာများအား ရယူစစ်ဆေးလျက်ရှိရာတွင် COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| | ၃၀-၁၁-၂၀ | ၁-၁၂-၂၀ | ၂-၁၂-၂၀ | ၃-၁၂-၂၀ | ၄-၁၂-၂၀ | ၅-၁၂-၂၀ | ၆-၁၂-၂၀ | ၇-၁၂-၂၀ | ၈-၁၂-၂၀ | ၉-၁၂-၂၀ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၇.၇ | ၇.၈ | ၇.၂ | ၆.၂ | ၇.၀ | ၆.၆ | ၆.၀ | ၆.၆ | ၅.၆ | ၆.၉ |

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၃၀–၁၁–၂၀၂၀) ရက်နေ့မှ (၉–၁၂–၂၀၂၀) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၅,၉၃၅) ခုမှ အများဆုံး(၂၃,၃၄၈) ခု အထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၂၀,၄၀၈)ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ယခုထက် ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်ကြမှသာလျှင် ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာပါမည်။

မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ

(၉–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၀,၈၂၆) ဦး | (၁,၃၅၁,၉၁၈) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၄၂၇) ဦး | (၁၀၃,၁၆၆) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၉၈၉) ဦး | (၈၁,၇၁၅) ဦး |
| သေဆုံးလူနာ | (၂၃) ဦး | (၂,၁၇၄) ဦး |

ယနေ့ **သေဆုံးသူ (၂၃) ဦး**မှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၁၈) ဦးပါဝင်ပါသည်။

- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၉၈၉) ဦးတွင်–
  - o ပြည်သူ့ဆေးရုံများ – (၅၄၆) ဦး
  - o COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၄၄၃) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၉၉၁) ဦးတွင်–

o Hotel Quarantine – (၂၃၂) ဦး
o Facility Quarantine – (၅၆) ဦး
o Community Based Facility Quarantine – (၆၅၅) ဦး
o Anosmia Center – (၄၈) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

## - - - - - ထက်လျှံ - - - - -

**မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် အသွင်ပြောင်းမှုတွင် အိုင်စီတီ (ICT) အခန်းကဏ္ဍ၏ အရေးပါမှုနှင့် လက်ရှိမြန်မာနိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းအခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ် အခြေအနေများနှင့်ပတ်သက်ပြီး ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒီဇင်ဘာ ၉ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး ။** ။ မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုမှာ အိုင်စီတီ အခန်းကဏ္ဍက ဘယ်လောက်အထိ အရေးပါနေသလဲ၊ လက်ရှိမှာ မြန်မာနိုင်ငံရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတွေက ဘယ်လိုတွေရှိနေသလဲဆိုတဲ့ အကြောင်းအရာတွေကို မျှဝေပေးသွားမယ့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်ကနေ ကြိုဆိုပါတယ်။

ဒီနေ့အစီအစဉ်မှာ **မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းဦးနဲ့ မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုပညာအသင်း (HR ကျွမ်းကျင်သူ) ဒေါ်ရွှေရည်ဝင်းလှဲ့** တို့က ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး မေးခွန်းအနေနဲ့ မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုမှာ အိုင်စီတီ အခန်းကဏ္ဍ အရေးပါတဲ့အတွက် လက်ရှိအိုင်တီပညာရှင်တွေ မွေးထုတ်ပေးနေမှု အခြေအနေနဲ့ အိုင်တီပညာရှင်တွေရဲ့ လမ်းကြောင်းတွေက ပြောင်းလဲသွားတာမျိုးတွေ ရှိသလားဆိုတာကို ဖြေကြားပေးစေချင်ပါတယ်။ ဒီအဖွဲ့အစည်းတွေကို ဘယ်လိုအဖွဲ့အစည်းတွေက အသိအမှတ်ပြုပေးနေတယ် ဆိုတာကို ဦးငြိမ်းဦးက မျှဝေပေးပါဦး။

**ဦးငြိမ်းဦး ။** ။ မြန်မာနိုင်ငံအနေနဲ့ အိုင်စီတီ ပညာရှင်တွေ မွေးထုတ်ပေးနေတဲ့ Supply Side က အခန်းကဏ္ဍ နှစ်ခုရှိပါတယ်။ တစ်ခုက Government University ပါ၊ Public Sector ဖြစ်ပါတယ်။ နောက်တစ်ခုက Private Sector ဖြစ်တဲ့ ပုဂ္ဂလိကအပိုင်းကနေ မွေးထုတ်ပေးနေတာ ဖြစ်ပါတယ်။

Public Sector အနေနဲ့ဆိုရင် အိုင်စီတီ ပညာရှင်တွေကို မွေးထုတ်ပေးနေတဲ့ အစိုးရကွန်ပျူတာတက္ကသိုလ် ၂၈ ကျောင်းရှိပါတယ်။ အိုင်စီတီ အထူးပြုမေဂျာတွေကို သင်ကြားလေ့ကျင့်ပေးနေတဲ့ နည်းပညာတက္ကသိုလ်တွေကလည်း ၁၂ ကျောင်းရှိပါတယ်။ အိုင်စီတီပညာကို ပူးတွဲလေ့ကျင့်သင်ကြားပေးနေတဲ့ အစိုးရ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် လေးခုရှိပါတယ်။ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းအနေနဲ့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၀ ခုမှာ အသင်းတွေဖွဲ့စည်းပြီး ကွန်ပျူတာပညာရှင်တွေ မွေးထုတ်ပျိုးထောင်ပေးလျက်ရှိပါတယ်။

ပုဂ္ဂလိက ကဏ္ဍအနေနဲ့ အဆင့်မြင့် ပုဂ္ဂလိကသင်တန်းကျောင်းတွေကနေ အိုင်စီတီအထူးပြု ပညာရပ်တွေ ဘွဲ့သင်တန်းတွေကို နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်သင်ကြားပေးနေတာ ရှိပါတယ်။ Private Skill Training Center တွေအနေနဲ့ အဓိက ကွန်ပျူတာကျွမ်းကျင်မှုကို ရရှိနိုင်ဖို့အတွက် သင်ကြားလေ့ကျင့်ပေးနေတာရှိပါတယ်။

အစိုးရတက္ကသိုလ်တွေအနေနဲ့ ကွန်ပျူတာဘွဲ့တွေ လို့ပြောရင် B.C.Sc, B.C.Tech, B.Sc (Computer Sciences) အခြေခံကျတဲ့ ကွန်ပျူတာဘွဲ့တွေကို တောက်လျှောက် တက္ကသိုလ်အများစုကနေ မွေးထုတ်ပေးနေတာဖြစ်ပြီး နည်းပညာတက္ကသိုလ်တွေက B.E (IT), B.E (Information Science), B.E (Computer Engineering) စသဖြင့် ဘွဲ့တွေကို နှစ်စဉ် ၃၀၀၀ ကျော်/ ၄၀၀၀ လောက် မွေးထုတ်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းအနေနဲ့ အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး လူငယ်အိုင်တီပညာရှင်တွေကို အရည်အချင်းစစ် စာမေးပွဲတွေ ဥပမာ ဂျပန်နိုင်ငံကနေ Organize လုပ်ပြီး နိုင်ငံပေါင်း ခုနစ်နိုင်ငံက အသိအမှတ်ပြုတဲ့ ITPEC Examination လိုဟာမျိုးတွေ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းကိုယ်တိုင် တီထွင်ပြင်ဆင်ထားတဲ့ MCPA Exam လိုဟာမျိုးတွေ ဒါတွေကိုကျင်းပပြီး ပညာရှင်တွေကို မွေးထုတ်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် နိုင်ငံအဆင့် အိုင်စီတီပြိုင်ပွဲတွေကနေ ပညာရှင်တွေ ပိုမိုတိုးတက်ရရှိလာအောင် ဆောင်ရွက်ပေးနေတာရှိပါတယ်။ အာဆီယံဒေသနဲ့ ကမ္ဘာ့အိုင်စီတီပြိုင်ပွဲတွေကိုလည်း သွားရောက်ယှဉ်ပြိုင်ပြီး ပညာရှင်တွေ မွေးထုတ်ပေးလျက်ရှိပါတယ်။ ထို့အတူ အစ္စရေးနိုင်ငံလို အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး IT Business Plan Competition & Startup Programme တွေ၊ နောက်ထူးခြားချက်က အစိုးရတက္ကသိုလ်တွေနဲ့ပူးပေါင်းပြီး Academic & Industry ချိတ်ဆက် ဆောင်ရွက်ပေးမယ့် Internship Program တွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနအပါအဝင် အိုင်စီတီ စံချိန် စံညွှန်းသတ်မှတ်ရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ICT Skills Standard တွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပုဂ္ဂလိက အဆင့်မြင့်ပညာရေးကဏ္ဍအနေနဲ့ B.Sc (Hons) Business IT, B.Sc (Hons) in Computing အစရှိတဲ့ ဘွဲ့သင်တန်းတွေကို နိုင်ငံတကာတက္ကသိုလ်တွေ၊ ပညာရေးအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ Skill Training သင်ကြားပေးနေတဲ့ သင်တန်းကျောင်းတွေကလည်း အိုင်တီပညာရှင်တွေ မွေးထုတ်ပေးနိုင်ဖို့အတွက် Software Engineering, Hardware Engineering နဲ့ Network Engineering သင်တန်းတွေနဲ့ အခုခေတ်စားနေတဲ့ Database, Web, Mobile Application Development, Cloud Computing သင်တန်းတွေအပြင် လက်ရှိကမ္ဘာမှာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနေပြီဖြစ်တဲ့ AI Professional Certifications သင်တန်းတွေကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ Public Sector, Private Sector ပေါင်းပြီး Database Administrator, Web Developer, Mobile Application Developer, Network Engineer စသဖြင့် ဒီလိုပညာရှင်တွေကို မွေးထုတ်ပေးလျက်ရှိပါတယ်။

တက္ကသိုလ်အသိအမှတ်ဘွဲ့ကို ပြည်တွင်းတက္ကသိုလ် သို့မဟုတ် ပြည်ပတက္ကသိုလ်နဲ့ ချိတ်ဆက်ပြီး ဘွဲ့ရရှိခြင်းက အရေးကြီးသလို Multi National Organization တွေမှာ အလုပ်လုပ်ကြမယ်ဆိုရင် နိုင်ငံတကာ အိုင်တီအဖွဲ့အစည်းတွေရဲ့ အသိအမှတ်ပြုမှုကလည်း အရေးကြီးပါတယ်။ ဒါကို နိုင်ငံတကာအသိအမှတ်ပြု အိုင်တီလက်မှတ်လို့ခေါ်ပါတယ်။

နိုင်ငံတကာအသိအမှတ်ပြု အိုင်တီလက်မှတ် ရရှိဖို့အတွက် ဘယ်လိုအဖွဲ့အစည်းတွေက အသိအမှတ်ပြုပြီး အရည်အချင်းစစ်ဆေးမှုတွေကို ဆောင်ရွက်ကြသလဲဆိုရင် ကမ္ဘာ့ထိပ်တန်း အိုင်တီကုမ္ပဏီတွေဖြစ်တဲ့ Microsoft, Oracle, Sun Microsystems, Cisco, Certified Ethical Hacker (CEH), Project Management Institute စသဖြင့် အဲဒီလိုအဖွဲ့အစည်းတွေက အရည်အချင်းစစ်စာမေးပွဲတွေကို အွန်လိုင်းကနေ ကျင်းပပေးကြပါတယ်။

ဒီလိုစာမေးပွဲတွေ ဖြေဆိုပြီးရင် အိုင်တီပညာရှင်တွေက ပြည်တွင်း သို့မဟုတ် ပြည်ပကရရှိတဲ့ တက္ကသိုလ်အသိအမှတ်ပြုဘွဲ့တွေအပြင် ဒီလိုမျိုး နိုင်ငံတကာအိုင်တီအဖွဲ့အစည်းတွေရဲ့ အရည်အချင်း အသိအမှတ်ပြုမှုလက်မှတ်ကိုရယူပြီး နိုင်ငံတကာလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်ကြမှာ ဖြစ်ပါတယ်။




ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ်တွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းဦးနှင့် မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုပညာအသင်း (HR ကျွမ်းကျင်သူ) ဒေါ်ရွှေရည်ဝင်းလှဲ့ တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

**အစီအစဉ်မှူး ။** ။ လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာနဲ့ လူ့စွမ်းအားစီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းတွေကို အဓိကဆောင်ရွက်နေတဲ့ ကျွမ်းကျင်သူတစ်ယောက်အနေနဲ့ မြန်မာနိုင်ငံရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ လူ့စွမ်းအားအရင်းအမြစ် အခြေအနေတွေက ဘယ်လိုမျိုးတွေ ရှိနေသလဲဆိုတာကို ဒေါ်ရွှေရည်ဝင်းလှဲ့က မျှဝေပေးပါဦး။

**ဒေါ်ရွှေရည်ဝင်းလှဲ့ ။** ။ မြန်မာနိုင်ငံမှာ လောလောဆယ် ရင်ဆိုင်ကြုံတွေ့နေရတဲ့ ကိုဗစ် - ၁၉ ကြောင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ပြဿနာတွေ၊ စိန်ခေါ်မှုတွေ အများကြီးရှိနေပါတယ်။ ဘယ်လိုမျိုးလဲဆိုတော့ ကျန်းမာရေးလုံခြုံစိတ်ချရဖို့အတွက် လိုအပ်ချက်တွေအရ နိုင်ငံတော်ကနေ ထုတ်ပြန်တဲ့ စည်းမျဉ်းစည်းကမ်းတွေအလိုက် လုပ်ငန်းတွေ ပိတ်ရတာမျိုးတွေရှိပါတယ်။

စီးပွားရေးလုပ်ငန်းတွေ ပိတ်ရပြီဆိုရင် ဝန်ထမ်းတွေကိုပါ ဆက်စပ်ပြီး ထိခိုက်လာတာမျိုးတွေ ရှိပါတယ်။ စီးပွားရေးလုပ်ငန်းကို ခဏရပ်နားထားလိုက်တာပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် ပိတ်လိုက်တာပဲဖြစ်ဖြစ် တချို့ဝန်ထမ်းအမျိုးအစားတွေကို ဆက်လက်ပြီးခန့်ထားလို့ မရတော့ဘဲ ခဏနားထားရတာမျိုးတွေ ရှိပါတယ်။ ပထမဦးဆုံးအဆင့်အနေနဲ့ ဒီအခြေအနေက ဘယ်လောက်ကြာမြင့်မယ်ဆိုတာ မသိခင်မှာ ပထမဦးဆုံး ဝန်ထမ်းတွေကို အိမ်ကနေ အလုပ်လုပ်ဖို့ တာဝန်ပေးလိုက်တာမျိုးတွေရှိတယ်။

အဲဒီလို အိမ်ကနေ အလုပ်လုပ်ဖို့ လုပ်လိုက်တဲ့အချိန်မှာ တချို့ရာထူးတွေက အိမ်ကနေ အလုပ်လုပ်လို့ မရပါဘူး။ ဥပမာ စားသောက်ဆိုင်တွေ ပိတ်ရတယ်ဆိုရင် အဲဒီဆိုင်မှာ အလုပ်လုပ်တဲ့ ဝန်ထမ်းတွေက အိမ်ကနေ အလုပ်လုပ်လို့ မရဘူး။ ဒါကြောင့် သူတို့ကို အလုပ်ကနေ ခေတ္တရပ်နားထားတဲ့သဘောမျိုး ဖြစ်တယ်။ အဲဒီတော့ အခြေအနေ အကြောင်းအရာပေါ်မှာမူတည်ပြီး တချို့လုပ်ငန်းတွေဟာ ဝန်ထမ်းတွေကို လစာအနေနဲ့ ယာယီ သုံးပုံ တစ်ပုံကနေစပြီး လျှော့မယ်၊ ဒါမှမဟုတ် ၅၀ ရာခိုင်နှုန်း လျှော့ထားမယ်၊ ပြီးရင် လုံးဝအပြည့်မပေးနိုင်တဲ့ လမျိုးတွေ ရှိနိုင်မယ်။ ဒါဟာ လုပ်ငန်းရဲ့အခြေအနေနဲ့ အမျိုးအစားအပေါ် မူတည်ပြီးဖြစ်ပါတယ်။

ဒီဝန်ထမ်းတွေဟာ သူ့ရဲ့ လုပ်ငန်းအမျိုးအစား အခြေအနေ၊ လုပ်ငန်းရဲ့အပေါ်မှာမူတည်ပြီး လစာလျှော့သွားတဲ့ ဝန်ထမ်းတွေရှိသလို၊ တစ်ခါတလေမှာ အလုပ်အကိုင်ပါ ဆုံးရှုံးရတဲ့ အနေအထားမျိုးတွေအထိ ရှိပါတယ်။ ကိုဗစ်ရောဂါရဲ့ နောက်ဆက်တွဲဖြစ်တဲ့ အခြေအနေ၊ အကျိုးအကြောင်းတွေကြောင့် မတ်လနောက်ပိုင်းကနေ အခုအချိန်အထိ မြန်မာနိုင်ငံမှာရှိတဲ့ ဝန်ထမ်းဈေးကွက်က ခုနကပြောတဲ့ စိန်ခေါ်မှုတွေ တော်တော်များပြားပါတယ်။

ဒါကြောင့် အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးသွားတဲ့ ဝန်ထမ်းတွေရဲ့ နှုန်းထားက မြင့်တက်လာသလို အလုပ်ရှင်ဘက်ကနေ ကြည့်မယ်ဆိုရင် လုပ်ငန်းဆက်လက်လည်ပတ်ဖို့အတွက် လိုအပ်တဲ့ဝန်ထမ်းတွေကို အတိုင်းအတာတစ်ခုအထိ လျှော့ချလိုက်ရတာမျိုး၊ အိမ်ကနေ လုပ်ကိုင်ရတာမျိုးတွေ ရှိတဲ့အတွက်ကြောင့် အဲဒီ အခြေအနေအပေါ်မှာ လုပ်ငန်းကို ထိခိုက်သလို ဝန်ထမ်းကိုလည်း ထိခိုက်ပါတယ်။ လုပ်ငန်းဘက်ကနေ ပြောမယ်ဆိုရင် တစ်ခါတလေ မဖြစ်မနေ ရုံးကနေပြီး အလုပ်လုပ်ရမယ့် အနေအထားမျိုးတွေ ရှိပါတယ်။ ဒါပေမယ့် အိမ်ကနေပဲ အလုပ်လုပ်ရပါတယ်။ ရုံးကိုသွားလို့ မရတဲ့အတွက်ကြောင့် ခုနက ဦးငြိမ်းဦး ပြောသွားသလို အိုင်တီနည်းပညာတွေကိုအသုံးပြုပြီး အိမ်ကနေ လုပ်ငန်းခွင်ထဲကို မသွားဘဲနဲ့ အလုပ်လုပ်ရတဲ့ အခြေအနေမျိုးတွေ ရှိလာတဲ့အခါ လုပ်ငန်းဘက်ကနေလည်း ဒီဝန်ထမ်းတွေ အလုပ်လုပ်တာ အဆင်ပြေချောမွေ့ဖို့ စီစဉ်ပေးရတာတွေ၊ ထပ်ဆောင်းစီစဉ်ပေးရတဲ့ အခြေအနေမျိုးတွေ များပြားလာပါတယ်။

ဝန်ထမ်းဘက်ကနေကြည့်မယ်ဆိုရင် အိမ်ကနေ အလုပ်လုပ်ဖို့အတွက် နည်းပညာတွေနဲ့ လိုက်လျောညီထွေ အလုပ်လုပ်နိုင်တဲ့ ကျွမ်းကျင်မှုတွေ ရှိမနေခဲ့ဘူးဆိုရင် သူတို့မှာ အဆင်မပြေမှုတွေရှိပါတယ်။ ဒီနေရာမှာ သူတို့ရဲ့ လုပ်နိုင်စွမ်းတွေ၊ ကျွမ်းကျင်မှုတွေနဲ့လိုက်ပြီး အလုပ်လုပ်ခိုင်းရတာမျိုး တွေရှိပါတယ်။

ဝန်ထမ်းဈေးကွက်အနေနဲ့ ပြောမယ်ဆိုရင် အရေးအကြီးဆုံးနဲ့ အခက်ခဲဆုံး အခန်းကဏ္ဍက ဝန်ထမ်းတွေအနေနဲ့ အလုပ်အကိုင် ဆုံးရှုံးရတာပါ။ နောက်တစ်ချက်က အလုပ်အကိုင်မှာ ဝင်ငွေလျော့နည်းသွားတာတွေပါ။ လုံးဝအလုပ်အကိုင်ဆုံးရှုံးရင် ဆုံးရှုံး သို့မဟုတ် ဝင်ငွေလျော့ပါးသွားတာမျိုးတွေ ရှိတဲ့အတွက်ကြောင့် ဝန်ထမ်းတွေက ပိုမိုကောင်းမွန်တဲ့၊ သူတို့အတွက် ဝင်ငွေ အရင်တိုင်းရနိုင်မယ့် အလုပ်မျိုးတွေကို ရှာဖို့လိုအပ်လာပါတယ်။ ဒီလို လိုအပ်တဲ့အခါမှာလည်း ခုနက ကျွန်မပြောတဲ့ အခြေအနေကြောင့်ပဲ လုပ်ငန်းတွေက ဝန်ထမ်းအသစ်ထပ်ခေါ်တဲ့အခါမှာ ယခင် လူ့စွမ်းအားအရင်းအမြစ် အစီအစဉ်အရ လိုအပ်နေတယ်ဆိုရင်တောင်မှ လက်ရှိအခြေအနေအပေါ်မှာ ခေတ္တဆိုင်းငံ့ထားရတာမျိုးတွေရှိတဲ့အတွက်ကြောင့် ဝန်ထမ်းတွေကို ခန့်တဲ့အနေအထားမှာလည်း အတိုင်းအတာတစ်ခုအထိ ဆိုင်းငံ့သွားတာမျိုး ရှိပါတယ်။

လောလောဆယ် ဝန်ထမ်းအသစ်ခန့်ရင်လည်း ရုံးကိုသွားပြီး အလုပ်မလုပ်နိုင်မယ့်အတူတူ ခဏဆိုင်းငံ့ထားမယ် ဆိုတာမျိုးနဲ့ ဆိုင်းငံ့ထားတဲ့လုပ်ငန်းတွေလည်း ရှိလာတဲ့အခါမှာ ဝန်ထမ်းတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်ရဖို့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ရှိလာပါတယ်။ တချို့ လုပ်ငန်းတွေအနေနဲ့ ဝန်ထမ်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သင်တန်းတွေ စီစဉ်တဲ့အခါမှာလည်း Social Distancing အရ သင်တန်းတွေကို ရုံးမှာ သို့မဟုတ် သင်တန်းခန်းမမှာ Classroom Type နဲ့ သင်ကြားလို့မရတဲ့အခါ ဒီဖွံ့ဖြိုးတိုးတက်မှု သင်ကြားရေးအစီအစဉ်တွေကို အွန်လိုင်းကနေလုပ်ဖို့ အတွက်ကို အတတ်နိုင်ဆုံး ပြောင်းလဲပစ်ရပါတယ်။

အွန်လိုင်းကနေလုပ်ရမှာဖြစ်တဲ့အတွက် လုပ်လို့မရတဲ့သင်တန်းအချို့ရှိလာတဲ့အခါ သူတို့ရဲ့ လက်တွေ့သင်ယူလေ့လာဖို့ အခွင့်အရေးကို ဆုံးရှုံးရပါတယ်။ အချိန်အတိုင်းအတာ အကန့်အသတ်တစ်ခုမသိသေးတဲ့ အချိန်မှာ နောက်ကို ရွှေ့လိုက်ရပါတယ်။ လောလောဆယ် အိမ်ကနေ သင်တန်းတက်လို့ရတဲ့ အစီအစဉ်ကိုလုပ်နိုင်ပြီး သင်တန်းခန်းမထဲမှာ တကယ့်ကို လက်တွေ့ကျကျလုပ်ရမယ့် သင်တန်းတွေ၊ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တွေကို နောက်ကို ရွှေ့လိုက်ရတာတွေလည်း ရှိပါတယ်။

ဝင်ငွေလည်း လျော့မသွားဘူး၊ ဆက်ရနေသေးတယ်။ အိမ်ကနေ အလုပ်လုပ်လို့ရနေတယ်ဆိုရင်တောင်မှ ဝန်ထမ်းတွေဘက်မှာ ထိခိုက်နစ်နာလာတာက သင်ကြားရေးပိုင်းတွေပါ။ သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် သင်ကြားရေးပိုင်းတွေဟာ အကုန်လုံးအွန်လိုင်းကနေ သွားလို့ရတဲ့ အစီအစဉ်မျိုးတွေပဲ သူတို့က တက်ရောက်နိုင်မှုရှိတော့တယ်။

အဲဒီအတွက် ဖွံ့ဖြိုးတိုးတက်မှုဘက်မှာ စိန်ခေါ်မှုတွေနဲ့ ထိခိုက်နစ်နာလာပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းအသစ်ကို ရှာမယ်ဆိုတော့လည်း လုပ်ငန်းအသစ်တွေမရှိသလို ဝန်ထမ်းအသစ် ခေါ်ဖို့ကို ခဏဆိုင်းငံ့နေတဲ့ လုပ်ငန်းတွေလည်းရှိတယ်။ ဆိုင်းငံ့မနေဘူး၊

*စာမျက်နှာ ၁၇ သို့*

## အမေး၊ အဖြေ အစီအစဉ်



*စာမျက်နှာ ၁၆ မှ*

ဝန်ထမ်းတွေကို ဆက်ပြီးခေါ်မယ်၊ ဒီဝန်ထမ်းတွေက မဖြစ်မနေ လိုအပ်နေတယ်။ အိမ်ကနေလည်း အလုပ်လုပ်လို့ရတဲ့ အနေအထားမှာ တစ်ခါ လူတွေ့စစ်ဆေးမေးမြန်းဖို့၊ စာတွေ့စစ်ဆေးမေးမြန်းဖို့အတွက် အွန်လိုင်းကနေလုပ်တဲ့ လုပ်ငန်းတွေ ရှိပါတယ်။ လက်တွေ့စစ်ဆေးမေးမြန်းဖို့ လိုတယ်ဆိုရင် တစ်ခါဆိုင်းငံ့သွားပြန်တယ်။ အွန်လိုင်းကနေ လုပ်မယ်ဆိုတဲ့အခါမှာလည်း စီးပွားရေးလုပ်ငန်းတစ်ခုဟာ စီမံတတ်မယ်ဆိုရင် အလုပ်လျှောက်သူဘက်မှာ ဒီလိုလုံလောက်တဲ့ အွန်လိုင်းနဲ့ပတ်သက်တဲ့ Tools တွေ အကုန်လုံးရှိဖို့ လိုအပ်ပါတယ်။ အဲဒါမျိုးမရှိဘူးဆိုရင် တစ်နေရာမှာသွားပြီး အင်တာဗျူးဖြေဖို့ လုပ်ရမယ်။

ဒါဆိုရင်လည်း အခက်အခဲတွေ ရှိပြန်တယ်။ အဲဒီအခက်အခဲတွေအားလုံးကြောင့် ဝန်ထမ်းရေးရာ၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုမှာလည်း ထိခိုက်တဲ့အနေအထားတွေရှိသလို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံတဲ့အခါမှာလည်း ခုနကလို စိန်ခေါ်မှုတွေ ရှိပါတယ်။ ခြုံငုံပြီးပြောမယ်ဆိုရင် ကျွန်မတို့ မြန်မာနိုင်ငံမှာ ရှိနေတဲ့ လူ့စွမ်းအားအရင်းအမြစ်အခြေအနေ၊ ဝန်ထမ်းရေးရာအခြေအနေမှာ ထိခိုက်နစ်နာမှုတွေရှိပြီးတော့ အလုပ်လက်မဲ့ဝန်ထမ်းတွေရဲ့ ဦးရေကလည်း မြင့်တက်လာသလို ဝန်ထမ်းတွေရဲ့ ဝင်ငွေအားဖြင့် လျော့နည်းသွားတဲ့နှုန်းထားကလည်း မြင့်တက်လာပါတယ်။ အဲဒါနဲ့ တစ်ပြိုင်နက် တစ်ဖက်မှာလည်း ဘယ်လိုအခွင့်အလမ်းမျိုးတွေ ပေါ်လာသလဲဆိုတော့ ဆိုကြပါစို့ သင်တန်းဖွင့်တဲ့ လုပ်ငန်းတစ်ခုဆိုရင် သင်တန်းဆရာတစ်ယောက်ဟာ သင်တန်းကို သင်တန်းခန်းမထဲမှာ သင်စရာမလိုဘဲ သူ့အိမ်က၊ သူရှိနေတဲ့နေရာက အွန်လိုင်းကနေ သင်ကြားလို့ရတယ်။

ဝန်ထမ်းတွေအနေနဲ့လည်း ဝန်ထမ်းဖြစ်လိုသူတွေ၊ ဝန်ထမ်းအလုပ်အသစ်တစ်ခုရဖို့ ကြိုးစားနေသူတွေ Capacity ကို မြင့်တက်ဖို့ သင်တန်းတွေတက်ဖို့ရာမှာလည်း တတ်နိုင်တဲ့အခွင့်အလမ်းတွေ ရှိပါတယ်။ တစ်ဖက်က စိန်ခေါ်မှုတွေရှိနေသလို နောက်တစ်ဖက်မှာလည်း အလုပ်အကိုင်အခွင့်အလမ်းအနေနဲ့ဆိုရင် အရင်က၊ အွန်လိုင်းက မဖြစ်မနေသွားရမယ်ဆိုတဲ့ အခြေအနေ မရောက်ခင်တုန်းကနဲ့စာရင် အွန်လိုင်းကနေ အလုပ်လုပ်လို့ရတဲ့ ရာထူးမျိုးတွေကို လုပ်ငန်းတွေက ဖန်တီးလာသလို အွန်လိုင်းကနေ အလုပ်လုပ်ဖို့ ကျွမ်းကျင်တဲ့အရည်အချင်းရှိတဲ့ အိုင်တီပညာရှင်မျိုးတွေ၊ အိုင်တီနဲ့ ဆက်စပ်သင်တန်းတွေကို တက်ရောက်ထားတဲ့သူတွေဟာ အလုပ်လုပ်ဖို့ အခွင့်အလမ်းတွေကို ရရှိလာပါတယ်။

ဒီတော့ ခြုံငုံပြီးပြောမယ်ဆိုရင် စိန်ခေါ်မှုရှိသလို တစ်ဖက်ကလည်း အခွင့်အလမ်းအနေနဲ့ အလုပ်အကိုင်အမျိုးအစားအသစ်တွေ ပေါ်ထွန်းလာပါတယ်။ သို့သော် အခြေအနေ အကြောင်းကြောင်းအရ "ကိုဗစ်"ဆိုတဲ့ အခြေအနေကို မကျော်လွှားနိုင်သေးခင် ဒီစိန်ခေါ်မှုတွေကြားထဲမှာ လုပ်ငန်းတွေကလည်း ဝန်ထမ်းတွေအတွက် အကောင်းဆုံးဖြစ်အောင် ဘယ်လိုစီမံခန့်ခွဲသွားကြမလဲ။ ဝန်ထမ်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုလုပ်သွားကြမလဲဆိုတာကို အစဉ်မပြတ်လေ့လာပြီး အဆင်ပြေအောင် ဆောင်ရွက်နေရသလို အလုပ်ရှာဖွေနေသူတွေ၊ အလုပ်လုပ်နေတဲ့ ဝန်ထမ်းတွေကလည်း ကိုယ့်ရဲ့ အလုပ်ကို မထိခိုက်အောင်၊ ကြိုးစားအားထုတ်မှုတွေမှာ အရင်ထက်ပိုပြီး အားစိုက်ထုတ်မှုတွေ လုပ်နေရပါတယ်။ ဒါကတော့ လောလောဆယ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနဲ့ စီမံခန့်ခွဲမှုအခန်းကဏ္ဍမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေနဲ့ အခွင့်အလမ်းတချို့ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ॥ ॥ အခုလက်ရှိကိုဗစ်ကာလအတွင်းမှာ အိုင်စီတီပညာရှင်တွေရဲ့ အလုပ်အကိုင်ပုံစံတွေကရော ပြောင်းလဲသွားတာမျိုးတွေ ရှိသလား။ အိုင်စီတီကို တိုက်ရိုက်အသုံးမပြုပေမယ့်လည်း အွန်လိုင်းနည်းပညာကို အဓိကအသုံးပြုနေတဲ့ အွန်လိုင်းအလုပ်အကိုင် အခွင့်အလမ်းတွေရဲ့ တိုးတက်မှုကရော ဘယ်လိုမျိုးတွေရှိနေသလဲ။ ရာထူးတွေကရော အသစ်အဆန်းတွေ ပေါ်ပေါက်လာတာမျိုးတွေရှိသလားဆိုတာကို ဆရာဦးငြိမ်းဦးက ဆွေးနွေးပေးပါဦး။**

**ဦးငြိမ်းဦး** ॥ ॥ အိုင်တီအခန်းကဏ္ဍထူးခြားချက်က ကိုဗစ်မတိုင်ခင် အခြေအနေကို ပြောပြလိုပါတယ်။ အိုင်တီနဲ့ပတ်သက်ပြီး လုပ်ရတာအားလုံးဟာ ရုံး၌ာနမှာသွားပြီးလုပ်ရတာအစား အချို့ အလုပ်တွေကို မိမိအိမ်ကနေ Work From Home လုပ်ကိုင်ခဲ့ရတဲ့ အခြေအနေတွေလည်း အများကြီးရောက်ရှိခဲ့ပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့လည်း Internet နဲ့ Cloud တွေ အသုံးပြုလာတာများတဲ့အခါ အိုင်တီပညာရှင်တွေက ကပ်ရောဂါကြောင့် Work From Home လုပ်ရတဲ့ အနေအထားမတိုင်ခင်ကတည်းက အလုပ်အကိုင် တော်တော်များများ အိမ်ကနေလုပ်ရတဲ့ သဘောတရားရှိပါတယ်။ ကပ်ရောဂါ ပေါ်ပေါက်လာတဲ့ အတွက် Work From Home အွန်လိုင်းကနေ အလုပ်လုပ်ကြရတဲ့ လုပ်ငန်းပုံစံတွေဟာ အိုင်တီပညာရှင်တွေ အတွက် Gradual Transition လို့ပဲ ကျွန်တော် သုံးသပ်လိုပါတယ်။

အခု မေးတဲ့မေးခွန်းကို ပြန်ကောက်နုတ်ရရင် ကပ်ရောဂါမပေါ်ခင်ကာလမှာလည်း အိုင်တီပညာရှင်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းပုံစံတွေက အများကြီး ပြောင်းလဲခဲ့ပါတယ်။ အဓိက Cloud Service တွေ ပေါ်ပေါက်လာပါတယ်။ IT Device တွေနဲ့ လုပ်ငန်းတွေမှာ အသုံးပြုလာကြပါတယ်။ Virtual Reality, Authentic Reality ဒီလို Application တွေနဲ့ အသုံးပြုလာကြပါတယ်။ ပြီးတော့ ပမာဏကြီးမားများပြားလှတဲ့ ဒေတာတွေအပေါ်မှာ အခြေခံပြီးလုပ်ရတဲ့လုပ်ငန်းတွေ များပြားလာတာဖြစ်တဲ့အတွက် အိုင်စီတီနဲ့ပတ်သက်တဲ့ အလုပ်အကိုင်အခန်းကဏ္ဍတွေက ကပ်ရောဂါ မပေါ်ပေါက်လာခင် ကာလမှာကတည်းက ပြောင်းလဲလာခဲ့ပါတယ်။ ဥပမာ– အလုပ်အကိုင်ရာထူးပုံစံအနေနဲ့ တင်ပြရမယ်ဆိုရင် Artificial Intelligent Engineer ရာထူးမျိုးတွေ ပေါ်ပေါက်လာပါတယ်။

Big Data Specialist လို့ခေါ်တဲ့ ဒေတာအချက်အလက်တွေကို ကျယ်ကျယ်ပြန့်ပြန့် ကိုင်တွယ်ထိန်းချုပ်ပြီး စီမံခန့်ခွဲရတဲ့ပညာရှင်တွေ၊ နောက်ပြီး Data Scientist မိမိတို့လုပ်ငန်းရဲ့ အလားအလာ၊ ပတ်ဝန်းကျင်အခြေအနေ၊ ကိုယ့်ရဲ့ Customer တွေရဲ့ဒေတာတွေအပေါ်မှာ အခြေခံပြီး မိမိတို့လုပ်ငန်းရဲ့ လိုအပ်တဲ့ပြင်ဆင်မှုတွေ၊ ဆောင်ရွက်လုပ်ကိုင်နိုင်တာတွေ၊ ပြီးတော့ IOT Expect လို၊ IT Device တွေကို အသုံးပြုပြီး စီမံခန့်ခွဲရမယ့် ပညာရှင်တွေ၊ Cloud Service Professional, Cloud Computing Environment မှာ ကောင်းမွန်စွာ ကိုင်တွယ်အသုံးပြုလုပ်ကိုင်နိုင်ဖို့၊ အိုင်တီကုမ္ပဏီကြီးတွေရဲ့ လက်မှတ်တွေကိုကိုင်ပြီး Enterprise Cloud Application တွေကို Handle လုပ်နိုင်ဖို့ဆိုတဲ့ ပညာရှင်လိုအပ်ချက်တွေ ပေါ်ပေါက်လာတယ်။

ပြီးတော့ Virtual Reality – VR တို့၊ Augmented Reality တို့အပေါ်မှာ အခြေခံပြီး အသုံးပြုကြရမယ့် ပညာရှင်တွေ၊ ရာထူးတွေလည်း ပေါ်ပေါက်လာတယ်။ နောက်ပြီး ထူးခြားချက်က အရင်တုန်းက Software Developer ဆိုရင် Software သီးသန့် Develop လုပ်ဖို့၊ နောက်ပိုင်းမှာ Software Development ရော Operation နဲ့ Maintenance ကို တစ်ပြိုင်နက်တည်း Supply Chain ပုံစံနဲ့ တာဝန်ယူရတဲ့ အိုင်တီပညာရှင်၊ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပေါ်ပေါက်လာတယ်။

နောက်တစ်ခုက Tech Sale Engineer လို နည်းပညာကို ထဲထဲဝင်ဝင်နားလည်ပြီး မိမိတို့ရောင်းချရတဲ့ ကုန်ပစ္စည်း၊ ဝန်ဆောင်မှုတွေနဲ့ ပတ်သက်ပြီး နားလည်ဆောင်ရွက်နိုင်တဲ့ ပညာရှင်မျိုးတွေ၊ အလုပ်ရာထူးမျိုးတွေ ပေါ်ပေါက်လာတယ်။ အရင်က Microsoft Certified Professional, Microsoft Certified Software Engineer လိုခေါ်တဲ့ Certification တွေကနေ အခုဆိုရင် Microsoft AI Engineer စသဖြင့် Certification တွေကို အသိအမှတ်ပြုဖို့ ဆောင်ရွက်ကြရပါတယ်။

ပြီးတော့ ကမ္ဘာ့ထိပ်တန်း Web Service Provide လုပ်ပေးနေတဲ့ Amazon AWS လို Certification မျိုးတွေကို စီမံပြင်ဆင်ရပါတယ်။ Google ဆိုရင်လည်း Google Cloud Architect ပညာရှင်တွေ၊ အသိအမှတ်ပြုစာမေးပွဲတွေ ဝင်ရောက်ဖြေဆိုရတယ်။ မေးတဲ့မေးခွန်းကို ပြန်ပြီးကောက်နုတ်ရရင် အိုင်စီတီပညာရှင်တွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ အလုပ်တာဝန်၊ ရာထူးတာဝန်တွေလည်း ပြောင်းလဲခဲ့တာ အများကြီးရှိပါတယ်။

အဲဒီတော့ ဒါဟာ ကပ်ရောဂါမတိုင်ခင်နဲ့ ကပ်ရောဂါပြီးနောက်လို့လည်း ပြောလို့ရပါတယ်။ ဒီလိုမျိုး ကပ်ရောဂါ ပေါ်ပေါက်လာတဲ့အတွက် Work From Home အွန်လိုင်းကနေ အလုပ်လုပ်ကြရမယ်ဆိုတဲ့အခါ အိုင်တီနဲ့ဆက်စပ်တဲ့ တိုက်ရိုက်အလုပ်တွေရော၊ အိုင်တီနဲ့ မဆက်စပ်ပေမယ့်လည်း မိမိလုပ်နေတဲ့ သက်ဆိုင်ရာအလုပ်တွေမှာ အိုင်တီနည်းပညာဟာ မဖြစ်မနေလိုအပ်တာဖြစ်တဲ့အတွက် ဒါတွေကိုပူးပေါင်းပြီး အလုပ်လိုအပ်ချက်တွေ၊ ရာထူးတာဝန်တွေ အများအပြားပေါ်ထွက်လာပါတယ်။

ယခင်က ဆရာ ဆရာမတွေဟာ သက်ဆိုင်ရာစာသင်ခန်းမှာပဲ Whiteboard တွေ၊ Duster တွေနဲ့ သင်ကြားလာရာကနေ အခုဆိုရင် အွန်လိုင်းကနေ သင်ကြားတဲ့ အခြေအနေမှာ အွန်လိုင်းကျူတာတွေ ဖြစ်လာပါတယ်။ အရင်တုန်းက Personal Assistant နေရာမှာ Virtual Assistant အလုပ်တာဝန်မျိုးတွေ၊ အွန်လိုင်းကနေ အလုပ်ခန့်ထားခေါ်ယူရေးကိစ္စတွေကို ဆောင်ရွက်ပေးနေတဲ့ ပညာရှင်တွေ၊ အီးမေးလ်ကနေ Marketing လုပ်ပေးနေသူတွေ၊ Proof Reader တွေ၊ ကပ်ရောဂါဖြစ်လာတဲ့အခါ လူတွေတော်တော်များများက အိမ်မှာနေရတယ်၊ အိမ်ကနေ အလုပ်လုပ်ကြရတယ်၊ ဖျော်ဖြေရေးအစီအစဉ်တွေအတွက် ဘယ်တေးဂီတတွေက နားထောင်လို့ကောင်းသလဲဆိုတာ သက်ဆိုင်ရာလုပ်ငန်း အဖွဲ့အစည်းတွေ၊ Station တွေအတွက် ဆောင်ရွက်ပေးတဲ့ Music Reviewer လို အလုပ်အကိုင် အခွင့်အလမ်းမျိုးတွေ ပေါ်ပေါက်လာပါတယ်။

နောက်ပြီး Instagram တို့မှာ ပိုပြီးသုံးစွဲသူတွေ အကျိုးသက်ရောက်မှုရရှိဖို့အတွက် Instagram Influencer လို ရာထူးမျိုးတွေ၊ အလုပ်အကိုင် အခွင့်အလမ်းမျိုး ပေါ်ပေါက်လာတယ်။ နောက်ပြီး အွန်လိုင်းကနေ လုပ်ကိုင်နိုင်တဲ့အလုပ်တစ်မျိုးက တော်တော်စိတ်ဝင်စားစရာကောင်းပါတယ်။ Voiceover Artist လို ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍအသီးသီး၊ လုပ်ငန်းနယ်ပယ်အသီးသီးအတွက် အသံနဲ့ သရုပ်ဆောင်တာမျိုးတွေ ပေါ်ပေါက်လာတယ်။

ဒစ်ဂျစ်တယ်ခေတ်ဖြစ်လာတဲ့အတွက် Digital Marketing ရဲ့ အခန်းကဏ္ဍတွေဖြစ်တဲ့ Search Engine Optimization တို့ Search Engine Marketing အတွက် တာဝန်ယူမယ့် ပညာရှင်တွေ ပေါ်ပေါက်လာပါတယ်။ Facebook Advertisement တွေကို အထူးလေ့လာပြီး လုပ်ငန်းရဲ့တိုးတက်မှုအတွက် ပံ့ပိုးပေးနိုင်မယ့် ပညာရှင်တွေ၊ နောက်ပြီး Online Chatting တွေ လုပ်တဲ့အခါ Agent အနေနဲ့ တာဝန်ယူ ဆောင်ရွက်ပေးရမယ့်အလုပ်တွေ၊ အွန်လိုင်းကနေ အခမ်းအနား အစီအစဉ်တွေ ဆောင်ရွက်တဲ့ Online Facilitator တွေ၊ Moderator တွေကို ဖိတ်ပြီး ဆောင်ရွက်ကြရတာတွေ ရှိပါတယ်။

ဒီလိုအလုပ်တာဝန်တွေက ကိုဗစ်ကာလနောက်ပိုင်းမှာ ပေါ်ပေါက်လာတဲ့ အလုပ်တာဝန်တွေလို့လည်း ပြောလို့ရပါတယ်။ အဲဒီအပြင် နည်းနည်းတစ်ဆင့်မြင့် Marketing လုပ်တဲ့သူ၊ Marketing Expert, HR လုပ်တဲ့သူ HR Expert စသဖြင့် Customer Service Manager ဒီလိုပညာရှင်တွေ အနေနဲ့ကလည်း အွန်လိုင်းပလက်ဖောင်းအသုံးပြုပြီး ချိတ်ဆက်ဆောင်ရွက်လာကြပါတယ်။ ဒါတွေက ထူးခြားချက်တွေ ဖြစ်ပါတယ်။

Business Intelligent လို မိမိလုပ်ငန်းရဲ့ အလားအလာတွေ၊ ပြိုင်ဘက်စီးပွားရေးလုပ်ငန်းအကြောင်း၊ ကမ္ဘာ့စီးပွားရေးအခြေအနေအကြောင်း လေ့လာဆန်းစစ်ပြီး လုပ်ရတဲ့ပညာရှင်တွေ အနေနဲ့လည်း Online Tools တွေကို သုံးပြီးတော့ ပိုပြီးသူတို့ရဲ့ လုပ်ငန်းကို ချဲ့ထွင်လာနိုင်တယ်။

နောက်ပြီး အခု စီးပွားရေးလုပ်ငန်းမျိုးစုံက အွန်လိုင်းကနေ သူတို့ရဲ့ Product တွေ၊ Service တွေကို ရောင်းချကြတဲ့အခါ Virtual Selling အတွက် ကျွမ်းကျင်နားလည်တဲ့ ပညာရှင်တွေလည်း ပေါ်ပေါက်လာတယ်။ Facebook ၊ Twitter ၊ Instagram ၊ YouTube တို့ ဒီလို Application အပေါ်မှာ ကျွမ်းကျွမ်းကျင်ကျင်နဲ့ မိမိတို့ရဲ့ လုပ်ငန်းလိုအပ်ချက်အားလုံးကို မြှင့်တင်ပေးနိုင်တဲ့ ပညာရှင်၊ ရာထူးတာဝန်မျိုးတွေ ပေါ်ပေါက်လာတယ်။ Customer Experience Manager လို ရာထူးမျိုးတွေကလည်း အွန်လိုင်းပေါ်မှာ ခေတ်စားလာတယ်။

Design လုပ်ငန်းတွေအတွက် Professionally ဆောင်ရွက်လုပ်ကိုင်နိုင်တဲ့ Creative Designer လို အလုပ်တာဝန်မျိုးတွေ ပေါ်ပေါက်လာပါတယ်။ Digital Content တွေကို ရွေးနိုင်တဲ့ Digital Writer လို၊ ယခင်က စာရေးဆရာလို၊ ဇာတ်ညွှန်းရေးတဲ့သူလို သက်ဆိုင်ရာ ပညာရှင်အခန်းကဏ္ဍတွေ ရှိသော်ငြားလည်း ဒါတွေအားလုံးဟာ အခုအွန်လိုင်းပေါ်ကို ရောက်လာတာဖြစ်တဲ့အတွက် လက်ရှိ ရှိနေတဲ့ ပကတိအခြေအနေအပေါ်မှာ အခြေခံပြီး ဒစ်ဂျစ်တယ်ခေတ်ကို ပြောင်းနိုင်ဖို့အတွက် ကျွမ်းကျင်တဲ့ ပညာရှင်တွေ အများကြီးပေါ်ပေါက်လာပါတယ်။

နိဂုံးချုပ်ရရင် Marketing, Management , IT, Sale, Customer Service, Training စသဖြင့် ဒါမျိုးတွေ လုပ်ကြရတဲ့ ပညာရှင်တွေအနေနဲ့ အွန်လိုင်းအပေါ်မှာ Work From Home လုပ်ကြရတဲ့အခါ ပိုပြီးကောင်းမွန်တဲ့ Professional Life ကို ရရှိဖို့အတွက် ဆောင်ရွက်လုပ်ကိုင်ကြပါတယ်။ ကိစ္စတော်တော်များများက Public Sector ရော၊ Private Sector ကရော အွန်လိုင်းကနေ လုပ်ကြရတာဖြစ်တဲ့အတွက် အွန်လိုင်းကနေအခြေပြုပြီး လုပ်ကြရတဲ့ လုပ်ငန်း၊ အခွင့်အလမ်းတွေကလည်း အများကြီး တိုးတက်လာတယ်လို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး ॥ ॥ ကိုဗစ် – ၁၉ ကာလအတွင်းမှာ ပြောင်းလဲလာတဲ့အခြေအနေတွေအရ စီးပွားရေးလုပ်ငန်းတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေအနေနဲ့ လူ့စွမ်းအားအရင်းအမြစ်တွေအပေါ်မှာ အခြေခံပြီး အွန်လိုင်းကနေ အလုပ်အကိုင်အခွင့်အလမ်းတွေကို ရှာလာကြပါတယ်။ ခန့်အပ်တာမျိုးတွေလည်း ရှိကြတော့ အလုပ်အကိုင်အခွင့်အလမ်းတွေ အလားအလာတွေနဲ့ ကြိုတင်ပြင်ဆင်သင့်တာတွေကိုလည်း ဆရာမက ရှင်းပြပေးပါဦး။**

**ဒေါ်ရွှေရည်ဝင်းလှဲ** ॥ ॥ တကယ်တော့ နိုင်ငံတကာမှာ Digital Transformation ရယ်လို့ ခေါင်းစဉ်တပ်ပြီး လုပ်နေကြတာတွေက ရှိနေခဲ့ပါတယ်။ အခုကပ်ရောဂါဖြစ်လာတဲ့အခြေအနေမှာ Digital Transformation မလုပ်သေးတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ လုပ်ငန်းတွေ၊ ဒီလုပ်ငန်းတွေက ဝန်ထမ်းတွေအားလုံးကပါ အလိုအလျောက် Digital Transformation ကို မဖြစ်မနေ ပါဝင်လာကြရပါတယ်။ အဲဒီအခါမှာ အလုပ်အကိုင်အခွင့်အလမ်းတွေက ပြောင်းလဲသွားပါတယ်။

ဒစ်ဂျစ်တယ်နည်းပညာ၊ အိုင်တီနည်းပညာကို အသုံးပြုပြီး အိုင်တီပညာရှင်ဖြစ်စေ၊ အခြားဝန်ထမ်းဖြစ်စေ အလုပ်လုပ်ဖို့အတွက်ကို အလုပ်အကိုင်အခွင့်အလမ်းတွေ ပြောင်းလဲသွားပါတယ်။ အိုင်တီပညာနဲ့ ပတ်သက်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကိုလည်း အလိုအလျောက် မြှင့်တင်အောင် တွန်းအားပေးလိုက်သလို ဖြစ်သွားတယ်။

ကိုဗစ်ကာလသည် ဘယ်တော့ပြီးမယ်ဆိုတာ အတိအကျမပြောနိုင်သေးတဲ့ အခြေအနေတစ်ခုဖြစ်နေဆဲမှာ New Normal လို့ခေါ်ကြတဲ့ ကိုဗစ်အလွန်ကာလမှာ ဖြစ်လာမယ့်အခြေအနေကို စဉ်းစားမယ်ဆိုရင် အလုပ်အကိုင် အခွင့်အလမ်းတွေကလည်း အွန်လိုင်းပေါ်မှာ အခြေခံပြီး လုပ်ရတဲ့အလုပ်တွေနဲ့ လုပ်ငန်းအမျိုးအစားတွေကလည်း အများကြီးပေါ်လာမယ်။ အရာရာဟာ အွန်လိုင်းကနေလုပ်ဖို့ကို ပိုပြီးအားသာလာမယ်၊ ဇောင်းပေးလာမယ်ဆိုတာမျိုးကို မျှော်လင့်လို့ရပါတယ်။

ကျွန်မအနေနဲ့ အခန်းကဏ္ဍခွဲပြီး ပြောချင်တာက အလုပ်ရှင်ရှိမယ်၊ အလုပ်သမားရှိမယ်၊ နိုင်ငံတော်အစိုးရရှိမယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှာ Labour Registration Card အလုပ်သမားကတ် အခြေအနေကစပြီး ခုနကပြောတဲ့ Skillset ကျွမ်းကျင်မှုတွေကို ဘယ်လိုဝန်ထမ်းတွေက ဘယ်အရည်အချင်းတွေရှိပါတယ်ဆိုတာ Occupation Classification System လို့ အခြားနိုင်ငံတွေမှာခေါ်တဲ့ စနစ်လိုမျိုးသာရှိခဲ့တယ်ဆိုရင် လွယ်လင့်တကူ Online Job Matching တွေ ပိုလုပ်ပေးနိုင်လာမယ်လို့ မျှော်လင့်ပါတယ်။

တကယ်လို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဒီလိုမျိုး ဝန်ထမ်းတွေမှာရှိတဲ့ အရည်အချင်းနဲ့ ဒီဘက်ကလိုအပ်နေတဲ့ ရာထူးနဲ့ အရည်အချင်းကိုသာ ချိတ်ဆက်ပေးနိုင်တဲ့ အွန်လိုင်းစနစ်သာရှိမယ်ဆိုရင် ကျွန်မတို့ရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍက ရှေ့ကိုပိုပြီးဖွံ့ဖြိုးတိုးတက်လာမယ်လို့ယူဆပါတယ်။

လောလောဆယ်မှာ ကျွန်မတို့နိုင်ငံရဲ့ National Skill Standard Authority (NSSA) ခေါ်တဲ့ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ဆိုတာရှိပြီးသားပါ။ National Skill Standard Authority (NSSA) မှာ ရှိပြီးသားရာထူးတွေ၊ ဝန်ထမ်းတွေရဲ့ ကျွမ်းကျင်မှုတွေကို ဒါထက်ပိုပြီး ရာထူးအစုံ၊ အဆင့်စုံအတွက် ပြည့်ပြည့်ဝဝစုံစုံလင်လင်နဲ့ အွန်လိုင်းစနစ်နဲ့ လုပ်မယ်၊ ခုနပြောသလို Occupation Classification System တွေကိုလည်း ထပ်ပြီးပံ့ပိုးနိုင်မယ်ဆိုရင် ဝန်ထမ်းတွေအနေနဲ့ Labour Registration လုပ်တဲ့အချိန်ကနေစပြီး သူတို့မှာရှိတဲ့ ကျွမ်းကျင်မှုနဲ့ လိုက်လျောညီထွေရှိတဲ့ အလုပ်တွေအတွက် အွန်လိုင်းမှာ Job Matching လုပ်ကိုင်လာမှာ ဖြစ်ပါတယ်။

ဒီလိုလုပ်နိုင်လာပြီဆိုရင် အခွင့်အလမ်းတွေသည် လုပ်ငန်းတွေအတွက်ရော၊ ဝန်ထမ်းတွေအတွက်ရော၊ နိုင်ငံအတွက်ပါ အတော်ကောင်းမယ့် အလားအလာလို့ ကျွန်မမျှော်လင့်မိပါတယ်။ စီမံခန့်ခွဲမှုပုံစံတွေ၊ ဖွံ့ဖြိုးတိုးတက်မှုပုံစံတွေကလည်း တိုးတက်ရွေ့လျားလာတာနဲ့အညီ နိုင်ငံတော်ရဲ့ ပံ့ပိုးမှုနဲ့စနစ်တွေ ပိုမိုကောင်းမွန်အောင် Online Job Matching System တွေ လုပ်နိုင်ရင် အဆင်ပြေပါတယ်။ ဝန်ထမ်းတွေအနေနဲ့ သူတို့ရဲ့စွမ်းရည်တွေကို မြင့်မားအောင် သူတို့နဲ့သက်ဆိုင်တဲ့အရာတွေကို အွန်လိုင်းကနေ သင်ယူနေမယ်၊ လေ့လာနေကြမယ်ဆိုရင် စွမ်းဆောင်ရည်နဲ့ ကျွမ်းကျင်မှုတွေက ပြည့်ဝလာမယ်။

ဒီလို အဆင့်မြင့်တိုးတက်လာတာနဲ့အမျှ လုပ်ငန်းတွေဘက်ကလည်း အလုပ်ခေါ်တဲ့အခါ ရှိရမယ့် ကျွမ်းကျင်မှုတွေနဲ့ လိုအပ်ချက်တွေကို ထပ်မံမြှင့်တင်ပြီး ခေါ်ယူလာမယ်။ သင့်တော်တဲ့ ရာထူးအသစ်တွေ၊ အိမ်ကနေ အလုပ်လုပ်လို့ရတာဖြစ်စေ၊ မည်သည့်နေရာကမဆို အလုပ်လုပ်လို့ရတဲ့ပုံစံမျိုးနဲ့ အလုပ်ပုံစံတွေကလည်း ထပ်ပြီးဖွံ့ဖြိုးတိုးတက်လာမယ်။ Private Sector ရော၊ Public Sector ကပါ အားလုံးဝိုင်းပြီး အကောင်းဆုံးဖြစ်တဲ့ စနစ်တွေ၊ အက်ပလီကေးရှင်းတွေ၊ Online Job Matching တွေနဲ့ စံသတ်မှတ်ပြဋ္ဌာန်းပြီး ရှေ့ကိုဆက်သွားဖို့ လုပ်နိုင်မယ်ဆိုရင် အကောင်းဆုံးဖြစ်လာမှာပါ။ *စာမျက်နှာ ၁၈ သို့*

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၉-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၈-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၀၈) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မရမ်းကုန်း | ၆၂ |
| | | မင်္ဂလာဒုံ | ၅၁ |
| | | လှိုင် | ၄၉ |
| | | အင်းစိန် | ၄၈ |
| | | ရွှေပြည်သာ | ၄၅ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၄၁ |
| | | စမ်းချောင်း | ၄၀ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၃၇ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၉ |
| | | မြောက်ဥက္ကလာပ | ၂၈ |
| | | မှော်ဘီ | ၂၆ |
| | | သဃ်္ဃန်းကျွန်း | ၂၄ |
| | | သန်လျင် | ၂၂ |
| | | ဗိုလ်တထောင် | ၁၇ |
| | | မင်္ဂလာတောင်ညွန့် | ၁၆ |
| | | တာမွေ | ၁၄ |
| | | ကမာရွတ် | ၁၄ |
| | | သာကေတ | ၁၃ |
| | | တိုက်ကြီး | ၁၂ |
| | | ကျောက်တန်း | ၁၂ |
| | | တောင်ဥက္ကလာပ | ၁၂ |
| | | လှိုင်သာယာ | ၁၀ |
| | | လမ်းမတော် | ၁၀ |
| | | လှည်းကူး | ၉ |
| | | အလုံ | ၉ |
| | | သုံးခွ | ၇ |
| | | ဒဂုံဆိပ်ကမ်း | ၇ |
| | | ဗဟန်း | ၆ |
| | | ထန်းတပင် | ၅ |
| | | ရန်ကင်း | ၅ |
| | | ကော့မှူး | ၅ |
| | | ကြည့်မြင်တိုင် | ၄ |
| | | လသာ | ၄ |
| | | ပုဇွန်တောင် | ၄ |
| | | ဆိပ်ကြီးခနောင်တို | ၄ |
| | | ဒလ | ၄ |
| | | ဒေါပုံ | ၄ |
| | | ခရမ်း | ၃ |
| | | ကျောက်တံတား | ၃ |
| | | ဒဂုံ | ၃ |
| | | ကွမ်းခြံကုန်း | ၂ |
| | | တွံတေး | ၂ |
| | | ပန်းဘဲတန်း | ၁ |
| | | စုစုပေါင်း | ၇၂၃ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၅၁ |
| | | အောင်မြေသာစံ | ၄၆ |
| | | ချမ်းမြသာစည် | ၃၈ |
| | | ချမ်းအေးသာစံ | ၃၂ |
| | | အမရပူရ | ၃၁ |
| | | ပုသိမ်ကြီး | ၇ |
| | | ပျော်ဘွယ် | ၇ |
| | | စဉ့်ကိုင် | ၇ |
| | | ပြည်ကြီးတံခွန် | ၆ |
| | | တံတားဦး | ၆ |
| | | တောင်သာ | ၅ |
| | | မြစ်သား | ၄ |
| | | ငါန်းဇွန် | ၃ |
| | | သပိတ်ကျင်း | ၃ |
| | | နွားထိုးကြီး | ၂ |
| | | မိုးကုတ် | ၁ |
| | | မတ္တရာ | ၁ |
| | | ဝမ်းတွင်း | ၁ |
| | | ကျောက်ဆည် | ၁ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | မလှိုင် | ၁ |
| | | စုစုပေါင်း | ၂၅၄ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၂၈ |
| | | ရွှေတောင် | ၁၆ |
| | | ပြည် | ၆ |
| | | ညောင်လေးပင် | ၅ |
| | | အုတ်ဖို | ၅ |
| | | လက်ပံတန်း | ၄ |
| | | ကဝ | ၂ |
| | | ကျောက်တံခါး | ၂ |
| | | ဝေါ | ၂ |
| | | အုတ်တွင်း | ၂ |
| | | သာယာဝတီ | ၁ |
| | | နတ်တလင်း | ၁ |
| | | ဖြူး | ၁ |
| | | ဒိုက်ဦး | ၁ |
| | | ရွှေကျင် | ၁ |
| | | တောင်ငူ | ၁ |
| | | စုစုပေါင်း | ၇၈ |
| ၄။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၂၈ |
| | | နတ်မောက် | ၈ |
| | | တောင်တွင်းကြီး | ၅ |
| | | မကွေး | ၄ |
| | | စလင်း | ၄ |
| | | ရေနံချောင်း | ၄ |
| | | မြို့သစ် | ၃ |
| | | ဆိပ်ဖြူ | ၃ |
| | | ချောက် | ၂ |
| | | ဂန့်ဂေါ | ၂ |
| | | မြိုင် | ၂ |
| | | မင်းဘူး | ၁ |
| | | မင်းလှ | ၁ |
| | | ပခုက္ကူ | ၁ |
| | | ပွင့်ဖြူ | ၁ |
| | | ရေစကြို | ၁ |
| | | ပေါက် | ၁ |
| | | စုစုပေါင်း | ၇၁ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ဟင်္သာတ | ၁၁ |
| | | ပုသိမ် | ၈ |
| | | မအူပင် | ၆ |
| | | ကျုံပျော် | ၅ |
| | | မော်လမြိုင်ကျွန်း | ၄ |
| | | လပွတ္တာ | ၁ |
| | | ဘိုကလေး | ၁ |
| | | ညောင်တုန်း | ၁ |
| | | မြောင်းမြ | ၁ |
| | | ဇလွန် | ၁ |
| | | ကျောင်းကုန်း | ၁ |
| | | ကျိုက်လတ် | ၁ |
| | | ဖျာပုံ | ၁ |
| | | စုစုပေါင်း | ၆၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ရွှေဘို | ၁၂ |
| | | ကလေး | ၁၂ |
| | | မုံရွာ | ၃ |
| | | စစ်ကိုင်း | ၂ |
| | | အရာတော် | ၁ |
| | | ကန့်ဘလူ | ၁ |
| | | ကျွန်းလှ | ၁ |
| | | ဟုမ္မလင်း | ၁ |
| | | ပုလဲ | ၁ |
| | | စုစုပေါင်း | ၃၄ |
| ၇။ | မွန်ပြည်နယ် | မော်လမြိုင် | ၁၉ |
| | | သထုံ | ၅ |
| | | ကျိုက်မရော | ၃ |
| | | ဘီးလင်း | ၂ |
| | | ရေး | ၂ |
| | | ကျိုက်ထို | ၁ |
| | | စုစုပေါင်း | ၃၂ |
| ၈။ | ကချင်ပြည်နယ် | ဖားကန့် | ၁၃ |
| | | မြစ်ကြီးနား | ၄ |
| | | ရွှေကူ | ၁ |
| | | စုစုပေါင်း | ၁၈ |
| ၉။ | ရှမ်းပြည်နယ် | တာချီလိတ် | ၁၀ |
| | | မဘိမ်း | ၂ |
| | | နမ့်ဆန် | ၂ |
| | | တောင်ကြီး | ၂ |
| | | ကလော | ၁ |
| | | မိုင်းပျဉ်း | ၁ |
| | | စုစုပေါင်း | ၁၈ |
| ၁၀။ | ရခိုင်ပြည်နယ် | မြေပုံ | ၄ |
| | | စစ်တွေ | ၄ |
| | | ဂွ | ၃ |
| | | သံတွဲ | ၁ |
| | | ရမ်းဗြဲ | ၁ |
| | | ကျောက်ဖြူ | ၁ |
| | | အမ်း | ၁ |
| | | စုစုပေါင်း | ၁၅ |
| ၁၁။ | နေပြည်တော် | ဇေယျာသီရိ | ၄ |
| | | ဇမ္ဗူသီရိ | ၄ |
| | | လယ်ဝေး | ၃ |
| | | တပ်ကုန်း | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၁၂။ | တနင်္သာရီ တိုင်းဒေသကြီး | မြိတ် | ၆ |
| | | သရက်ချောင်း | ၁ |
| | | ထားဝယ် | ၁ |
| | | စုစုပေါင်း | ၈ |
| ၁၃။ | ကရင်ပြည်နယ် | မြဝတီ | ၂ |
| | | စုစုပေါင်း | ၂ |
| ၁၄။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | စုစုပေါင်း | ၁ |
| (၈-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၃၀၈) ဦး |

မှတ်ချက်။ (၈-၁၂-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၀၈) ဦးတွင် အနံ့မရရှိသူ (၁၉၈) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

*စာမျက်နှာ ၁၇ မှ*

နိုင်ငံခြားကုမ္ပဏီအများစုက သူတို့ရဲ့ ဝက်ဘ်ဆိုက်တွေမှာ သူတို့လိုအပ်တဲ့ ရာထူးတွေအတွက် လိုအပ်တဲ့ အရည်အချင်းတွေနဲ့သင့်တော်တဲ့ အလုပ်အကိုင်တွေကို ကြော်ငြာတယ်ဆိုရင် ဒီရာထူးအတွက် လိုအပ်တဲ့ အရည်အချင်းတွေကို လေ့လာနိုင်တယ်။ အလုပ်လျှောက်လွှာကိုလည်း အွန်လိုင်းကနေ တစ်ခါတည်း တင်နိုင်တယ်၊ အွန်လိုင်းမှာ ဖောင်ဖြည့်လိုက်ပြီးရင် လိုအပ်တဲ့ Criteria အတိုင်း အရည်အချင်းတွေကို ဖြည့်လိုက်မယ်ဆိုရင် ကုမ္ပဏီဘက်မှာ တစ်ခါတည်း အွန်လိုင်းစနစ်နဲ့ ရွေးချယ်လိုက်မယ်၊ ရွေးထုတ်လိုက်မယ်၊ ပြီးရင် အလုပ်အတွက် အင်တာဗျူးကိုလည်း အွန်လိုင်းကနေ လုပ်ပါတယ်။

နိုင်ငံတကာလုပ်ငန်းတွေက ဘာလုပ်လာသလဲဆိုရင် သူတို့လုပ်ငန်းတွေကို စိတ်ဝင်စားတဲ့ အလုပ်လျှောက်တဲ့သူတွေအနေနဲ့ ကုမ္ပဏီအကြောင်းကို လေ့လာနိုင်သလို ကုမ္ပဏီဘက်ကလည်း ဒီ ဝန်ထမ်းရဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေကို အကြမ်းဖျင်းလေ့လာလို့ရအောင် ကုမ္ပဏီနဲ့ သက်ဆိုင်တဲ့ အွန်လိုင်းဂိမ်းတွေဖန်တီးပြီး သူတို့ရဲ့ ဝက်ဘ်ဆိုက်တွေမှာ တင်ထားကြတယ်။

ဒီတော့ အလုပ်လျှောက်သူအနေနဲ့ သူလျှောက်ချင်တဲ့ အလုပ်အတွက် ဝင်လေ့လာလိုက်တယ်ဆိုရင် ဒီဂိမ်းကို ကစားရင်းနဲ့ ကုမ္ပဏီအကြောင်းကို သူလေ့လာသိရှိသွားမယ်။ ဒီဂိမ်းကိုကစားလိုက်တဲ့အပေါ်မှာ အရည်အချင်းအရ အကြမ်းဖျင်းအားဖြင့် သူဟာ ဘယ်လောက်များ အရှေ့က ပေးထားတဲ့အချက်အလက်တွေကို မှတ်သားသွားသလဲ ဆိုတာ Job Interview လိုမျိုး Occupational Test လုပ်ထားတာမျိုးတွေလည်း ရှိလာပါတယ်။

မြန်မာနိုင်ငံမှာ အလုပ်အကိုင်ရှာဖွေဖို့အတွက် Job Portal တွေ ရှိပါတယ်။ ဒီ Job Portal ကို ဖန်တီးတဲ့ ကုမ္ပဏီတွေဟာဆိုရင် ကုမ္ပဏီပေါင်းမြောက်မြားစွာရဲ့ လစ်လပ်ရာထူးတွေ၊ လိုအပ်တဲ့ အရည်အချင်းတွေ၊ အရင်တည်ဆောက်ထားပြီးသား CV ပုံစံကို သူတို့ရဲ့ အွန်လိုင်း Job Portal မှာဝင်ပြီး အလုပ်လျှောက်လို့ရအောင် လုပ်ထားပါတယ်။ ပြီးရင် Online Job Matching တွေ လုပ်ပြီးမှသာ ဒီ Job Portal က စစ်ထုတ်ပေးလိုက်တဲ့ အရည်အချင်းပြည့်တဲ့ အလုပ်လျှောက်လွှာရှင်တွေကို ကုမ္ပဏီဆီကို ပို့ပေးတဲ့စနစ်နဲ့ သွားပါတယ်။

အခြားအလုပ်ရှာဖွေရေးအေဂျင်စီတွေကလည်း Job Portal တွေကို ဖန်တီးကြတယ်။ နိုင်ငံတော်အစိုးရဘက်ကလည်း မြန်မာနိုင်ငံမှာရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်အကုန်လုံးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အလုပ်အကိုင်ရှာဖွေရေး၊ အလုပ်အကိုင်ရရှိရေးအတွက်ကို Occupation Classifi-cation System မျိုးတွေ၊ နောက်ပြီး မြန်မာနိုင်ငံမှာ လက်ရှိရှိနေတဲ့ National Skill Standard Authority – NSSA တွေကနေ သတ်မှတ်ထားတဲ့ သတ်မှတ်ချက်တွေကို ထပ်ပြီး ရာထူးအဆင့်မျိုးစုံအတွက်ကို လိုအပ်တဲ့အရည်အချင်းတွေ သတ်မှတ်ပြီး အလုပ်အကိုင်တွေ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်တဲ့စနစ်မျိုးတွေရှိမယ်ဆိုရင် မြန်မာနိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ်။ နောက်ပြီး အလုပ်လက်မဲ့ ရာခိုင်နှုန်းလည်း လျော့နည်းလာမယ်လို့ မျှော်လင့်ရပါတယ်။

ဒါတွေကို ပုဂ္ဂလိကအခန်းကဏ္ဍကရော၊ နိုင်ငံတော်အစိုးရ အခန်းကဏ္ဍကရော၊ ဝန်ထမ်းတွေ၊ ပြည်သူလူထုတွေ ကိုယ်တိုင်က ကိုယ့်ရဲ့စွမ်းဆောင်ရည်နဲ့ အရည်အချင်းတွေကို မြှင့်တင်နိုင်ဖို့ ဝိုင်းပြီးဆောင်ရွက်ကြမယ်ဆိုရင် တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ ကိုယ့်ရဲ့အဖွဲ့အစည်းတစ်ခုချင်းသာမက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လူ့စွမ်းအားအရင်းအမြစ်က ဖွံ့ဖြိုးတိုးတက်လာပြီး စီမံခန့်ခွဲမှုတွေကလည်း ပိုမိုချောမွေ့လွယ်ကူမြန်ဆန်လာမယ်လို့ ကျွန်မမျှော်လင့်ပါတယ်။

## ၉-၁၂-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၅၅၉၄၅၃၄ | ၉၀၈၈၃၈၇ | ၂၉၃၄၉၆ |
| ၂။ | အိန္ဒိယ | ၉၇၃၅၉၇၅ | ၉၂၁၅၅၈၁ | ၁၄၁၃၉၈ |
| ၃။ | ဘရာဇီး | ၆၆၇၅၉၁၅ | ၅၈၅၄၇၀၉ | ၁၇၈၁၈၄ |
| ၄။ | ရုရှား | ၂၅၄၁၁၉၉ | ၂၀၀၇၇၉၂ | ၄၄၇၁၈ |
| ၅။ | ပြင်သစ် | ၂၃၀၉၆၂၁ | ၁၇၁၈၆၈ | ၅၆၃၅၂ |
| ၆။ | အီတလီ | ၁၇၅၇၃၉၄ | ၉၅၈၆၂၉ | ၆၁၂၄၀ |
| ၇။ | ဗြိတိန် | ၁၇၅၀၂၄၁ | စိစစ်ဆဲ | ၆၂၀၃၃ |
| ၈။ | စပိန် | ၁၇၁၅၇၀၀ | စိစစ်ဆဲ | ၄၆၆၄၆ |
| ၉။ | အာဂျင်တီးနား | ၁၄၆၉၉၁၉ | ၁၃၀၅၅၈၇ | ၄၀၀၀၉ |
| ၁၀။ | ကိုလံဘီယာ | ၁၃၈၄၆၁၀ | ၁၂၇၈၃၂၆ | ၃၈၁၅၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၉-၁၂-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၉၂၉၀၀ | ၄၈၇၄၄၅ | ၁၈၁၇၁ |
| ဖိလစ်ပိုင် | ၄၄၄၁၆၄ | ၄၀၈၉၄၂ | ၈၆၇၇ |
| မြန်မာ | ၁၀၃၁၆၆ | ၈၁၇၁၅ | ၂၁၇၄ |
| မလေးရှား | ၇၆၂၆၅ | ၆၅၁၂၄ | ၃၉၃ |
| စင်ကာပူ | ၅၈၂၉၁ | ၅၈၁၇၆ | ၂၉ |
| ထိုင်း | ၄၁၅၁ | ၃၈၈၀ | ၆၀ |
| ဗီယက်နမ် | ၁၃၈၁ | ၁၂၂၅ | ၃၅ |
| ကမ္ဘောဒီးယား | ၃၅၄ | ၃၀၇ | ၀ |
| ဘရူနိုင်း | ၁၅၂ | ၁၄၇ | ၃ |
| လာအို | ၄၁ | ၂၈ | ၀ |




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉-၁၂-၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၄၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၆၀/၆၀၅ | ကျပ် | ၅၉၅/၆၁၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၇၀/၆၂၀ | ကျပ် | ၆၁၀/၆၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၅၃၅/၅၆၅ | ကျပ် | ၅၉၅/၆၀၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၆၀/၆၈၀ | ကျပ် | ၇၂၅/၇၄၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၃ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၆ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၇ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၉ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၀ . ၇ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၉ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၄ . ၂၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၀၈၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၇ . ၃၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၂၉၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၈၀၀ | ၃၆၉၉ | ၃၆၆၁၈၃၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၅၆၈၂ | ၂၀၈၀၉၅၅၀ |
| MCB | ၈၄၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၇၈၅ | ၁၇၆၆၂၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၅၈၆ | ၄၃၆၁၅၀၀ |
| EFR | ၃၇၀၀ | ၃၇၀၀ | ၈၅၉ | ၃၁၇၈၃၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သီလဝါ သာကေတနဲ့၊ ရွှေပါဒ မြို့သန်လျင်

မောင်လွမ်းနီ(ရေစကြို)

ဒို့မြန်ပြည် တက်ခေတ်လှဖို့
လျှပ်စစ်က အခရာ။
ပေါင်းညီညာ စီမံကြမယ်ကွဲ့
ပြည်တန်ရမှာ။
စွမ်းအင်က အလေးသာ
ရေတိုမှာ မြန်မြန်ဖြည့်။
သီလဝါ တောင်စခန်းဆီက
စည်ခရာ အောင်ပန်းတွေနဲ့
ပြည်မြန်မာ အရောင်လွှမ်းစေ့မယ်
ချမ်းမြ ကြည်မွေ့။
ဖွေအချာ သာကေတနှင့်
ရွှေပါဒ မြို့သန်လျင်။
LNG အတတ်သစ်နဲ့
ဓာတ်စနစ်ကိုဝင်။
လျှပ်စစ်အတွက် ဖြည့်ဆည်းထွင်
ရွှေကမ္ဘည်းတင် မှတ်စွဲ။
ပြည်သားမွန်တို့
အညီအားသွန် အောင်ပွဲဆက်ကြမယ်
တွဲလက်ခိုင်မြဲ။

ရန်ကုန်မြစ်ကြီးကို ဖြတ်သန်းတိုက်ခတ်လာသော လေညင်းနွေးနွေး၏ အထိအတွေ့ကို ခံစားလိုက်ရသည်။ မြစ်ပြင်ကျယ်ကြီးအတွင်း ကျောက်ချရပ်နားနေကြသော ပင်လယ်ကူးသင်္ဘောကြီးများက အစီအရီ။ ဟိုးခပ်ဝေးဝေးတွင် ပင်လယ်ပျော် ငှက်အုပ်တစ်အုပ် လေးတွဲ့တွဲ့ ပျံသန်းနေသည့် မြင်ကွင်းက ကသီကရီ။ ခုတ်မောင်းသွားလာနေကြသော စက်တပ်ရေယာဉ်ကြီး၊ ငယ်များကလည်း လှုပ်ရှားနေသော အနီးပန်းချီ။

ရန်ကုန်မြစ်၏ ဒီမှာဘက်ကမ်းတွင်ကား Dolphin Jetty နှင့် LNG များ တင်ဆောင်ထားသည့် Floating Storage Unit (FSU) သင်္ဘောကြီးက ကြွားကြွားဝံ့ဝံ့။ ပိုက်လိုင်းကြီးများနှင့် ဆက်သွယ်ထားသော လှပခံ့ညားသည့် LNG Regasification Plant ကြီးက ငွားငွားစွင့်စွင့်။ သဘာဝအလှနှင့် ယှဉ်တွဲနေသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပထမဆုံးသော LNG to Power သီလဝါ စီမံကိန်း အဆောက်အဦတို့ကား ထွားထွားတင့်တင့်နှင့် လှချင်တိုင်းလှနေပေတော့သည်။

## ဓာတ်အားထုတ်လုပ်မည့် စီမံကိန်းကြီး

ဤနေရာသည် Liquified Natural Gas (LNG) လောင်စာကို မြန်မာနိုင်ငံတွင် ပထမဆုံးအသုံးပြုပြီး ဓာတ်အားထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သမိုင်းဝင်မည့် နေရာတစ်ခု ဖြစ်တော့သည်။ LNG များကို Regasification Plant မှ သဘာဝဓာတ်ငွေ့အဖြစ် ပြောင်းလဲစေပြီး ယင်းသဘာဝဓာတ်ငွေ့လောင်စာကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် စီမံကိန်းကြီးပင်ဖြစ်သည်။ သီလဝါ LNG to Power စီမံကိန်းမှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့တို့ကို အသုံးပြု၍ သန်လျင်တွင် ၃၅၀ မဂ္ဂါဝပ်ထွက်ရှိသော ဓာတ်အားပေးစက်ရုံကြီးနှင့် သာကေတတွင် ၄၀၀ မဂ္ဂါဝပ် ထွက်ရှိသော ဓာတ်အားပေးစက်ရုံကြီးများမှာ ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်းကပင် စတင်လည်ပတ်၍ လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ကြပေပြီ။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံအတွင်း နေ့စဉ်နှင့်အမျှ တိုးတက်လာသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အပြည့်အဝနှင့် အဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းစဉ်များကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ကာလတို၊ ကာလလတ်နှင့် ကာလရှည်စီမံကိန်းများကို အဆင့်ဆင့် လျာထားစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံအတွင်း သိသာထင်ရှားသော လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အညီ ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည်လည်း တစ်ရှိန်ထိုးတိုးတက်လာခဲ့ရာ လျှပ်စစ်ဓာတ်အားကို




LNG များ တင်ဆောင်ထားသည့် MV CNTIC VPOWER ENERGY သင်္ဘောကြီးကို သီလဝါဆိပ်ကမ်း Dolphin Jetty ၌ ဆိုက်ကပ်ထားသည်ကို တွေ့ရစဉ်။

ယခင်မျှော်မှန်း ထားသည်ထက် အချိန်တိုအတွင်း ပိုမိုထုတ်လုပ်ပေးနိုင်ရေးကို မဖြစ်မနေ ဆောင်ရွက်ပေးရန် လိုအပ်လာပါသည်။

## အဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းမှ ဓာတ်အားထုတ်လုပ်နိုင်သော အရင်းအမြစ်များကို အသုံးပြု၍ နိုင်ငံပိုင်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ Indepentent Power Producer (IPP) စနစ်ဖြင့် ဓာတ်အားပေးစက်ရုံများ တည်ဆောက်စေခြင်း စသည့်နည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အခန်းကဏ္ဍကို အဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ရေအား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး အရင်းအမြစ်များဖြင့် လည်းကောင်း၊ နေရောင်ခြည်စွမ်းအင်ကို အသုံးပြု၍ လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ကြရာတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှာ ကာလရှည်အချိန်ယူတည်ဆောက်ရန် လိုအပ်သဖြင့် လက်ရှိဖြစ်ပေါ်နေသော ဓာတ်အားလိုအပ်ချက်များကို ရေတိုအတွင်း အချိန်မီ ဖြည့်ဆည်းနိုင်ခြင်း မရှိပါ။ သဘာဝဓာတ်ငွေ့အနေဖြင့်လည်း ပြည်တွင်းသဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်မှုမှာ တဖြည်းဖြည်းကျဆင်းလာသည့် အခြေအနေတွင် ရှိပါသည်။ ကုန်းတွင်းနှင့် ကမ်းလွန်သဘာဝဓာတ်ငွေ့ ရှာဖွေခြင်းများကို ဆောင်ရွက်လျက်ရှိသည့်တိုင် ရေတိုကာလအတွင်း လိုအပ်သော သဘာဝဓာတ်ငွေ့ကို အချိန်မီ ဖြည့်ဆည်းပေးနိုင်ရန် မဖြစ်နိုင်ပါ။

သို့ဖြစ်ရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ရေတိုအတွင်း အမြန်ဆုံးဖြည့်ဆည်းပေးနိုင်မည့် ထုတ်လုပ်မှု မဟာဗျူဟာများကို ချမှတ်ဆောင်ရွက်ရတော့သည်။ ယင်းမဟာဗျူဟာမြောက် လုပ်ငန်းများကား လက်ရှိ စက်စွမ်းရည် ကျဆင်းနေသော ဌာနပိုင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များကို စက်စွမ်းရည် ပိုမိုမြင့်မားသည့် ဓာတ်အားပေးစက်များဖြင့် အစားထိုးခြင်းနှင့် LNG to Power ဓာတ်အားပေးစက်များ အမြန်ဆုံးတည်ဆောက်ထုတ်လုပ်ရေးပင်ဖြစ်ပေသည်။

ဤမဟာဗျူဟာနှင့်အညီ ၂၀၂၀ ပြည့်နှစ်အတွင်း လျှပ်စစ်ဓာတ်အား ၁၁၆၆ မဂ္ဂါဝပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ နေရာခုနစ်ခုတွင် စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ၄၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် သာကေတစီမံကိန်း၊ ၃၅၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် သန်လျင်စီမံကိန်း၊ ၁၅၁ ဒသမ ၅၄ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် အလုံစီမံကိန်းများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ၇၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ရွှေတောင်စီမံကိန်း၊ ရခိုင်ပြည်နယ်တွင် ၁၅၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ကျောက်ဖြူစီမံကိန်း၊ မကွေးတိုင်းဒေသကြီးတွင် ၆၆ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် မကွေးစီမံကိန်းနှင့် ၂၁ ဒသမ ၅၄ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် ကျွန်းချောင်းစီမံကိန်းများကိုလည်းကောင်း တည်ဆောက်အကောင်အထည်ဖော်ခဲ့ခြင်းပါသည်။

မကွေး၊ ရွှေတောင်၊ ကျွန်းချောင်းနှင့် အလုံ စီမံကိန်းများသည် ပြည်တွင်းမှထွက်ရှိသော ဓာတ်ငွေ့ကို အသုံးပြုလည်ပတ်သည့် စီမံကိန်းများဖြစ်၍ သာကေတ၊ သန်လျင်နှင့် ကျောက်ဖြူစီမံကိန်းများမှာ ပြည်ပမှ LNG တင်သွင်းအသုံးပြုလည်ပတ်မည့် စီမံကိန်းများ ဖြစ်ပါသည်။ အဆိုပါစီမံကိန်း ခုနစ်ခုအနက် မကွေးဓာတ်အားပေးစက်ရုံကို (၁၃.၁၂.၂၀၁၉) ရက်နေ့တွင် လည်းကောင်း၊ အလုံဓာတ်အားပေးစက်ရုံကို (၃၁.၅.၂၀၂၀)ရက်နေ့တွင် လည်းကောင်း၊ ကျွန်းချောင်းဓာတ်အားပေးစက်ရုံကို (၃.၆.၂၀၂၀)ရက်နေ့တွင် လည်းကောင်း၊ သာကေတဓာတ်အားပေးစက်ရုံကို (၈.၈.၂၀၂၀) ရက်နေ့တွင် လည်းကောင်း၊ ရွှေတောင်ဓာတ်အားပေးစက်ရုံကို (၃၀.၈.၂၀၂၀)ရက်နေ့တွင် လည်းကောင်း၊ သန်လျင်ဓာတ်အားပေးစက်ရုံကို (၈.၁၀.၂၀၂၀)ရက်နေ့တွင်လည်းကောင်း အသီးသီး လည်ပတ်ထုတ်လုပ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါစက်ရုံများ လည်ပတ်ထုတ်လုပ်နိုင်မှုကြောင့်

> **“ရန်ကုန်တိုင်းဒေသကြီးတွင် ၄၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် သာကေတစီမံကိန်း၊ ၃၅၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် သန်လျင်စီမံကိန်း၊ ၁၅၁ ဒသမ ၅၄ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် အလုံစီမံကိန်းများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ၇၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ရွှေတောင်စီမံကိန်း၊ ရခိုင်ပြည်နယ်တွင် ၁၅၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ကျောက်ဖြူစီမံကိန်း၊ မကွေးတိုင်းဒေသကြီးတွင် ၆၆ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် မကွေး စီမံကိန်းနှင့် ၂၁ ဒသမ ၅၄ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ကျွန်းချောင်းစီမံကိန်းများကိုလည်းကောင်း တည်ဆောက်အကောင်အထည်ဖော်ခဲ့”**

ယခုအခါ စုစုပေါင်း ၉၈၈ မဂ္ဂါဝပ်ခန့်အား နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ပို့လွှတ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ကျန်ရှိသော ကျောက်ဖြူစီမံကိန်းကိုလည်း ၂၀၂၁ ခုနှစ် နွေရာသီအမီ လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

## ဦးစားပေးဆောင်ရွက်နေ

မြန်မာနိုင်ငံသည် ရေအားအရင်းအမြစ်များ ပေါကြွယ်ဝပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြု၍ ဓာတ်အားထုတ်လုပ်ရန် အားသာချက်များရှိသည်မှာ မှန်ပါသည်။ သို့သော်လည်း လက်ရှိအခြေအနေအရ ဓာတ်အားထုတ်လုပ်မှုကို ကာလတိုအတွင်း ဖြည့်ဆည်းပေးရန်နှင့် နိုင်ငံတော်ဓာတ်အားစနစ်ကို တည်ငြိမ်စွာ စဉ်ဆက်မပြတ် ပေးနိုင်ရန်အတွက် လောင်စာဖြင့် ဓာတ်အားထုတ်လုပ်မှုကို မဖြစ်မနေ ဦးစားပေးဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ လောင်စာရွေးချယ်ရာတွင်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးပြီး ဈေးကွက်အတွင်းရရှိနိုင်မှု စိတ်ချရခြင်းအခြေအနေရှိသည့် LNG လောင်စာကို အသုံးပြု၍ ဓာတ်အားထုတ်လုပ်ခြင်းကို ဦးစားပေးဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ LNG သည် ယခင်က ဈေးနှုန်းမြင့်မားမှုရှိခဲ့သော်လည်း ယခုအခါတွင် သင့်တင့်လျောက်ပတ်သည့် အသုံးပြုနိုင်သော ဈေးနှုန်းအဖြစ် တည်ရှိနေပြီလည်း ဖြစ်ပါသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်မားခြင်း၊ လောင်စာရရှိနိုင်မှု အားသာခြင်းနှင့် အချိန်တိုအတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်သွားနိုင်ခြင်း စသည့် အားသာချက်များအလျောက် LNG ဓာတ်အားပေးစက်ရုံများ တည်ဆောက်မည့်နေရာကို စနစ်တကျရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၏ အများဆုံးသုံးစွဲမှုသည် ၁၆၀၈ မဂ္ဂါဝပ်ခန့်ရှိသဖြင့် မြန်မာတစ်နိုင်ငံလုံး ထုတ်လုပ်သော လျှပ်စစ်ဓာတ်အား၏ ၄၂ ရာခိုင်နှုန်းခန့်ကို သုံးစွဲလျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း လိုအပ်သည့် လျှပ်စစ်ဓာတ်အားများကို မြန်မာနိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းရှိ ဓာတ်အားပေးစက်ရုံကြီးများမှ အလွန်ရှည်လျားသော မဟာဓာတ်အားလိုင်းကြီးများဖြင့် ချိတ်ဆက်ပို့လွှတ်ပေးနေရခြင်းဖြစ်ရာ ယခုကဲ့သို့ LNG to Power ဓာတ်အားပေးစက်ရုံများ ထပ်မံတည်ဆောက်နိုင်ခြင်းဖြင့် တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားကို ရရှိစေမည်ဖြစ်ပါသည်။ ထို့အပြင် System Breakdown ဖြစ်ပွားမှုကို လျှော့ချပေးနိုင်ခြင်း၊ ဓာတ်အားပျောက်ဆုံးမှု (Losses) ကိုလည်း လျှော့နည်းသက်သာစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါသည်။

ထို့မျှသာမက နိုင်ငံ၏ ထုတ်လုပ်မှုကျဆင်းလျက်ရှိသည့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ဖြည့်ဆည်းပေးနိုင်ခြင်းဖြင့် နိုင်ငံအတွင်း တည်ဆောက်ထားရှိပြီးဖြစ်သော သဘာဝဓာတ်ငွေ့ပိုက်လိုင်း အခြေခံအဆောက်အဦများကို အသုံးပြုကာ အခြားသော စက်မှုလုပ်ငန်းများအတွက်လည်း အကျိုးကျေးဇူးရှိစေမည် ဖြစ်ပါသည်။ နိုင်ငံအတွင်း တည်ဆောက်ပြီးဖြစ်သည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ စွမ်းအားပြည့် အသုံးပြုနိုင်ရန်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေပါသည်။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

ရန်ကုန်မြို့သည် လူနေမှုထူထပ်သိပ်သည်းသည့် ဒေသဖြစ်သည့်အတွက် ကာဗွန်သုံးစွဲမှု လျှော့ချနိုင်ရေးကိုထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ LNG to Power ဓာတ်အားပေးစက်ရုံများသည် Clean Fuel ကို အသုံးပြုခြင်း ဖြစ်သည့်အတွက် ကာဗွန်ထုတ်လုပ်မှုကို လျှော့ချပေးမည့် အားသာချက်တစ်ခုလည်း ဖြစ်ပါသည်။

**နိုင်ငံတော်ဓာတ်အားပေးစနစ်သို့ ပို့လွှတ်**

သာကေတနှင့် သန်လျင်စီမံကိန်းများအတွက် Letter of Acceptance(L.O.A)အား (၆.၉.၂၀၁၉)နေ့တွင် ထုတ်ပေးခဲ့ပါသည်။ သာကေတစက်ရုံဝင်းအတွင်း ၄၀၀ မဂ္ဂါဝပ် LNG သုံးဓာတ်အားပေးစက်ရုံစီမံကိန်းကို တင်ဒါအောင်မြင်ခဲ့သည့် CNTIC VPower YG1 Limited အနေဖြင့် L.O.A စတင်ရှိခဲ့သည့် (၆.၉.၂၀၁၉)ရက်နေ့တွင်လည်းကောင်း၊ သီလဝါဆိပ်ကမ်း အကွက်အမှတ်(၁၄)ရှိ ၃၅၀ မဂ္ဂါဝပ် LNG သုံးဓာတ်အားပေးစက်ရုံ(သန်လျင်) စီမံကိန်းကို တင်ဒါအောင်မြင်ခဲ့သည့် CNTIC VPower YG2 Limited အနေဖြင့်လည်း L.O.A စတင်ရရှိခဲ့သည့် (၆.၉.၂၀၁၉) ရက်နေ့တွင်လည်းကောင်း စီမံကိန်းလုပ်ငန်းများကို မဆိုင်းမတွ စတင်အကောင်အထည်ဖော်ခဲ့ခြင်းကြောင့် ယခုအခါ တိုတောင်းလှသော အချိန်အတွင်းတွင်ပင် နိုင်ငံတော်နှင့် ပြည်သူလူထုတို့လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ရည်မှန်းထားသည့်အတိုင်း နိုင်ငံတော်ဓာတ်အားပေးစနစ်သို့ ချိတ်ဆက်ပို့လွှတ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ယင်းသို့ သာကေတနှင့် သန်လျင် LNG to Power ဓာတ်အားပေးစက်ရုံများအတွက် LNG လောင်စာ ဖြန့်ဖြူးပေးနိုင်ရန် Floating Storage Unit (FSU) ဆိုက်ကပ်နိုင်ရန်အတွက် သီလဝါဆိပ်ကမ်းတွင် Dolphin Jetty တစ်ခုကို တည်ဆောက်ခဲ့ရသည်။ အဆိုပါ Dolphin Jetty တည်ဆောက်နေဆဲကာလတွင်ပင် LNG ဖြင့် ဓာတ်အားပေးစက်ရုံများ စတင်လည်ပတ်နိုင်ရန်အတွက် ယာယီအနေဖြင့် Mobile Filling Platform(MPF)အား အလျင်အမြန် တည်ဆောက်ခဲ့ရပါသည်။ မြန်မာနိုင်ငံသို့ ပထမဦးဆုံး LNG 28000m³ သယ်ဆောင်လာသည့် သင်္ဘော MV CNTIC VPOWER GROBAL သည် ၂၀၂၀ ပြည့်နှစ် ဇွန်လ ၆ ရက်နေ့တွင် အောင်မြင်စွာ ဆိုက်ကပ်နိုင်ခဲ့ခြင်းဖြင့် နိုင်ငံ၏ လျှပ်စစ်ဓာတ်အားကဏ္ဍအတွက် LNG to Power ကဏ္ဍသစ်ကြီးကို စတင်နိုင်ခဲ့ကြောင်း မှတ်ကျောက်တင်နိုင်ခဲ့ပေပြီ။

LNG to Power စီမံကိန်းများသို့ LNG စဉ်ဆက်မပြတ်ထောက်ပံ့နိုင်ရန် အစီအမံများကိုလည်း စနစ်တကျ ချမှတ်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ LNG 140,000m³ သိုလှောင်နိုင်သည့် LNG Mother Vessel MV METHANE ALISON VICTOERIA ကို မြိတ်ကျွန်းစုရှိ သမီးလှကျွန်းအနီးတွင် ရပ်တန့်ထား၍၊ အဆိုပါ Mother Vessel မှ LNG ကို LNG Shuttle နှစ်စင်းဖြင့် သီလဝါသို့ ထပ်ဆင့်သယ်ပို့ပေး၍၊ ပထမအဆင့်အနေဖြင့် Dolphin Jetty တည်ဆောက်နေဆဲ ကာလအတွင်း သီလဝါဆိပ်ကမ်းတွင် FSU အဖြစ် ဆိုက်ကပ်ထားသော LNG 28000m³ သိုလှောင်နိုင်သည့် သင်္ဘောကြီးသို့ LNG များ ဖြည့်တင်းပေးရခြင်းပင် ဖြစ်သည်။

**ဆိုက်ကပ်ရောက်ရှိနေ**

ယခုအခါတွင်ကား Dolphin Jetty လည်း တည်ဆောက်ပြီးစီးခဲ့ပေပြီ။ သို့ဖြစ်ရာ မူလက FSU အဖြစ် ယာယီအသုံးပြုခဲ့ရသည့် LNG 28000m³ သာ သိုလှောင်နိုင်သော သင်္ဘောကြီးနေရာတွင် LNG 120,000m³ သိုလှောင်နိုင်မည့် အလွန်ကြီးမားလှသော MV CNTIC VPOWER ENERGY သင်္ဘောကြီးကား သီလဝါရှိ Dolphin Jetty တွင် ငွားငွားစွင့်စွင့် ဆိုက်ကပ်ရောက်ရှိနေပေပြီ။ မူလအသုံးပြုခဲ့သည့် သင်္ဘောကြီးကိုလည်း မြိတ်နှင့် သီလဝါအကြားတွင် LNG ပို့ဆောင်သော LNG Shuttle အဖြစ် ဆက်လက်အသုံးပြုသွားမည်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် အဆိုပါ သင်္ဘောကြီး အောင်မြင်စွာ ဆိုက်ကပ်နိုင်ခဲ့ခြင်းသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သမိုင်းတွင်သာမက ရန်ကုန်မြစ်ကြီး၏ သမိုင်းတစ်လျှောက် စံချိန်တင်ရမည့် သမိုင်းဝင်နေ့တစ်နေ့ပင် ဖြစ်တော့သည်။ အလျား ၂၇၂ မီတာ၊ ရေစူး ၉ မီတာ၊ တန်ချိန် ၁၀၆,၂၈၃ ရှိသော အဆိုပါ သင်္ဘောကြီး ဆိုက်ကပ်နိုင်ရန် တာဝန်ရှိသည့် ဌာနဆိုင်ရာများအားလုံး ပူးပေါင်း၍ ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရ၏။ အလျားအလွန်ရှည်လွန်းသဖြင့် ရန်ကုန်မြစ်အတွင်း Tug Boat များဖြင့် ခက်ခက်ခဲခဲ ဦးလှည့်ပေးရ၏။ Jetty သို့ ဆိုက်ကပ်နိုင်ရန်အတွက်လည်း Tug Boat လေးစင်းဖြင့် ဟန်ချက်ညီညီ ထိန်းသိမ်း၍ တဖြည်းဖြည်းချင်း ချဉ်းကပ်ခဲ့ရသည့် မြင်ကွင်းများကား လွန်စွာစိတ်လှုပ်ရှားဖွယ်ကောင်းလှပေ၏။ ထိုနေ့က ရန်ကုန်မြစ်ပြင်ကြီးအတွင်း အဆိုပါသင်္ဘောကြီး ဆိုက်ကပ်နိုင်ရန် ကြိုးပမ်းခဲ့ကြမှုများမှာ သမိုင်းတွင် မေ့ပျောက်၍ မရနိုင်သော ရင်သပ်ရှုမောဖွယ် စွမ်းဆောင်ချက်များပင် ဖြစ်တော့သည်။

Mobile Filling Platform (MFP) တည်ဆောက်ခြင်း၊ LNG သိုလှောင်ရေးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်ခြင်းနှင့် LNG အသုံးပြု၍ ဓာတ်အားထုတ်လုပ်ခြင်းသည် မြန်မာနိုင်ငံတွင် ပထမဆုံး အတွေ့အကြုံဖြစ်သည့်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စိန်ခေါ်မှုနှင့် အခက်အခဲများစွာကြားမှ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါသည်။ အထူးသဖြင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကာလအတွင်း ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များကြားမှ မဖြစ်မနေ အကောင်အထည်ဖော် တည်ဆောက်ခဲ့ရခြင်းဖြစ်ပါသည်။

လက်ရှိ သာကေတဓာတ်အားပေးစက်ရုံစုများတွင် IPP/BOT စနစ်ဖြင့် Max Power Company Limited ၏ ၅၀ မဂ္ဂါဝပ် Gas Engine စက်ရုံ၊ JV/BOT စနစ်ဖြင့် U Energy Company Limited ၏ ၁၀၆ မဂ္ဂါဝပ် စက်ရုံနှင့် နိုင်ငံပိုင် ၁၅၄ မဂ္ဂါဝပ်စက်ရုံများမှ လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်လျက်ရှိသည်။ ယခုအခါ သာကေတတွင် LNG to Power စက်ရုံသစ် ၄၀၀ မဂ္ဂါဝပ် ထပ်မံတည်ဆောက်ပြီးစီးပြီဖြစ်သဖြင့် သာကေတစက်ရုံစုသည် စုစုပေါင်းတပ်ဆင်အင်အား ၇၁၀ မဂ္ဂါဝပ်အထိရှိကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အရေးပါသည့် ဓာတ်အားပို့လွှတ်သော ဗဟိုချက်နေရာဖြစ်လာခဲ့ပေပြီ။ စက်ရုံများမှ ထွက်ရှိသော ဓာတ်အားများကို သာကေတဓာတ်အားခွဲရုံမှတစ်ဆင့် တောင်ဒဂုံ၊ မြောက်ဒဂုံ၊ သာကေတ၊ မရမ်းကုန်း၊ ဗိုလ်တထောင်၊ ဗဟန်းနှင့် ဒေါပုံမြို့နယ်များသို့လည်းကောင်း ပို့လျှံသောဓာတ်အားများကို ၂၃၀ ကေဗွီ ဓာတ်အားလိုင်းမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့လည်းကောင်း ပို့လွှတ်ဖြန့်ဖြူးလျက်ရှိပါသည်။

**တည်ငြိမ်ပြည့်ဝစွာ ရရှိသုံးစွဲနိုင်**

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လက်ရှိသုံးစွဲလျက်ရှိသော စက်မှုဇုန်များ၊ သန်လျင်၊ ကျောက်တန်းဒေသရှိ သီလဝါအထူးစီးပွားရေးဇုန်များတွင် လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာ ရရှိသုံးစွဲနိုင်မည့်အပြင် ဆက်လက်၍ အကောင်အထည်ဖော် ဆောင်ရွက်မည့် ထန်းတပင်မြို့နယ် စက်မှုနည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဇုန်၊ လှည်းကူးမြို့နယ်ရှိ စက်မှုဥယျာဉ်စီမံကိန်း၊ ရန်ကုန်မြို့ဧရိယာအတွင်း ဆောင်ရွက်နေသော မြို့ပြအခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက်ပါ ကြီးမားသော လျှပ်စစ်ဓာတ်အား အရင်းအမြစ်များအဖြစ် ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိရေးသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရည်မှန်းထားသည့်အတိုင်း သက္ကရာဇ် ၂၀၃၀ တွင် တစ်နိုင်ငံလုံး ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှုဖြန့်ဖြူးမှုများကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အရည်အသွေးပြည့်မီသော လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာရရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူလူထုတစ်ရပ်လုံး၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဟု မမိုတ်မသုန်ယုံကြည်ပါသည်။

**အကျိုးကျေးဇူးကြီးမားလှသည့် ရောဝတီ**

ရန်ကုန်မြစ်ကြီးကား ငြိမ့်ငြိမ့်ညင်းညင်း စီးဆင်းလျက်ပင်။ ရန်ကုန်မြစ်ကို မေးတင်ထားသော သီလဝါသည်လည်းကောင်း၊ ပဲခူးမြစ်ကို ထွေးပွေ့ထားသော သန်လျင်သည်လည်းကောင်း ဂုဏ်သိက္ခာဝံ့ထည်စွာဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုတို့အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးလျက်ပင်။ ရန်ကုန်မြစ်ကို မြင်ရသောအခါ အမိနိုင်ငံ၏ သတို့သမီး ရောဝတီကို မြင်ယောင်မိ၏။ မြန်မာနိုင်ငံ မြောက်ဖျားမှ တောင်ပိုင်းသို့ စီးဆင်းနေသည့် မိခင်ရောဝတီ။ မေခနှင့် မလိခ မြစ်နှစ်သွယ် ပေါင်းဆုံရာမှ ဖြစ်ပေါ်လာသော ရောဝတီ။ မိုင်ပေါင်း ၁၃၀၀ ကျော် ရှည်လျားသော ရောဝတီ။ သဘာဝသယံဇာတများစွာကို ထွေးပွေ့ထားသော ရောဝတီ။ စိုက်ပျိုးရေးနှင့် ကူးသန်းရောင်းဝယ်ရေးတို့အတွက် မရှိမဖြစ် ရောဝတီ။ မြန်မာနိုင်ငံသား အားလုံးအတွက် အကျိုးကျေးဇူးကြီးမားလှသည့် ရောဝတီ။

ရောဝတီမြစ်သည် တာပိန်မြစ်၊ ရွှေလီမြစ်၊ မြစ်ငယ်မြစ်၊ မူးမြစ်၊ ချင်းတွင်းမြစ် အစရှိသည့် မြစ်လက်တက်များ၊ ယောချောင်း၊ စလင်းချောင်း၊ မုန်းချောင်း၊ မန်းချောင်း၊ မင်းတုန်းချောင်း၊ ပင်းချောင်း၊ ယင်းချောင်း၊ နဝင်းချောင်း အစရှိသည့် ချောင်းလက်တက်များ ခြံရံလျက်ရှိသည်။ “ရေကိုသား၍ အကြားမထင်” ဆိုသကဲ့သို့ အားလုံးသော မြစ်လက်တက် ချောင်းလက်တက်များသည်လည်း ရောဝတီ၏ အစိတ်အပိုင်းများပင်။

နိုင်ငံတော်ဓာတ်အားစနစ်သည်လည်း ထိုနည်းနှင်နှင်ပင်။ နိုင်ငံတစ်ဝန်းရှိ ရေအားလျှပ်စစ်စက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံများ၊ ကျောက်မီးသွေးသုံးစက်ရုံများ၊ နေရောင်ခြည်သုံးစက်ရုံများ အားလုံးမှထွက်ရှိသမျှ ဓာတ်အားကို ပေါင်းစုထားခြင်း၊ ထိုမှတစ်ဆင့် ဖြန့်ခွဲပေးခြင်းသာ။ သို့ဖြစ်၍ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားသုံးစွဲကြရသည်ဆိုရာတွင် မည်သည့်စက်ရုံမှ ထွက်သည့်ဓာတ်အားဟူ၍ ခွဲခြားမရစကောင်းပေ။ သို့ဖြစ်ရာ ယခုတိုးတက်ဖြစ်ပေါ်လာသော သာကေတနှင့် သန်လျင် LNG to Power စက်ရုံများသည်လည်း ရောဝတီမြစ်အတွင်းသို့စီးဝင်ကြသည့် မြစ်လက်တက်များနှယ် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း အောင်မြင်စွာ စီးဝင်ပြီး နိုင်ငံတော်အကျိုးကို သယ်ပိုးထမ်းရွက်နေပြီ ဖြစ်ပါကြောင်း ဂုဏ်ယူဝင့်ကြွားစွာဖြင့် ရေးသားတင်ဆက်အပ်ပါသည်။

# ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၉**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၇၃ ဦးအား ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့ပြင် ပြည်ပနိုင်ငံများတွင် စာချုပ်သက်တမ်းကုန်ဆုံး၍ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာသင်္ဘောသား အလုပ်ကျွဝန်ထမ်း ပြောင်းလဲခြင်း အကူအညီပေးရေးကော်မတီ (CCSC) တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI)ကယ်ဆယ်ရေး လေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၉၆ ဦး၊ စင်ကာပူမှ တစ်ဦး၊ ပြင်သစ်မှ တစ်ဦး၊ ချီလီမှ သုံးဦး၊ ဖိလစ်ပိုင်မှ ကိုးဦး၊ အီဂျစ်မှ တစ်ဦး၊ တူရကီမှ သုံးဦး၊ ပနားမားမှ ၁၂ ဦး၊ အင်ဒိုနီးရှားမှ ငါးဦး၊ မြန်မာသင်္ဘောသား စုစုပေါင်း ၁၃၁ ဦး လိုက်ပါခဲ့ကြသည်။



ၶင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# Stay at home အစီအစဉ်တွင်အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

*ယမန်နေ့မှ အဆက်*

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမား ဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၂၁၈ | 13018.31.1.2.473 | မြန်မာမဏ္ဍိုင် | ၅၉ | ၃,၃၉၈,၄၀၀.၀၀ |
| ၂၁၉ | 13018.31.2.2.13 | Phool အထည်ချုပ် | ၄၃ | ၂,၄၇၆,၈၀၀.၀၀ |
| ၂၂၀ | 13018.31.2.2.104 | ဦးငွေအောင် ပလတ်စတစ် | ၃၉ | ၂,၃၉၆,၀၀၀.၀၀ |
| ၂၂၁ | 13018.31.2.2.118 | Phoenix General Electrical | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၂၂၂ | 13018.31.2.2.155 | Joyful စာအုပ်ချုပ်လုပ်ငန်း | ၆ | ၁၉၂,၀၀၀.၀၀ |
| ၂၂၃ | 13018.31.2.2.192 | Aung Fiber Glass | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၂၂၄ | 13018.31.2.2.231 | Atelier E&M International Co,Ltd | ၇၀ | ၄,၀၃၂,၀၀၀.၀၀ |
| ၂၂၅ | 13018.31.3.2.120 | VANAM Co,Ltd | ၁၄ | ၈၀၆,၄၀၀.၀၀ |
| ၂၂၆ | 13018.31.3.2.139 | Four Diamond Pvc ကော်စေ့လုပ်ငန်း | ၉ | ၅၂၄,၈၀၀.၀၀ |
| ၂၂၇ | 13018.31.2.2.136 | ရွှေနဂါးပါကင်ကြိုး | ၈၃ | ၄,၈၄၃,၂၀၀.၀၀ |
| ၂၂၈ | 13018.31.4.2.132 | ရွှေပြည်နန်းကုမ္ပဏီလီမိတက် | ၁၀၈ | ၆,၂၈၂,၄၀၀.၀၀ |
| ၂၂၉ | 13018.31.7.2.11 | Rongson (Myanmar) Co,Ltd | ၅၂၁ | ၃၀,၁၅၆,၄၃၀.၀၀ |
| ၂၃၀ | 13018.31.7.2.38 | Prolab Analytical Laboratory(Myanmar Innovation Group of Limited) | ၃ | ၃၂၀,၀၀၀.၀၀ |
| ၂၃၁ | 13018.31.7.2.64 | AEAS Trading Co,Ltd | ၂၃ | ၂,၀၆၄,၀၆၆.၄၀ |
| ၂၃၂ | 13018.31.7.2.72 | Envirogreen Manufacturing Co.,Ltd | ၁၆ | ၁,၃၆၀,၀၀၀.၀၀ |
| ၂၃၃ | 13018.31.8.2.21 | Samanea Yangon Development Limited | ၅၄ | ၄,၉၄၀,၀၀၀.၀၀ |
| ၂၃၄ | 13019.32.1.2.340 | General Enterprises | ၂,၃၈၇ | ၁၃၇,၄၇၀,၀၈၀.၀၀ |
| ၂၃၅ | 13019.32.2.2.203 | SUJIN Co.,Ltd | ၂၁၀ | ၁၀,၃၁၀,၄၀၀.၀၀ |
| ၂၃၆ | 13019.32.3.2.125 | Grand Enterprises | ၁,၅၄၅ | ၈၈,၉၇၀,၈၈၀.၀၀ |
| ၂၃၇ | 13019.32.6.2.100 | General Enterprises(K) | ၆၈၉ | ၃၉,၆၈၆,၄၀၀.၀၀ |
| ၂၃၈ | 13019.32.8.2.29 | Outskin Sportwear Myanmar Ltd | ၃၅ | ၂,၁၆၈,၈၄၄.၀၀ |
| ၂၃၉ | 13023.314.8.2.19 | Sports Engineering And Recreation Asia (Myanmar )Ltd | ၁၀ | ၁,၀၂၀,၀၀၀.၀၀ |
| ၂၄၀ | 13033.35.1.2.29 | American Vision | ၉ | ၅၁၈,၄၀၀.၀၀ |
| ၂၄၁ | 13033.35.1.2.517 | အောင်ကမ္ဘာအထည်စက် | ၉ | ၃၆၀,၀၀၀.၀၀ |
| ၂၄၂ | 13033.35.1.2.648 | Phee International Shipping Myanmar Ltd. | ၄၂ | ၄,၈၀၆,၀၀၀.၀၀ |
| ၂၄၃ | 13033.35.1.2.650 | Myanmar Total Logistics Limited | ၂၄ | ၂,၈၀၈,၀၀၀.၀၀ |
| ၂၄၄ | 13033.35.1.2.749 | ရွှေသစ္စာအကြံပေးနှင့်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက် | ၉ | ၄၃၂,၀၀၀.၀၀ |
| ၂၄၅ | 13033.35.2.2.12 | Myanmar Shipping Services Co., Ltd. | ၁၈ | ၂,၁၃၆,၀၀၀.၀၀ |
| ၂၄၆ | 13033.35.2.2.118 | Container Management Agencies Ltd. | ၇ | ၈၄၀,၀၀၀.၀၀ |
| ၂၄၇ | 13033.35.2.2.119 | Indochina Shipping Agencies Ltd. | ၁၁ | ၁,၃၀၆,၀၀၀.၀၀ |
| ၂၄၈ | 13033.35.2.2.121 | OV Logistics Myanmar Ltd. | ၄၃ | ၅,၁၅၆,၀၀၀.၀၀ |
| ၂၄၉ | 13033.35.2.2.162 | Hotel Platinum | ၁၀ | ၆၂၀,၈၀၀.၀၀ |
| ၂၅၀ | 13033.310.1.2.31 | သဇင် မိတ္တူကူးလုပ်ငန်း | ၁၃ | ၇၄၈,၈၀၀.၀၀ |
| ၂၅၁ | 13033.35.3.2.129 | NYK Silverbird Auto Logistics Ltd. | ၄၁ | ၄,၈၄၀,၀၀၀.၀၀ |
| ၂၅၂ | 13033.35.5.2.56 | Asian Tigers Mobility Ltd. | ၁၄ | ၁,၆၈၀,၀၀၀.၀၀ |
| ၂၅၃ | 13033.35.5.2.77 | Phee Central Limited | ၂၅ | ၂,၄၆၀,၀၀၀.၀၀ |
| ၂၅၄ | 13033.36.1.2.352 | မိတ်ဆွေကြီး ပုံနှိပ်တိုက် | ၂ | ၈၆,၄၀၀.၀၀ |
| ၂၅၅ | 13033.36.1.2.389 | ဒဂုံသမဝါယမစတိုး ၂၄ | ၃ | ၁၂၉,၆၀၀.၀၀ |
| ၂၅၆ | 13033.36.1.2.454 | ယန္တရားရောင်းဝယ်ရေး | ၁၄ | ၈၁၁,၂၀၀.၀၀ |
| ၂၅၇ | 13033.36.1.2.487 | ဘေတာ ဖက်ရှင် | ၇ | ၃၀၂,၄၀၀.၀၀ |
| ၂၅၈ | 13033.36.1.2.515 | Golden New Idea | ၉ | ၅၂၀,၈၀၀.၀၀ |
| ၂၅၉ | 13033.36.1.2.540 | အာရှ မျက်မှန် | ၁ | ၄၃,၂၀၀.၀၀ |
| ၂၆၀ | 13033.36.1.2.552 | ရွှေတိုက် တိုင်ကပ်နာရီရောင်းဝယ်ရေး | ၂၃ | ၁,၃၂၄,၈၀၀.၀၀ |
| ၂၆၁ | 13033.36.1.2.718 | ဒဂုံအထွေထွေစီးပွားရေး | ၅ | ၂၁၆,၀၀၀.၀၀ |
| ၂၆၂ | 13033.36.1.2.815 | MGL လျှပ်စစ် | ၅ | ၂၁၆,၀၀၀.၀၀ |
| ၂၆၃ | 13033.36.3.2.100 | Santa Fe Mobility Services | ၄ | ၄၈၀,၀၀၀.၀၀ |
| ၂၆၄ | 13033.36.4.2.101 | HHT International | ၈ | ၇၂၀,၀၀၀.၀၀ |
| ၂၆၅ | 13033.36.6.2.2 | Performance Auto International | ၂၆ | ၁,၆၈၉,၆၀၀.၀၀ |
| ၂၆၆ | 13033.36.7.2.74 | Ashro Agriculture Company Limited | ၁ | ၁၂၀,၀၀၀.၀၀ |
| ၂၆၇ | 13033.36.8.2.12 | Myanmar Shwe Tech Co.,ltd | ၁၆ | ၁,၁၆၀,၀၀၀.၀၀ |
| ၂၆၈ | 13033.310.1.2.41 | ရွှေသစ်ခွလီမိတက် | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၂၆၉ | 13033.310.1.2.154 | Tunn Star Co.,Ltd | ၇၄ | ၅,၀၈၅,၆၀၀.၀၀ |
| ၂၇၀ | 13033.310.1.2.188 | ဝင်းသိင်္ဂီကုမ္ပဏီ | ၇ | ၃၇၉,၂၀၀.၀၀ |
| ၂၇၁ | 13033.310.1.2.447 | မောင်ဆောင်းအပ်ချုပ်ဆိုင် | ၂ | ၈၆,၄၀၀.၀၀ |
| ၂၇၂ | 13033.310.1.2.636 | PANORAMA HOTEL | ၆၂ | ၂,၂၉၀,၀၀၀.၀၀ |
| ၂၇၃ | 13033.310.3.2.174 | ကနုတ်ပန်း Design House | ၁ | ၆၀,၀၀၀.၀၀ |
| ၂၇၄ | 13033.310.5.2.109 | Success World Co.,Ltd | ၂၂ | ၉၅၀,၄၀၀.၀၀ |
| ၂၇၅ | 13033.310.6.2.47 | Holy Dragon Co.,Ltd | ၂၄ | ၂,၄၆၆,၈၀၀.၀၀ |
| ၂၇၆ | 13033.310.6.2.61 | UCS MYANMAR CO., LTD. | ၆ | ၇၂၀,၀၀၀.၀၀ |
| ၂၇၇ | 13033.310.6.2.94 | Panaust Services (Myanmar) Company Limited | ၁၂ | ၁,၄၄၀,၀၀၀.၀၀ |
| ၂၇၈ | 13037.39.2.2.189 | Shwe Taung Development Co., Ltd. (Engineering & Construction Business Sector) | ၅၄၀ | ၄၂,၃၃၂,၇၁၃.၆၀ |
| ၂၇၉ | 13041.33.1.2.320 | Asia Petroleum | ၂၉ | ၂,၀၆၉,၆၀၀.၀၀ |
| ၂၈၀ | 13041.38.1.2.345 | အောင်မြန်မာတက္ကနော်လော်ဂျီ ကုမ္ပဏီလီမိတက် (အရောင်းပြခန်း) | ၅ | ၄၂၄,၀၀၀.၀၀ |
| ၂၈၁ | 13041.38.3.2.1 | Wint & Partners Legal Services Ltd | ၁၀ | ၁,၁၄၈,၀၀၀.၀၀ |
| ၂၈၂ | 13041.38.2.2.281 | Information Matrix | ၁၉၆ | ၂၂,၀၄၃,၂၀၀.၀၀ |
| ၂၈၃ | 13041.38.3.2.123 | Green Pest Management Co.Ltd | ၂၄ | ၁,၈၂၀,၀၀၀.၀၀ |
| ၂၈၄ | 13041.38.7.2.53 | April Myanmar Co.,Ltd | ၆ | ၃၈၀,၀၀၀.၀၀ |
| ၂၈၅ | 13041.38.7.2.188 | Titan Cleaning & Hygiene Services Co.,Ltd | ၂၇ | ၁,၈၄၈,၀၀၀.၀၀ |
| ၂၈၆ | 13041.38.8.2.70 | Kiyomi Co.,Ltd | ၁၀ | ၇၁၂,၀၀၀.၀၀ |
| ၂၈၇ | 17001.31.8.2.9 | Viettel Construction Myanmar | ၁၈ | ၁,၆၇၀,၇၀၀.၀၀ |
| ၂၈၈ | 7001.39.1.2.41 | ဂန္ဓမာဟိုတယ် | ၅ | ၁၂၀,၀၀၀.၀၀ |
| ၂၈၉ | 7001.39.1.2.47 | ဒေါ်ဆန်းဆေးပြင်းလိပ် | ၂ | ၄၀,၀၀၀.၀၀ |
| ၂၉၀ | 7001.39.1.2.67 | စူပါဖက်ရှင် | ၅ | ၁၀၀,၀၀၀.၀၀ |
| ၂၉၁ | 7001.39.1.2.141 | ဒေါ်ခင်သက်ဦး မိုးကြယ်ဆေးလိပ် | ၄ | ၈၀,၀၀၀.၀၀ |
| ၂၉၂ | 7001.39.1.2.222 | ကျောက်ကြီးစုသစ်စက် | ၄ | ၈၀,၀၀၀.၀၀ |
| ၂၉၃ | 7001.39.1.2.237 | ဒေါ်သီတာအေးအဖြူပါတ် | ၅ | ၁၀၀,၀၀၀.၀၀ |
| ၂၉၄ | 7001.39.1.2.291 | ခြူးကမ္ဘာဆေးလိပ် | ၅ | ၁၀၀,၀၀၀.၀၀ |
| ၂၉၅ | 7001.39.2.2.134 | ရွှေနဂါးမင်းပြုပ်ဆီ | ၅ | ၁၁၄,၀၀၀.၀၀ |
| ၂၉၆ | 7001.39.6.2.24 | ပါဖက်ကွမ်ပင်နီယမ် | ၄၉ | ၄,၄၆၈,၈၂၈.၀၀ |
| ၂၉၇ | 10002.32.1.2.120 | IE Electronic | ၁၁ | ၅၉၆,၀၀၀.၀၀ |
| ၂၉၈ | 10002.32.1.2.136 | ရွှေဖြူအိမ်ဆောက်ပစ္စည်း | ၂၇ | ၁,၆၂၀,၀၀၀.၀၀ |
| ၂၉၉ | 10002.32.1.2.137 | ရွှေထွန်းကုမ္ပဏီ | ၃၂ | ၁,၈၄၃,၂၀၀.၀၀ |
| ၃၀၀ | 10002.32.1.2.206 | စွမ်းအားလျှပ်စစ် | ၁၂၈ | ၇,၈၈၈,၈၀၀.၀၀ |
| ၃၀၁ | 10002.32.1.2.285 | Universe Hotel | ၂၆ | ၉၄၆,၀၀၀.၀၀ |
| ၃၀၂ | 10002.32.1.2.396 | ကောင်းမြတ်ရွှေဆိုင် | ၉ | ၃၆၀,၀၀၀.၀၀ |
| ၃၀၃ | 10002.32.1.2.458 | အောင်မိသားစုစက်အပိုပစ္စည်း | ၂၀ | ၁,၄၁၂,၀၀၀.၀၀ |
| ၃၀၄ | 10002.32.1.2.577 | ရတနာပုံမန်း BE | ၁၀ | ၂၄၈,၀၀၀.၀၀ |
| ၃၀၅ | 10002.32.1.2.631 | Habitude Co,Ltd | ၃၀ | ၂,၃၆၀,၇၈၇.၆၀ |
| ၃၀၆ | 10002.32.1.2.743 | DWW | ၈၀ | ၅,၇၆၈,၀၀၀.၀၀ |
| ၃၀၇ | 10002.32.1.2.744 | မျိုးသိန်း | ၁၅၂ | ၉,၁၇၈,၄၀၀.၀၀ |
| ၃၀၈ | 10002.32.1.2.782 | Unity Hotel | ၂၉ | ၁,၇၈၃,၆၀၀.၀၀ |
| ၃၀၉ | 10002.32.1.2.824 | ဦးချစ်ထွေးကားဝပ်ရှော့ | ၃ | ၃၆,၀၀၀.၀၀ |
| ၃၁၀ | 10002.32.4.2.129 | ဟာမိုနီတည်းခိုရိပ်သာ | ၆ | ၁၂၀,၀၀၀.၀၀ |
| ၃၁၁ | 10002.32.5.2.6 | Silver Sky | ၇ | ၄၅၂,၈၀၀.၀၀ |
| ၃၁၂ | 10002.32.5.2.17 | စုထက်ဟိန်းရဲမွန်တောင် | ၁၁ | ၆၃၃,၆၀၀.၀၀ |
| ၃၁၃ | 10002.32.5.2.66 | မတ်ထရိုကွန်ပျူတာ မြန်မာကုမ္ပဏီ | ၂၀ | ၁,၈၅၀,၀၀၀.၀၀ |
| ၃၁၄ | 10002.32.7.2.16 | Pan Theingi Trading Co,.Ltd(ပန်းသိင်္ဂီ) | ၈ | ၇၄၀,၀၀၀.၀၀ |
| ၃၁၅ | 10002.32.7.2.28 | မိုးအံ့ကျောက်မျက်ကုမ္ပဏီ | ၁၂ | ၄၈၀,၀၀၀.၀၀ |
| ၃၁၆ | 10002.32.8.2.31 | Sandisolar Renewable Energy Development International Co.,ltd | ၉ | ၉၇၈,၄၀၀.၀၀ |
| ၃၁၇ | 10006.37.1.2.101 | သစ်တောဖက်စပ် | ၁၆ | ၁,၃၂၄,၈၀၀.၀၀ |
| ၃၁၈ | 10006.37.3.2.100 | PTA လျှပ်စစ်ပစ္စည်းအရောင်းဆိုင် | ၅ | ၁၀၀,၀၀၀.၀၀ |
| ၃၁၉ | 10006.37.8.2.18 | မြတ် ကော်ခုတ်စက်လုပ်ငန်း | ၅ | ၁၄၀,၀၀၀.၀၀ |
| ၃၂၀ | 11001.31.1.2.259 | ဦးထွန်းမြင့်(သစ်စက်) | ၂ | ၄၀,၀၀၀.၀၀ |
| ၃၂၁ | 11001.31.1.2.298 | Play Boy TV(ရောင်းဝယ်ရေး) | ၂ | ၄၀,၀၀၀.၀၀ |
| ၃၂၂ | 11001.31.1.2.300 | ရွှေမြင့်မိုရ်(သံရည်ကြို) | ၂ | ၄၀,၀၀၀.၀၀ |
| ၃၂၃ | 11001.31.1.2.301 | ရွှေသမင် (ဖယောင်းတိုင်) | ၉ | ၁၈၀,၀၀၀.၀၀ |
| ၃၂၄ | 11001.31.3.2.10 | Sunshine Hotel | ၂၀ | ၁,၁၇၈,၄၀၀.၀၀ |
| ၃၂၅ | 11001.31.4.2.2 | Nippon Concrete co,ltd | ၁၃၅ | ၁၀,၂၄၂,၀၀၀.၀၀ |
| ၃၂၆ | 11001.31.4.2.15 | SKY အိမ်ဆောက်လုပ်ငန်း | ၅ | ၁၀၀,၀၀၀.၀၀ |
| ၃၂၇ | 11001.31.4.2.21 | SUMMIT GOLD Co;ltd | ၉ | ၃၈၈,၈၀၀.၀၀ |
| ၃၂၈ | 11001.31.5.2.15 | Feel Guset House | ၃ | ၁၂၀,၀၀၀.၀၀ |
| ၃၂၉ | 11001.31.5.2.31 | United Point Group Co,ltd | ၉ | ၆၇၀,၄၀၀.၀၀ |

*ဆက်လက်ဖော်ပြပါမည်*

## မကွေးတိုင်းဒေသကြီး
## ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ)
## ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးပရိဘောဂများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (မကွေးတိုင်းဒေသကြီး)၊ ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

- Non-Control Item (၁၀)မျိုး
- Machinery Equipment (၇)မျိုး
- Office Equipment (၆)မျိုး
- Furniture (၂၀)မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို ကြော်ငြာချက်ပါသည့်ရက်မှ စတင်၍ ရောင်းချပေးမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၁-၁-၂၀၂၁ ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၈၉၄၂၁၅၅၃နှင့် admin@ucspkku:edu.mm တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)**
**မကွေးတိုင်းဒေသကြီး**

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊၁၂ဖလမ်း၊ အမှတ်(၉)ပထမထပ်တွင် တည်ရှိသော PERFECT BEAUTY CO.,LTD. (ကုမ္ပဏီမှတ်ပုံတင်အမှတ်- ၁၂၈၁၈၆၇၉၄) သည် အောက်ဖော်ပြပါ Perfect Beauty အမည်ဖြင့် ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေခြင်းဖြစ်သောကြောင့် အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

PERFECT BEAUTY CO.,LTD. မှ အထက်ဖော်ပြပါ Perfect Beauty အမှတ်တံဆိပ်ဖြင့် Lip Stick, Body Lotion, Shampoo & Conditioner စသော Cosmetics နှင့် Facial Foam, Toner, Serum အစရှိသော Skin Care အမျိုးမျိုး၊ အလှအပနှင့် ကျန်းမာရေးဖြည့်စွက်စာအမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် လက်လီ/လက်ကား ဖြန့်ဖြန့်ဖြူးရောင်းချလျက်ရှိရာ လူအများအထူးနှစ်ခြိုက်စွာ အားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ PERFECT BEAUTY CO.,LTD. မှ ထုတ်လုပ်သော ပူးတွဲဖော်ပြပါ Perfect Beauty ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ရှေ့နောက်စကားလုံး တိုး/လျှော့၍ဖြစ်စေ၊ Internet Website များတွင်ဖြစ်စေ တုပ၍ ထင်ယောင်ထင်မှားဆင်တူယိုးမှားပြုလုပ်၍ ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ဆင်တူယိုးမှားဖြန့်ဖြူးရောင်းချခြင်းကို တွေ့ရှိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့် အညီ ထိရောက်စွာ အရေးယူမည့်အပြင် နစ်နာကြေးနှင့်လျော်ကြေးငွေများကိုပါ သတ်မှတ်တရားစွဲဆိုတောင်းခံရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်ရီရီသန့် [ " အလင်္ကာ " Law Firm ]**
**LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## မတည်ငွေရင်း လျှော့ချမည်ဖြစ်ကြောင်း ကြေညာခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ ၁၁၆ (င)၊ ပုဒ်မခွဲ (၂)အရ SURF-WIND MARI-TIME CONSORTIUM LIMITED. ၏ မတည်ငွေရင်း လျှော့ချ ခြင်းနှင့် သက်ဆိုင်သောစာရွက်စာတမ်းများကို မှတ်ပုံတင်အရာရှိထံ တင်ပြခြင်းနှင့် မတည်ငွေရင်း လျှော့ချခြင်းအား အတည်ပြုမည့် အစည်းအဝေးခေါ်ယူကျင်းပရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**DAW AYE AYE SAN (MANAGING DIRECTOR)**
**"SURF-WIND MARITIME CONSORTIUM LIMITED"**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က) ရပ်ကွက်၊ သမာဓိ ၁လမ်း၊ အမှတ် ၁/က၊ ဒုတိယထပ်(၃-လွှာ) (၁၁.၅x ၄၅)ပေရှိ တိုက်ခန်းအားလက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မိုးသက် ၁၂/ ကမန(နိုင်) ၀၆၀၇၈၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်နိုင် ၅/ ကနန(နိုင်)၀၂၂၉၄၃ က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်ဒေသကို စရန် ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို တရားဝင်ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသိန်းထူး B.A, H.G.P**
**အထက်တန်းရှေ့နေ(စဉ်- ၁၃၅၄၉)**
**အမှတ် ၈၁၊ ရတနာမဉ္ဇူလမ်း၊ ဆ/က ရပ်ကွက်သင်္ဃန်းကျွန်းမြို့နယ်၊**
**ဖုန်း- ၀၉- ၇၉၉၂၁၆၅၁၉၊ ၀၉- ၇၃၀၁၉၁၀၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၅)ရပ်ကွက်၊ အကွက်အမှတ် (၇၀)၊ ပန်းတင်ကုန်းရပ်ကွက်၊ ဦးပိုင်အမှတ် (၅၃/ခ)၊ မြေဧရိယာ ၀ဒသမ၀၁၆ဧကနှင့် ဦးပိုင်အမှတ် (၅၃/ဃ)၊ မြေဧရိယာ ၀ဒသမ၀၃၂ဧကရှိ မြို့မြေ (B)သည် ဦးသန့်ဇင်ဌေး အမည်ဖြင့် အမည်ပေါက် ထွက်ရှိနေရာမှ ပုသိမ်မြို့၊ အမှတ် (၆)ရပ်ကွက်၊ ကမ်းနားလမ်း၊ အိမ်အမှတ် (၁၆)နေ ဦးလင်းဗိုလ် ၁၄/ ပသန(နိုင်)၀၄၂၈၃၀မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ စ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး**
**ပုသိမ်မြို့နယ်၊ ပုသိမ်မြို့**

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
## ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)
## ရုံးသုံးပရိဘောဂများ၊ ရုံးသုံးစက်ကိရိယာများနှင့် အခြားရုံးသုံး ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့် တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)တွင် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ (မြန်မာကျပ်ငွေ)ဖြင့် အောက်ဖော်ပြပါ ပစ္စည်းများကို ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(1) Machinery & & Equipment (၇)မျိုး
(2) Office Equipment (၄)မျိုး
(3) Furniture (၉)မျိုး

၂။ အိတ်ဖွင့် တင်ဒါပုံစံများကို ၁၁-၁၂-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)၊ငွေစာရင်းဌာနတွင်စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၁၁-၁-၂၀၂၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)၊ ငွေစာရင်းဌာနဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၉-၂၅၁၁၂၄၈၉၃ နှင့် Email; financeoffice @ ucspathein.edu.mm သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)**

## သတိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေပိုပိုချစ် ၁၂/တကန(နိုင်) ၁၄၂၈၁၄ သည် လူမှုကွန်ရက်စာမျက်နှာ Facebook တွင် Poe Eain Shinn (May Po) Account နှင့် Poe Eain Shinn Fashions Shop Online Page တို့ဖြင့် အလှကုန်ပစ္စည်းများ လက်လီ/လက်ကားရောင်းချရာတွင် ၎င်း၏ဓာတ်ပုံအမှန် အသုံးပြု၍ ကောင်းသတင်းနှင့် ရောင်းချလျက်ရှိသော Account အစစ်အမှန်ဖြစ်ပါသည်။ ယခုအခါတွင် အချို့သော လူမှုကွန်ရက်အသုံးပြုသူများမှ ကျွန်ုပ်မိတ်ဆွေ၏ Poe Eain Shinn (May Po) Account နှင့် Poe Eain Shinn Fashions Shop Online Page တို့တွင် အသုံးပြုနေသည့် ရုပ်ပုံ၊ စာသားများအား ခွင့်ပြုချက်မရှိဘဲရယူ၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းအသုံးပြုပြီး လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ မမှန်မကန်သတင်းများဖြန့်ဝေရေးသားသည့် Post များတင်ခြင်း၊ ထို Post များတွင် ဝင်ရောက်၍ Reacted များအမျိုးမျိုးပေးခြင်း၊ ပျက်ရယ်ပြုသော Account အတုဟုသော မှတ်ချက် (Comment)များ ရေးသားခြင်း၊ မျှဝေ (Share) ခြင်း၊ Messenger တွင် စာများပေးပို့ခြင်းတို့ ပြုလုပ်နေသည်များ တွေ့ရှိရပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ နောက်နောင် ဆက်လက်ပြုလုပ်ခြင်းမပြုပါရန် တားမြစ်ပါကြောင်းနှင့် အဆိုပါ သတိပေးတားမြစ်ခြင်းအား လိုက်နာခြင်းမရှိဘဲ ဆက်လက်လုပ်ဆောင်နေသည်ကို တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာတရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဂရေစီအေးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၈၇/၁၇)**
**အိမ်-အမှတ် (၃၆၇)၊ သုတ (၈)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ရုံး-အမှတ် (၄၃၈/က)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်တရားရုံးအနီး**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်၊ အကွက်အမှတ် (၄၁၅/N2)တွင် တည်ရှိသော ဦးပိုင်အမှတ် (၁၄၅) အတွင်းမှ အကျယ်အဝန်း (၁၅ပေxပေ၄၀)ရှိသော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ၊ မီး၊ အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုသူ ဒေါ်အေးအေးခိုင် ၉/မနမ(နိုင်)၁၂၀၀၇၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ဝင့်ဝါဦး (အထက်တန်းရှေ့နေ) (စဉ်-၅၃၅၅၆)**
**LL.B, D.B.S, Diploma in English (MUFL)**
**DL (101); IP Law (Geneva, Switzerland)**
**လမ်း ၈၀၊ ၁၀x၁၁လမ်းကြား၊ အမရဌာနီအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၆၈၂၂၂၁၃၃၊ ၀၉-၂၀၃၁၆၈၃၊ ၀၉-၇၇၂၀၃၁၆၈၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ ပုလဲငွေရောင် ၃လမ်း၊ မြေကွက်အမှတ်(၄၆၇/က)၊ မြေပေအကျယ် ပေ(၂၀X၆၀)၊ ဧရိယာစတုရန်းပေ ၁၂၀၀ ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု (မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဒေါ်ဖရီဒါဘီ (MTNT-၀၀၃၅၉၄)ဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး ၎င်းထံမှအရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးအောင်မင်း ၁၂/ကမတ(နိုင်)၀၂၄၁၂ မှ ယင်းအိမ်ခြံမြေကွက်နှင့် ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**

**ဒေါ်ရီရီသန့် [ " အလင်္ကာ " Law Firm ]**
**LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ သီရိမာလာလမ်း၊ အမှတ် (၁၈)နေ ဦးတင်မျိုး(ဘ)မာမက် ဟူစိန် ၁၂/ဒဂတ(နိုင်)၀၁၇၅၉၇သည် မိမိပိုင်ဆိုင်သော မြေကွက်များနှင့် ပတ်သက်၍ ဌာနဆိုင်ရာအသီးသီးတို့တွင် မိမိ၏ကိုယ်စားလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ဦးတင်ထွန်း(ဘ)ဦးဂနီ ၁၂/ပဘတ(နိုင်)၀၁၈၉၉၈အား ၁၅-၅-၂၀၂၀ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်စာချုပ်အမှတ်-၅၅၈၉/၂၀၂၀ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးထားသူ ဦးတင်မျိုးမှ မိမိ၏မြေယာကိစ္စများနှင့်ပတ်သက်၍ မိမိကိုယ်တိုင် ဆောင်ရွက်မည်ဖြစ်သောကြောင့် ဦးတင်ထွန်းအား လွှဲအပ်ပေးထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဒေါ်ရီရီသန့် (အလင်္ကာ Law Firm)** |
| **ဦးတင်မျိုး** | **LL.B, D.B.L, D.M.L, D.I.L,** |
| ၁၂/ဒဂတ(နိုင်)၀၁၇၅၉၇ | တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉) |
| | အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ (၄)လမ်း၊(၇)ရပ်ကွက်၊ |
| | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ |
| | ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇ |

မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့(၅၇)ကြိမ်မြောက်မှ (၇၆)ကြိမ်မြောက်အထိ၊ အပင်-နှစ်သောင်းပြည့် အနုမောဒနာရေစက်ချလှူဒါန်းပွဲကို ၉-၁၂-၂၀၂၀ရက်တွင် မဟာစည်သြဝါဒါစရိယဆရာတော်ကြီး၊ မြစ်သား ဆရာတော်ကြီးနှင့် နာယကဆရာတော် ရှိမ်းမကားဆရာတော်တို့ထံမှောက်တွင် အလှူရှင်များအားလုံးကိုယ်စား ဟိတေသီအဖွဲ့က ရေစက်ချဆက်ကပ်လှူဒါန်းပြီးကြောင်းနှင့် အလှူရှင်များအားလုံး ဝမ်းသာပီတိဖြစ်ပြီး သာဓုအနုမောဒနာခေါ်ဆိုနိုင်ကြပါရန် ကြေညာအပ်ပါသည်။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ဘေးရောဂါကြောင့် အလှူရှင်များအားလုံးအား ဖိတ်ကြားခြင်းမပြုနိုင်သည်ကို ခွင့်ပြုပါရန်လည်း တောင်းပန်အပ်ပါသည်။ အလှူရှင်များ၏အမည်စာရင်းကို ဟိတေသီအဖွဲ့ရုံးခန်းတွင် ကြွရောက်ကြည့်ရှုနိုင်ပါသည်။

**ဟိတေသီအဖွဲ့**
**မဟာစည်သာသနာ့ရိပ်သာ**

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ရဲစုအုပ်စု၊ ညောင်ခြောက်ပင်ရပ်၊ ဦးပိုင်အမှတ် ၄ ဝိုင်းမြေ၏ အရှေ့ဘက်ခြမ်းအရှေ့၊ အနောက် (၁၅)ပေ၊ တောင်၊ မြောက် ဝိုင်းမြေအဆုံး အစိတ်အပိုင်း ပိုင်ဆိုင်သူ ဒေါ်သူဇာကြွယ်မှ ၎င်းမြေပေါ်တွင် အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်သူဇာကြွယ် ၉/တတဥ(နိုင်)၀၀၄၇၂၅**
**ဖုန်း- ၀၉- ၄၀၂၇၀၇၈၅၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊မင်းရပ်ကွက်နေ ကျွန်ုပ်၏မိတ်ဆွေက ဒေါ်အေးခိုင်ခိုင်စိုး ၉/စကတ(နိုင်) ၀၀၀၉၆၀ ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီမံ၊ မြေကွက်အမှတ် ၁/၁၁၇ ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ထုတ်ပေးသော ဦးမောင်မောင်သွင် ၁၂/ဗဟန(နိုင်)၀၅၄၂၇၆ အမည်ပေါက် ဂရန်မြေကွက် (၁၀၀'x၂၀')အနက်မှ လမ်းဝဘက် အလယ်( ၆၀x ၉၀)ပေအား ဦးထက်နိုင် ၁၄/ ဟသတ(နိုင်)၃၂၃၄၀၀ နှင့် ဒေါ်ဝေသော်တာ ၁၂/အစန(နိုင်)၂၀၅၀၆၇တို့မှ ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ပြီး တရားဝင်စီမံပိုင်ခွင့်ရှိကြောင်းထုတ်ဖော်၍ ရောင်းချရန်ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးခိုင်ခိုင်စိုး ၉/စကတ(နိုင်)၀၀၀၉၆၀မှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ဝယ်ယူရန်သဘောတူ၍ ၈-၁၂-၂၀၂၀ရက်တွင် ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပါသည်။ ယင်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်အေးခိုင်ခိုင်စိုး** | **ဒေါ်ခိုင်ဇာမောင်( LL.B, D.B.L)** |
| **၉/စကတ(နိုင်) ၀၀၀၉၆၀** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၃၃)** |
| | **အမှတ်(၁၈၆)၊ ချယ်ရီလမ်း၊** |
| | **ဉာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး** |
| | **ဖုန်း-၀၉-၄၄၈၀၀၃၁၆၀** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ပြည်သူ့ကွက်သစ် (၂)လမ်း၊ အမှတ် (၁၀)၊ မြေညီထပ်(အေ)ရှိ ဦးမြင့်အောင် ၁၂/အစန(နိုင်)၀၇၉၅၁၀၊ ဦးတင်နိုင်ဝင်း ၁၄/ပသရ(နိုင်)၁၁၇၂၀၉ (တော်ဝင်အောင်မြန်မာဆောက်လုပ်ရေး) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ ရတနာသိခ်လမ်း၊ အမှတ် (၃၂)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈/ဘီ)၊ မြေကွက်အမှတ် (၆၆)အနက်မှ အမှတ် (၁၁၇)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် နှစ်ခန်းတွဲခြောက်ထပ်တိုက် ဆောက်လုပ်ရန်အတွက် မြေရှင် ဦးဖေခင်နှင့် ကန်ထရိုက်တာ ဦးထွန်းလင်းတို့ ၂၉-၃-၂၀၁၉ရက်စွဲပါ စာချုပ်ကိုချုပ်ဆိုခဲ့ကြပြီး ထိုချုပ်ဆိုခဲ့သော စာချုပ်အား ၈-၁၂-၂၀၂၀ရက်တွင် မြေရှင် ဦးဖေခင်နှင့် ကန်ထရိုက်တာ ဦးထွန်းလင်းတို့၏ နှစ်ဖက်သဘောတူပယ်ဖျက်ခဲ့ပြီးဖြစ်ပါသည်။

ထိုသို့ ၂၉-၃-၂၀၁၉ရက်စွဲပါစာချုပ်အား ပယ်ဖျက်ခဲ့ပြီးဖြစ်၍ အဆိုပါမြေကွက်ပေါ်တွင် နှစ်ခန်းတွဲ ခြောက်ထပ်တိုက်ဆောက်လုပ်ရန်အတွက် မြေရှင် ဦးဖေခင်နှင့် ဦးမြင့်အောင်၊ ဦးတင်နိုင်ဝင်း (တော်ဝင်အောင်မြန်မာဆောက်လုပ်ရေး)တို့သည် ၈-၁၂- ၂၀၂၀ရက်စွဲပါ စာချုပ်ချုပ်ဆို၍ ကန်ထရိုက်တိုက်ဆောက်လုပ်ရန်အတွက် မြေရှင်ထံသို့ စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

ထိုနှစ်ခန်းတွဲ ခြောက်ထပ်တိုက်ဆောက်လုပ်ခြင်းအား မြေပိုင်ဆိုင်မှုနှင့်သော်လည်းကောင်း၊ ယခင်ကန်ထရိုက်တာ ဦးထွန်းလင်းထံမှ အခန်းကြိုပွိုင့်ဝယ်ယူထားသူများ ရှိပါကလည်းကောင်း ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့် တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စန်းချိုဦး (တရားလွှတ်တော်ရှေ့နေ) (စဉ်-၇၉၇၀)**
**အမှတ် (၄၆၄)၊ အင်းစိန်လမ်းမကြီး၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၂၉၉၄၉၈၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၁/ရတနာ)၊ မြေကွက်အမှတ် (၂၆)၊ အကျယ်အဝန်း (၁၀၃x ၁၀၀)ပေရှိ နှစ်(၆၀)မြေငှားဂရန် မြေအမျိုးအစား မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဂရန်အမည်ပေါက် ပိုင်ဆိုင်ပြီး လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဗိုလ်မှူးချုပ် ညွန့်တင် ၁၂/မဂဒ(နိုင်)၀၁၁၇၂၈ထံမှ ကျွန်မတို့၏မိတ်ဆွေကဝယ်ယူရန် သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ကျွန်မတို့ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းများဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်ခိုင်ငြိမ်းဆွေ(LL.B)** | **ဒေါ်မေဝင်းမော်(LL.B)** | **ဒေါ်တင်မျိုးအေး(LL.B,LL.M)** |
| စဉ်-၁၁၄၄၅/၂၀၁၆ | စဉ်-၁၃၇၂၈/၂၀၁၇ | စဉ်-၄၈၆၁၆ |
| | တရားလွှတ်တော်ရှေ့နေများ | အထက်တန်းရှေ့နေ |

**အမှတ် (၄၀၅)၊ ၆လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉- ၄၂၀၀၂၉၃၇၃၊ ၀၉- ၆၇၄၀၀၀၁၁၉၊ ၀၉- ၄၄၈၀၂၀၀၄၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သိန်းဇော် ၁၂/သကတ(နိုင်)၁၅၂၆၄၆၏ သင်္ဘောသား SID ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၆၅၁၁၈၉၀**

## အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊(င)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ အမှတ် ၁၀၄၃ နေ ဦးကျော်မိုး ၁၂/မရက (နိုင်)၀၀၇၁၆၃ ၏သား အထက(၂) X Fတွင် ပညာသင်ကြားနေသော ဝိုင်းချစ်အောင် ၏ အမည်မှန်မှာ မောင်အောင်ကျော်ခန့် ဖြစ်ပါကြောင်း။ **မောင်အောင်ကျော်ခန့်**

## အမည်မှန်

ဖျာပုံမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ ရေခဲဒိုင်လမ်းနေ ဦးဝင်းနိုင်၏သား အမက(၇) တောင်ပိုင်းကျောင်း ဒုတိယတန်းမှ မောင်ဟန်မင်းထွဋ်၏ အမည်မှန်မှာ မောင်စစ်ရန်နိုင် ဖြစ်ပါကြောင်း။

**မောင်စစ်ရန်နိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ အမှတ် (၁၁)ရပ်ကွက်၊ တဲကြီးကုန်းလမ်းနေ ဒေါ်မြတ်မင်းသူက အမှတ် (၁၁) ရပ်ကွက်၊ အကွက်အမှတ် (၅၀)၊ သစ်ညိုကုန်း၊ ဦးပိုင်အမှတ် (၂၂-ဃ/၈)၊ ဧရိယာ ၀ဒသမ၂၀ ဧကရှိမြေကို ဒေါ်မြတ်မင်းသူ အမည်ဖြင့် မြေငှားဂရန် (အသစ်) ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၉၅)၊ ဦးပိုင်အမှတ်(၁-ဃ)၊ (၃၆X ၃၇)လမ်း၊ (၈၉ X ၉၀)လမ်းကြားရှိ ဒေါ်ခင်စု အမည်ပေါက်ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဒေါ်ခင်စု (ခ) ချင်စုကော်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၄၁၉/၂၀၁၂)ဖြင့် ဝယ်ယူခဲ့သူ ဦးတင်ထွန်းအောင် ၅/ရဘန(နိုင်)၁၃၂၁၀၇၊ ဒေါ်ဇာနည်ဝေအေး ၅/ ရဘန(နိုင်)၁၀၅၉၃၃ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၂၇/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်သိန်းဇော် ၉/နထက(နိုင်) ၁၄၁၇၈၂ က အမှုတွဲအမှတ် ၄၄၆၄/၂၀၁၉-၂၀၂၀ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

## ကြော်ငြာစာ

